www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ကန္တာရမုန်တိုင်း သွေးစက်ဝိုင်း



ပထမပိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# ကန္တာရမှုန်တိုင်းသွေးစက်ဝိုင်း

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

တောပန်းရနံ့တို့က သင်းပျံ့နေသည်။

ဝန်းကျင်တစ်ခွင် စိမ်းစိုညို့မှိုင်းလျက် ရှိ၏။

လိုင်ယုဝန်သည် တောအုပ်လေးထဲတွင် သီချင်းလေး တအေးအေးနှင့် လျှောက်လှမ်းသွားနေသည်။

ဓားသုံးလက်ဂေဟာရှင်ကြီး၏ တစ်ဦးတည်းသောသမီးလေးဖြစ်သူ လိုင်ယုဝန်သည် အသက် ၁၆ နှစ်ကျော်ကျော်အရွယ် လှပတင့်တယ်သော မိန်းမချောလေးတစ်ယောက် ဖြစ်သည်။

အရပ်အတန်ငယ်မြင့်သည်။ ကိုယ်နေဟန်ထား ကျစ်လျစ်ပြည့်ဖြိုးသော်လည်း အရပ်မြင့်သောကြောင့် ရုတ်တရက်ကြည့်လျှင် ဝိန်သွယ်သည်ဟု ထင်ရသည်။

အသားအရေက အဝါရောင်သန်းသည်။ မျက်လုံးများကြည်ကာ အရည်လဲ့နေသည်။ မျက်နှာဝိုင်း၍ မေးစေ့လုံးသည်။ နှုတ်ခမ်းဖူးဖူးလေးများက ပွင့်ဖူးစ နှင်းဆီငုံလို ပန်းနုရောင်သန်း၍နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြိုးရယ်လိုက်လျှင် ပါးပြင်ညိုညို နှစ်ဖက်တွင် ပါးချိုင့်လေးများ လှပစွာ ခွက်သွားတတ်သေးသည်။ ရဲတင်းဖျတ်လတ်ကာ သွက်သွက်လက်လက် လှုပ်ရှားပြုမူတတ်သည်။

ဓားသုံးလက်ဂေဟာ၏ 'လျှပ်ပြက်ဓားမြန်သိုင်းနှင့် လိပ်ပြာပျံ ကိုယ်ဖော့ပညာ' တို့သည် သိုင်းလောကတွင် နာမည်ကြီးသည်။ ယခု လိုင်ယုဝန်သည် ပေါ့ပါးဖျတ်လတ်စွာ တောရိုင်းပန်းပင် ချုံနွယ်များအကြားတွင် ခုန်ပေါက်သွားလာ လှုပ်ရှားနေရာ ကိုယ်ဖော့ပညာမသုံးသည့်တိုင် ကိုယ်ဖော့လှုပ်ရှားဟန်များ ရှိနေရာ လိပ်ပြာလေးတစ်ကောင် ဟိုသည် လူးလာပျံသန်းသည့် ဟန်ပန်အသွင်လေး ဖြစ်နေပေတော့သည်။

လိုင်ယုဝန် ရောက်နေသော တောတန်းလေးသည် ဓားသုံးလက်ဂေဟာမှ ငါးမိုင်ကျော်ကျော်လောက် ဝေးသည်။ လျှပ်တစ်ပြက် ဓားမြန်သိုင်း၏ အဆင့်မြင့်ဓားကွက် (၁၂) ကွက်တွင် (၆) ကွက်ကို ပိုင်နိုင်စွာ လေ့ကျင့်နိုင်ခဲ့သည့်အတွက် လိုင်ယုဝန်သည် စိတ်လက်ပေါ့ပါး ကြည်လင်မြူးထူးစွာ ဤတောတန်းလေးသို့ ရောက်လာခြင်း ဖြစ်သည်။

စိတ်လက်ပေါ့ပါး ရွှင်မြူးသည့်အခါတိုင်း သည်တောလေးသို့ လာရောက်တတ်သည်။



ထိုသို့ လာရောက်သည့်အခါတိုင်း ဟန်ချက်တင် အဖော်ပါလာမြဲ။

ဟန်ချက်တင်သည် 'မိုးမြေဓား စံအိမ်တော်' သခင်ကြီး ဟန်စွမ်းဟို၏ သားအငယ်ဆုံးဖြစ်သည်။

ဓားသုံးလက်ဂေဟာနှင့် မိုးမြေဓားစံအိမ်တော်တို့သည် အိမ်နီးနားချင်းများ ဖြစ်ကြသည်။ လူကြီးများ ခင်မင်ကြသလို လူငယ်များလည်း ရင်းနှီးကြသည်။

ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ကတော့ အသက်ချင်းကလည်း မတိမ်းမယိမ်း၊ စာပေနှင့်ဂီတပညာ အတူတူသင်ဖက် ငယ်သူငယ်ချင်းတွေဖြစ်ကာ အထူးပင် ရင်းနှီးကြ၏။

အကယ်၍ ဟန်ချက်တင်သာ စိတ်လိုက်မာန်ပါနှင့် မဆင်မခြင် ထင်ရာလုပ်တတ်သည့် စရိုက်မရှိလျှင် သူတို့နှစ်ယောက်ကို နှစ်ဖက်သောလူကြီးမိဘများက ငယ်စဉ်ကပင် စေ့စပ်ကြောင်းလမ်းပေးကြမှာ သေချာသည်။

ဟန်ချက်တင်သည် လူဆိုးလူမိုက်လေး မဟုတ်သော်လည်း စရိုက်အနည်းငယ် ကြမ်းသည်။ သိမ်သိမ်မွေ့မွေ့ မရှိ၊ ရည်ရည်မွန်မွန် မနေထိုင်တတ်။ ယဉ်ကျေးဖွယ်ရာ စကားမဆိုတတ်။

ဟောဟောဒိုင်းဒိုင်းပြောဆိုကာ တစ်ဖွတ်ထိုး လုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ထင်ရာစိုင်းတတ်သည်။ ထို့ကြောင့် ဓားသုံးလက်ဂေဟာနှင့် မိုးမြေခြား စံအိမ်တော်တို့မှ လူကြီးမိဘများသည် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ကို လက်ထပ်ပေးလိုသည့်ဆန္ဒရှိကြသော်လည်း အကောင်အထည် မပေါ်နိုင်ကြဘဲ စဉ်းစားချင့်ချိန်နေကြရလေသည်။

ဟန်ချက်တင်က လိုင်ယုဝန်ကို ချစ်သည်။ ချစ်တာမှ စွဲစွဲလမ်းလမ်း ရူးရူးမူးမူးကို ဖြစ်သည်။ လိုင်ယုဝန်ကတော့ ဟန်ချက်တင်ကို ခင်မင်ရင်းနှီးသော ယယ်သူငယ်ချင်းတစ်ယောက်လိုသာ သဘောထားသည်။

✸



တောတန်းလေးအတွင်းဘက်ပိုင်း တစ်နေရာသို့ အရောက်တွင် အသက်နှစ်ဆယ်ကျော်အရွယ် ယောကျ်ားပျို သုံးယောက်နှင့် ဆုံမိသည်။

ထိုယောကျ်ားပျိုသုံးယောက်ကို လိုင်ယုဝန် တစ်ခါမျှ မြင်ဖူးတွေ့ဖူးခြင်းမရှိပါ။ သို့ရာတွင် သူတို့ ဝတ်ဆင်ထားကြသော သိုင်းဝတ်စုံများအရတော့ နှင်းတောင်ဝံပုလွေဂိုဏ်းမှ ဂိုဏ်းဝင်များ ဖြစ်ကြောင်း သိသည်။

နှင်းတောင်ဝံပုလွေဂိုဏ်းသည် ဓားသုံးလက်ဂေဟာတည်ရှိရာ မန်စီးဒေသနှင့် နယ်ခြေချင်းစပ်နေသော မန်ပင်းဒေသ၏ အင်အားကောင်းသော သိုင်းဂိုဏ်းတစ်ခု ဖြစ်သည်။

မန်ပင်းဒေသတွင် တောင်စွယ်တောင်ကုန်းများရှိသော်လည်း နှင်းတောင်တော့မရှိပေ။ ဆောင်းရာသီများတွင်ပင် နှင်းကျလေ့မရှိ။ ထိုဂိုဏ်းက နှင်းတောင် ဝံပုလွေဂိုဏ်း၏ အမည်ခံယူထားသည်မှာ ဂိုဏ်းတည်ရှိရာနေရာဒေသ အခြေအနေနှင့် မအပ်စပ်သလိုရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းတောင်ဝံပုလွေဂိုဏ်း၏ အနေအထားကလည်း ထူးခြားသည်။ လူအင်အားအတော်ပင် တောင့်တင်းသော်လည်း သိုင်းလောက၏ အရေးကိစ္စများတွင် ပါဝင်ပတ်သက်မှု သိပ်မပြု။

အခြားသိုင်းဂိုဏ်းများနှင့် ရင်းရင်းနှီးနှီး မရှိလှ။ မိတ်ဆွေဖွဲ့ခြင်းမျိုးပင် မပြုဘဲ သီးသီးသန့်သန့်လိုနေသည်။

ထို့ကြောင့် မန်စီး ဒေသနှင့် မန်ပင်းဒေသဝန်းကျင်ရှိ သိုင်းအဖွဲ့အစည်းများသည် နှင်းတောင် ဝံပုလွေဂိုဏ်းကို သိရုံမျှလောက်သာ ရှိကြသည်။

မျက်နှာချင်းဆိုင်လို ဆုံမိသောကြောင့် လိုင်ယုဝန်က ယောကျ်ားပျိုသုံးယောက်ကို အကဲခတ်သလို တစ်ချက်မျှ ဖျတ်ခနဲ ကြည့်လိုက်သည်။

တစ်ယောက်က ရုပ်ချောချော၊ တစ်ယောက်က ရုပ်ကြမ်းကြမ်း၊ တစ်ယောက်က ရုပ်ဆိုးဆိုး။

ဓားသုံးလက်ဂေဟာနှင့် နှင်းတောင်ဝံပုလွေဂိုဏ်းတို့သည် အသိအကျွမ်း မိတ်ဆွေလည်းမဟုတ်။ အဆက်အသွယ် အသွားအလာလည်း မရှိသောကြောင့် လိုင်ယုဝန်သည် နှင်းဆောင်ဝံပုလွေဂိုဏ်းသားသုံးယောက်ကို တစ်ချက်သာ အကဲခတ်ကြည့်ပြီးနောက် မိမိလမ်းကို မိမိဆက်သွားသည်။



ယောကျ်ားပျိုတို့နှင့် ဆုံမိသောအခါ လုပ်တတ်သည့် မိန်းကလေးတို့၏ သဘာဝအတိုင်း လိုင်ယုဝန်သည် ထိုသူတို့ကို မသိသလို မမြင်ယောင် အမူအရာမျိုးနှင့် မျက်နှာထား မတည်တတည် ဖြစ်နေသည်။

“အလို … တောထဲတောင်ထဲမှာ မိန်းမချောလေး တစ်ယောက်နဲ့ လာဆုံနေရပါလား။ ဒီမယ် … ခဏနေပါဦး မိန်းကလေးရဲ့”

ရုပ်ချောချော ယောကျ်ားပျိုက ပြောသည်။ စကားလည်းပြော လူကလည်း လှုပ်ရှားကာ လိုင်ယုဝန်ရှေ့တွင် ပိတ်ဆို့ရပ်လောသည်။

“ရှင် လမ်းဖယ်ပေးပါ”

လိုင်ယုဝန်က မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သည်။

“ဘာများ လောနေတာလဲ မိန်းမချောလေးရာ၊ အေးအေးဆေးဆေးပေါ့”

ရုပ်ချောချောယောကျ်ားပျိုက ပြုံတီတီအမူအရာနှင့် ပြောသည်။ လိုင်ယုဝန်လည်း စကားပြောမနေတော့။ လက်ဝါးရိုက်ချက်သုံးချက် ခပ်မြန်မြန်ခပ်သွက်သွက် ရိုက်ထုတ်လိုက်သည်။

‘ဖြောင်း ဖြောင်း ဖြောင်း’

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်၏ ရိုက်ချက်များက မြန်သလို တစ်ဖက်လူက လည်း မနှေးပါ။ လိုင်ယုဝန်ရိုက်ချသော လက်ဝါးရိုက်ချက်သုံးချက် လုံးကို လွတ်အောင် ရှောင်လိုက်သည်။

လက်ဝါးရိုက်ချက်သုံးချက် ရိုက်ထုတ်ပြီးသည်တွင် လိုင်ယုဝန် အတန်ငယ် စိတ်အေးသွားသည်။ လူသူကင်းဝေးရာလို ဖြစ်နေသော တောတန်းလေးထဲတွင် ပြိတ္တာနှင့် ထိကပါးရိကပါး လုပ်ကြမည့်အသွင်ရှိသော ယောကျ်ားပျိုသုံးယောက်နှင့် ရင်ဆိုင်တွေ့ရသည့်အတွက် လိုင်ယုဝန်သည် အနည်းငယ်တော့ စိုးထိတ်နေမိသည်။

ရုပ်ချောချော ယောကျ်ားပျိုသည် လိုင်ယုဝန်၏ လက်ဝါးရိုက်ချက် သုံးချက်လုံးကို လွတ်အောင် ရှောင်လိုက်နိုင်သော်လည်း အတော်ကို ကြိုးစားပမ်းစား ရှောင်လိုက်ရခြင်းဖြစ်ပေသည်။

လိုင်ယုဝန်က ထိုလက်ဝါးရိုက်ချက်များတွင် အတွင်းအားကို ဆယ်ပုံသုံးပုံခန့်သာ ထည့်ထားသည်။ ပြီးနောက် သည်တိုက်ကွက်သည် လိုင်ယုဝန်၏ အစွမ်းအထက်ဆုံးသော သိုင်းဟန်လည်း မဟုတ်ပေ။

နှင်းတောင်ဝံပုလွေဂိုဏ်းနှင့် မိတ်ဆွေမဟုတ်သည့်တိုင် နယ်မြေချင်းစပ်လျက် အိမ်နီးနားချင်းလို ဖြစ်နေသောကြောင့် လက်လွန်ခြေလွန် မဖြစ်ရအောင် လိုင်ယုဝန်က ထိန်း၍ တိုက်ကွက်ဖော်ခဲ့သည်။



တစ်ဖက်လူသုံးယောက်တွင် ခေါင်းဆောင်ဖြစ်သော ရုပ်ချောချော ယောကျ်ားပျို၏ သိုင်းပညာသည် မိမိထက် သုံးလေးဆင့်နိမ့်ကျနေရာ လိုင်ယုဝန်အတွက် စိုးရိမ်စရာမရှိတော့ပါ။

တကယ်တမ်း အသေအကျေ တိုက်ခိုက်ကြလျှင် လိုင်ယုဝန်အနေဖြင့် အနိုင်ရဖို့ များစွာအခွင့်သာပေသည်။

"အို အို ... ရုပ်ချောသလောက် ဒေါသကြီးလှချည်လား မိန်းကလေးရဲ့၊ လက်ဖဝါးနူ့နုကလေးတွေရဲ့ ရိုက်ချက်ကလည်း ပြင်းထန်လိုက်တာ"

ရုပ်ချောချော ယောကျ်ားပျိုသည် အသေအလဲခုခံရှောင်တိမ်းလိုက်ရမှုကို ဖုံးကွယ်လျက် ရယ်ကျဲကျဲလုပ်ကာ ပြောသည်။

"ချစ်စရာကောင်းတဲ့ မိန်းမလှလေးကို ချစ်ပစ်လိုက်ကြရအောင်"

"ဟုတ်တယ် ဟုတ်တယ် ... ငါတော့ စောင့်တောင်မနေချင်တော့ဘူး"

ကျန်ယောကျ်ားပျိုနှစ်ယောက် ဝိုင်း၍ပြောကြသည်။

အသက်ဆယ့်ခြောက်နှစ်ကျော်ကျော် အရွယ်သာရှိသေးသော အပျိုရိုင်းလေး လိုင်ယုဝန်မှာ ယောကျ်ားပျိုသုံးယောက်၏ ခပ်ရင့်ရင့်စကားများကြောင့် မျက်နှာပူသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ထူပူဖိန်းရှိန်းသွားသည်။

ဤအဖြစ်ကိုတွေ့ရသော ယောက်ျားပျို့သုံးယောက်တို့က ရင့်သီးသော စကားများဖြင့် တစ်ယောက်တစ်ခွန်း ပိုင်းပြောကြသည်။ လိုင်ယုဝန်မျက်နှာကြီး နီရဲလာသည်။

ဒေါသလည်းဖြစ် ရှက်လည်းရှက်နှင့် ယောက်ျားပျို သုံးယောက်တို့ကို အတင်းဝင်တိုက်ခိုက်လေတော့သည်။

✸



လိုင်ယုဝန်၏သိုင်းပညာသည် နှင်းတောင်ဝံပုလွေဂိုဏ်းသား သုံးယောက်ထက် ပိုမြင့်သည်။ သုံးယောက်နှင့်တစ်ယောက်ဖြစ်စေကာမူ စိတ်တည်တည်ငြိမ်ငြိမ်နှင့် သိုင်းကွက်သိုင်းဟန် စနစ်ကျန မှန်ကန်စွာ လှုပ်ရှားတိုက်ခိုက်လျှင် လိုင်ယုဝန် ကောင်းကောင်းအသာစီးရနိုင်သည်။ အနိုင်ယူနိုင်သည်။

ယောက်ျားပျို့သုံးယောက်တို့၏ ရင့်ရင့်သီးသီး ပြောဆိုနေကြသည့် စကားရိုင်းများကြောင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်မို့ လိုင်ယုဝန် စိတ်အရမ်းလှုပ်ရှားနေလေသည်။

စိတ်လှုပ်ရှားမှုကြောင့် သိုင်းကွက်သိုင်းဟန်တို့ စည်းစနစ်မကျတော့။ ဒေါသယှဉ်သော တိုက်ကွက်ကြမ်းများ ဖော်ထုတ်မိနေသည်။

တရကြမ်းတိုက်ခိုက်သော တိုက်ကွက်များသည် ပြင်းထန်ကြမ်းတမ်းသော်လည်း စနစ်တကျ မဟုတ်သောကြောင့် သိပ်သည်းကျစ်လျစ်ခြင်း မရှိ၊ လွတ်ကွက်ဟာကွက်တွေလည်း အများကြီး ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်၏ ပျော့ကွက်ကိုသိသော တစ်ဖက်ယောကျ်ားပျို များက ရင့်သီးသောစကားများကို ဖိပြောကာ လိုင်ယုဝန် စိတ်ပို လှုပ်ရှား ဒေါသထွက်အောင် ဖန်တီးကြသည်။

လွတ်ကွက်ဟာကွက်နေရာများမှ ထိုးဖောက်ဝင်ကာ လိုင် ယုဝန်ကို ချုပ်ဖမ်းရန် ကြိုးစားကြသည်။ လိုင်ယုဝန်ကို ချုပ်ဖမ်းနိုင် ခြင်းမရှိသော်လည်း ဖက်ပွေ့ခံရလုလု အခြေအနေမျိုးတော့ မကြာ ခဏ ပေါ်ပေါက်နေသည်။ လိုင်ယုဝန် လှုပ်ရှားမှုမြန်သည့်အတွက် ကြောင့်သာ ဖက်ပွေ့ခံရမည့်ဘေးမှ ကပ်ကွာလွတ်နေသည်။

သည်လို စည်းကမ်းမဲ့သော ပောာ့ရမ်းမှုကြောင့် လိုင်ယုဝန် ပို၍ ဒေါသထွက်လာသည်။ ဒေါသထွက်လေ ဟာကွက်ပေါ်လေ၊ အခြေအနေဆိုးလေဖြစ်သည်။

တစ်ဖက် ယောကျ်ားပျိုများအတွက် အကြိုက်တွေ့ကာ တဟီးဟီးတဟားဟား ရယ်မောလှောင်ပြောင်ရင်း လိုင်ယုဝန်ကို ဝိုင်း ဝန်း တိုက်နေကြသည်။ ပါးစပ်မှလည်း ကောင်းကောင်းသရမ်းကာ ပြောဆိုနေကြသည်။

သည်အတိုင်းသာဆိုပါက လိုင်ယုဝန်အနေဖြင့် ယောကျ်ား ပျို သုံးယောက်တို့၏ လက်ထဲတွင် ကွဲခနဲနေအောင် ကျရောက်သွား ရတော့မှာ သေချာသလို ဖြစ်နေသည်။



"ကျား ... ယား ယား"

မာန်သွင်းဟစ်ကြွေးသံကြီးတစ်ခု ဟိန်း၍ ပေါ်ထွက်လာ၏။ တိုက်ခိုက်နေသည့် ခွင်ထဲသို့ လူတစ်ယောက် မုန်ယိုနေသည့် တော ဆင်ရိုင်းကြီးတစ်ကောင်လို တစ်ရှိန်ထိုး ပြေးဝင်လာသည်။

ပြေးဝင်လာရင်း လက်ဝါးရိုက်ချက်၊ ခြေပျံကန်ချက်၊ လှုပ် ရှားတိုက်ခိုက်မှုများကိုလည်း သွက်လက်အားပြင်းစွာ လုပ်သည်။ ယောကျ်ားပျိုသုံးယောက်တို့ ကောင်းကောင်းကြီး အထိနာကုန်ကြ သည်။

ပြေးဝင်လာသူ၏ ပထမဆုံးလက်ဝါး၏ ရိုက်ချက်ဖြင့် ရုပ် ချောချော ယောကျ်ားပျို တစ်ပတ်လည်ကာ ယိမ်းယိုင်ထွက်သည်။

ရုပ်ဆိုးဆိုးလူလည်း ခြေပျံကန်ချက်ထိကာ လွင့်စဉ်ထွက် သွားသည်။

ရုပ်ကြမ်းကြမ်း ယောကျ်ားပျိုမှာမူ အားပြင်းလှသော လက်ဝါးရိုက်ချက်ဒဏ်ကြောင့် ပက်လက်လန်လဲကျသည်။ ယိမ်းယိုင် ထွက်သွားသော ရုပ်ချောချော ယောကျ်ားပျိုရှိရာသို့ ထိုသူပြေးဝင် သည်။ ဘယ်ညာလက်ဖဝါးစုံ ရိုက်ချက်များ ဆက်တိုက်ရိုက်ထုတ် သည်။

'ဖုန်း ဖုန်း .. ဖုန်း ဖုန်း .. ဖုန်း ဖုန်း'

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစုံရိုက်ချက်သုံးတွဲ ဆယ်တိုက်ရိုက်ချရာ အတွဲသုံးတွဲလုံးပင် ရုပ်ချောချော ယောကျ်ားပျိုကို ဘဖုန်းဖုန်း ထိသည်။ ရုပ်ချောချော ယောကျ်ားပျိုမှာ လေပွေအမွှေ့ခံရသော စာခြောက်ရုပ်လိုမျိုး ဖြစ်နေသည်။

ဘယ်ညာလက်ဝါးစုံရိုက်ချက် အတွဲသုံးတွဲ အထိခံရပြီးနောက် ကြိုးပြတ်သောစွန်လို လွင့်ထွက်သွားသည်။ ထိုသူက ပက်လက်လန် လဲကျသွားရာမှ ကုန်းထလာသော ရုပ်ကြမ်းကြမ်းယောကျ်ားပျိုမှာ ကောင်းကောင်းပင် မတ်တတ်မရပ်နိုင်သေးမီ ခြေကားယား လက်ကားယားနှင့် ပြန်လဲကျသွားသည်။

ထိုသူက လဲကျသွားသော ရုပ်ကြမ်းကြမ်းယောကျ်ားပျို၏ ရင်ဘတ်ကို ညာခြေထောက်ဖြင့် ဆောင့်နင်းမည်အပြုတွင် လိုင်ယုဝန်က အလောတကြီး လှမ်းအော်ဟန့်တားလိုက်သည်။

"ချက်တင် မလုပ်နဲ့ ... ရပ် ရပ် ... ရပ်လိုက်စမ်း"

ပါးစပ်က ပြောရုံသာမဟုတ်၊ အတင်းလည်း ပြေးဆွဲသည်။ မှန်ယိုနေသော တောဆင်ရိုင်းကြီးလို အတင်းတရကြမ်း ဝင်ရောက်တိုက်ခိုက်လာသူမှာ လိုင်ယုဝန်၏သူငယ်ချင်း ဟန်ချက်တင်ပင် ဖြစ်သည်။

လိုင်ယုဝန်၏ ဟန့်တားဆွဲထားမှုကြောင့် ဟန်ချက်တင်



အတိုက်အခိုက်ရပ်သည်။ နှင်းတောင်ပံပုလွေဂိုဏ်းသား ယောကျ်ားပျို (၃) ယောက်မှာတော့ မရှုမလှပင် ခံလိုက်ကြရလေပြီ။ လဲသူလဲ၊ ကွဲသူကွဲ၊ သတိမေ့သူမေ့ ဖြစ်ကုန်ကြသည်။

"နင် ... နင် ဘာကြောင့် ဒီလောက် ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း လုပ်လိုက်ရတာလဲ ချက်တင်၊ ခက်တော့တာပါပဲ"

လိုင်ယုဝန်က ညည်းညူပြောကြားသည်။

"ဒီကောင်ပေွေကာ နင့်ကို ရင့်ရင့်သီးသီးစကားပြောပြီး ဆွဲလွဲဖို့ ကြိုးစားနေကြတာ၊ ငါ အပြတ်တီးပစ်လိုက်တာပေ့ါ"

ဟန်ချက်တင်က အံကြိတ်ကာပြောသည်။ သူ့မျက်နှာသည် ခက်ထန်တင်းမာနေသည်။ လိုင်ယုဝန် ဆွဲထား၍သာ အတိုက်ရပ်ရသည်။ စိတ်ထဲကတော့ ကျေနပ်ပုံမရ။

"သူတို့ ရမ်းကားကြတာ မှန်ပါတယ်၊ ဒါပေမဲ့ နင် ဒီလောက်အထိတော့ မလုပ်သင့်ဘူး၊ သေကုန်, ကျိုးကန်းကုန်ရင် ဘယ့်နှယ်လုပ်မလဲ"

"နင့်ကို ဒီလောက် ပေါ့ပေါ့ရမ်းရမ်း လာလုပ်နေကြတဲ့ကောင်တွေ ကျိုးကန်းသေကုန်လည်း အေးတာပဲ၊ ပေါက် ... လွှင့်စမ်းပါဟာ၊ ကောင်းကောင်းချပစ်လိုက်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင် လိုင်ယုဝန် ဆွဲကိုင်ထိန်းထားရာမှ ရုန်းထွက်သည်။ လိုင်ယုဝန်က လွတ်ထွက်မသွားရအောင် ဆက်ဆွဲထားသည်။

"ဟော့လူတွေ ... မသွားကြသေးဘူးလား၊ မြန်မြန်ထွက်သွားကြပါတော့လား"

ရှူးရှူးရှဲရှဲဖြစ်နေသော ဟန်ချက်တင်ကို ဆွဲထိန်းထားရင်း လိုင်ယုဝန်က နှင်းတောင်ဝံပုလွေဂိုဏ်းသား သုံးယောက်ကို လှမ်းပြောသည်။

ထိုသုံးယောက်မှာ အသီးသီး ဒဏ်ရာရနေကြသော်လည်း မိမိအတွက် အန္တရာယ်အခြေအနေကို နားလည်သောကြောင့် အချင်းချင်း ဖေးမတွဲကာ ဒယီးဒယိုင်နှင့် ကြောက်လန့်တကြား ထွက်ပြေးသွားကြလေတော့သည်။

"လာ ... ငါတို့လည်း ပြန်ကြရအောင်"

လိုင်ယုဝန်က ဒေါသမပြေသေးဘဲ ဖြစ်နေသူ ဟန်ချက်တင်၏ ညာလက်မောင်းကို အသာဆုပ်ကိုင်ကာ ဆွဲခေါ်သည်။ ဟန်ချက်တင်သည် နှင်းတောင်ဝံပုလွေဂိုဏ်းသား သုံးယောက်နောက်သို့ လိုက်ကာ တိုက်ခိုက်ချင်သေးသော်လည်း ဆိုင်ယုဝန် ခေါ်ရာနောက်သို့ အသာပင် လိုက်ပါလာခဲ့သည်။

"နင် ဘာကိစ္စရှိလို့ ဒီတောတန်းလေးထဲကို လာရတာလဲ"



မျက်နှာထား ခပ်သုန်သုန်ဖြင့် အတန်ကြာ လျှောက်လှမ်းလာပြီးနောက် ဟန်ချက်တင်က မေးလိုက်သည်။

"ဘာရယ်လို့ မဟုတ်ပါဘူးဟာ၊ သိုင်းလေ့ကျင့်တာ အတော်လေး အဆင်ပြေအောင်မြင်လို့ စိတ်ပျော်ပျော်ရှိတာနဲ့ ထွက်လာခဲ့တာပါ။ နင့်ကိုတောင် မခေါ်လိုက်မိဘူး"

ဤသို့ပြောရင်း လိုင်ယုဝန်က ဟန်ချက်တင်ကို မျက်လုံးတစ်ချက်ဝင့်ကာကြည့်သည်။ တစ်ယောက်တည်း တောတန်းလေးထဲသို့ ထွက်လာခဲ့မှုအတွက် မကျေမနပ်နှင့် အပြစ်တင်ချင်နေသော ဟန်ချက်တင်မှာ လိုင်ယုဝန်၏ အဆုံးသတ်စကားလေးကြောင့် စိတ်အတော်ပင် ပြေသွားသည်။

အပြစ်တင်စကားပင် မဆိုဖြစ်တော့။ သုန်သုန်မှုန်မှုန် ဖြစ်နေသော မျက်နှာလည်း ပြေလျော့စပြုသည်။

ဟန်ချက်တင်၏မျက်နှာကဲကို အကဲခတ်မိသည့် လိုင်ယုဝန်က တစ်ချက်ပြုံးလိုက်သည်။

"ဘာပြုံးတာလဲ ယုဝန်"

"နင့်မျက်နှာကြီး သုန်သုန်မှုန်မှုန်ဖြစ်နေတာ ပျောက်သွားလို့ ပြုံးတာ"

ဟန်ချက်တင်က မျက်နှာတင်းသလို ပြန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ကရော ဘယ်လိုလုပ်ပြီး ဒီတောတန်းထဲကို ရောက်လာတာလဲ"

လိုင်ယုဝန်က ဆက်၍မေးလိုက်သည်။

"ငါပြောရင် နင်ယုံမလားတော့ မသိဘူး"

"ပြောစမ်းပါ"

"နင် ဒီတောတန်းလေးထဲမှာ ရှိနေတယ်ဆိုတာ ငါ့စိတ်ထဲက အလိုလိုသိနေလို့ လိုက်လာတာ"

လိုင်ယုဝန်က တခစ်ခစ်ရယ်မောလိုက်သည်။ မိမိနောက်သို့ ဟန်ချက်တင် တကောက်ကောက်လိုက်နေတတ်သည်ကို သိထားသည့်အတွက် ယခုလည်း အကြောင်းပြချက်ကောင်းအောင် ပြောသည်ဟုသာ သဘောထားလိုက်လေသည်။

"ကဲ ... သွားမယ်"

တောတန်းလေးထဲမှ ထွက်လာမိကြသောအခါ လိုင်ယုဝန်က နှုတ်ဆက်သည်။

"နင်က ဘယ်ကိုသွားမလို့လဲ"

"အိမ်ပြန်မလို့ပေါ့"

"ငါလည်း အတူတူလိုက်ခဲ့မှာပေါ့"

"ဟာကွာ ... မလိုက်ခဲ့နဲ့"

---



"ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး ... ငါ့ဘာသာငါ အေးအေးဆေးဆေး သွားချင်လို့"

လိုင်ယုဝန် ဆက်လက်လျှောက်လှမ်းသွားသည်။ ဟန်ချက်တင်လည်း လိုင်ယုဝန်နှင့်အတူ ယှဉ်ကာလျှောက်၍ လိုက်လာသည်။ လိုင်ယုဝန်က ဘာမျှမပြော။ ဟန်ချက်တင်ကို ကြည့်လည်းမကြည့်၊ မိမိအနား တစ်ယောက်တည်း လျှောက်သွားသလိုမျိုး လျှောက်လှမ်းနေသည်။

ဟန်ချက်တင်က စကားစကြည့်သေးသည်။ လိုင်ယုဝန်ကတော့ ဘာမျှမပြော။ ဟန်ချက်တင်၏စကားများကို မကြားဟန်ပြုနေသည်။

ကြာတော့ ဟန်ချက်တင်လည်း စကားမပြောဖြစ်တော့။ နှစ်ယောက်သား နှုတ်ဆိတ်စွာ ဆက်လက်လျှောက်လှမ်းလာနေကြသည်။

ဟန်ချက်တင်၏စိတ်ထဲတွင် အတော်လေး ကြိတ်မနိုင် ခဲမရ ဖြစ်နေသည်။ လိုင်ယုဝန်ကတော့ ဟန်ချက်တင်၏အဖြစ်ကို စိတ်ထဲက ရယ်ချင်နေသည်။ မျက်နှာကို မနည်းပင် ကြိုးစားကာ တည်တည် လုပ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားသုံးလက်ဂေဟာရှေ့ ရောက်သောအခါ လိုင်ယုဝန်က ဂေဟာပရဝုဏ်ထဲ ချိုးကွေ့လျှောက်လှမ်းဝင်သည်။ ဟန်ချက်တင်က လိုက်ဝင်မည်ပြုပြီးမှ မလိုက်တော့ဘဲ ရပ်၍ ကျန်နေခဲ့သည်။

ဓားသုံးလက်ဂေဟာ ဝင်းတံခါးတွင် အစောင့်သိုင်းသမားများ ရှိနေကြသည်။ ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့နှစ်ယောက်၏ သည်လိုအဖြစ်သနစ်မျိုးကို မြင်နေကျမို့ သူတို့အဖို့ ဘာမျှ အထူးအဆန်း ဖြစ်မနေတော့ပေ။

✵



လိုင်ယုဝန် ဓားသုံးလက်ဂေဟာထဲသို့ ဝင်ရောက်သွားသည်ကို မျက်စိတစ်ဆုံးလှမ်းကြည့်ပြီးနောက် ဟန်ချက်တင် လျှောက်လှမ်းထွက်လာခဲ့သည်။

သူ့စိတ်ထဲတွင် သိပ်တော့မကြည်လင်။ ခါတိုင်းလို အတူမခေါ်ဘဲ လိုင်ယုဝန်တစ်ယောက်တည်း တောတန်းလေးထဲသို့သွားခဲ့သည်ကို ဘဝင်မကျ။

တောတန်းလေးထဲတွင် နှင်းတောင်ဝံပုလွေဂိုဏ်းသား သုံးယောက်က လိုင်ယုဝန်ကို ဆွဲလားရမ်းလား လုပ်ကြတော့မလို ဖြစ်ခဲ့မှုအတွက် ဒေါသထွက်သည်။

ပြီးတော့ လိုင်ယုဝန်က သူ့ကို ခပ်တန်းတန်း၊ ခပ်တည်တည် ပြောဆို ဆက်ဆံခဲ့မှုကိုလည်း မကျေနပ်။ ဟန်ချက်တင်၏မျက်နှာသည် သုန်သုန်မှုန်မှုန် ဖြစ်နေသည်။ အလိုလိုနေရင်းက ရန်လိုသောအသွင်မျိုး ရှိနေသည်။

အိမ်သို့လည်း မပြန်ချင်။ ခြေဦးတည့်ရာသို့ ထွက်လာခဲ့ရာ မြို့ပြင်ဘက်ဆီသို့ ခြေလှမ်းဦးတည်၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းသံ၊ မြင်းခွာသံများ စီစီညံညံနှင့်အတူ သယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းသုံးစီး ဟန်ချက်တင်၏မျက်နှာချင်းဆိုင်ရာမှ လာနေသည်။

မြင်းလှည်းများဘေးတွင် မြင်းစီးသိုင်းသမား ဆယ်ယောက်ခန့်လည်း ခြံရံပါရှိလာသည်။ ရှေ့ဆုံးမှ မြင်းစီးသမားတစ်ယောက်က 'မြင်းဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့' ဟု စာတန်းရေးထားသော အလံကို ကိုင်ထားသည်။

ဓားနှစ်လက်ဂေဟာနှင့် မိုးမြေဓားစံအိမ်တို့ တည်ရှိရာ စင့်ရှီးမြို့လေးသည် ခရီးလမ်းဆုံ နေရာမဟုတ်သော်လည်း တစ်ခါတစ်ရံတွင် ခရီးလမ်းကြောင်းသင့်သော သယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းအစုများ ဖြတ်သွားဖြတ်လာတတ်သည်။ ခရီးတစ်ထောက်ပင် ရပ်နားတတ်ကြသည်။

စိတ်မကြည်မလင်ဖြစ်နေသော ဟန်ချက်တင်မှာ လမ်းပေါ်တွင် မြင်းလှည်းသုံးစီးပါသော မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့၏ မြင်းလှည်းအုပ်စုကို တွေ့ရသောအခါ စိတ်ရှုပ်သလိုဖြစ်လာသည်။

လမ်းက သိပ်မကျဉ်းလှသော်လည်း မြင်းလှည်းသုံးစီး၊ အခြံအရံ မြင်းစီးသမား ဆယ်ယောက်ခန့်နှင့်ဆိုတော့ လမ်းတွင် ပြည့်သလို ဖြစ်နေသည်။



ဟန်ချက်တင်အနေဖြင့် လွတ်လွတ်လပ်လပ် ရှေ့ဆက်လျှောက်သွားလို့မရ၊ လမ်းဘေးဘက်မှကပ်၍သာ သွားနိုင်သည်၊ ဒါမှမဟုတ် ထိုမြင်းလှည်းအစုမှ ဖြတ်ကျော်သွားသည်အထိ လမ်းဘေးတွင် ဖယ်ရပ်ပေးရပေလိမ့်မည်။

ဟန်ချက်တင်က လမ်းဘေးတွင် ဖယ်ရပ်ပေးဖို့ စိတ်မကူး။ လမ်းဘယ်ဘက်နားတွင် ဆက်၍ လျှောက်လှမ်းသွားသည်။

မြင်းလှည်းအစုနှင့် မလွတ်မကင်း မဟုတ်သော်လည်း မြင်းလှည်းအစု အတွက် အသွားရတော့ အနည်းငယ် ကျုံ့သလိုဖြစ်သည်။

မြင်းလှည်းအုပ်စုကြောင့် ဖြစ်ပေါ်လာသော ဖုန်မှုန့်များကလည်း ဟန်ချက်တင်ကို အတော်ပင် စိတ်အနှောင့်အယှက်ပေးသည်။ ဟန်ချက်တင်က ဖြတ်သွားသော မြင်းလှည်းအစုကို တစ်ချက်ကြည့်သည်။

အစောင့်သိုင်းသမားခေါင်းဆောင်ကလည်း ဟန်ချက်တင်ကို တစ်ချက်လှမ်းကြည့်ရာ နှစ်ယောက်သား အကြည့်ချင်းဆုံသည်။ ဟန်ချက်တင်၏ ရန်လိုသလို ရှိနေသော အသွင်အပြင် အမူအရာကြောင့် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အစောင့်သိုင်းသမားခေါင်းဆောင်၏စိတ်ထဲ တစ်မျိုးဖြစ်သည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့သည် စင့်ရှီးမြို့လေးသို့

www.burmeseclassic.com

www.burmeseclassic.com



ယခု ပထမဆုံးအကြိမ် ရောက်လာခြင်းဖြစ်ရာ ဟန်ချက်တင်အကြောင်းကို မသိ။

အကြောင်းသိလျှင်မူ ကိုယ့်လမ်းကိုယ်သွားမည်သာ ဖြစ်သည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့သည် နာမည်အသင့်အတင့် ရှိသည်။ ထိုသိုင်းသမားခေါင်းဆောင်မှာလည်း မိမိကိုယ်မိမိ အထင်ကြီးသည်။ မာန်တက်မှုလေးလည်း ရှိသည်။

ဟန်ချက်တင်၏ အမူအရာနှင့် အကြည့်အရှုတို့ကို အစောင့်သိုင်းသမားခေါင်းဆောင် အစာမကြေ။ ဟန်ချက်တင် မည်သူမည်ဝါဟု တိတိကျကျ မသိသော်လည်း သိုင်းသမားတစ်ယောက်ဖြစ်သည်ကိုတော့ အကဲခတ်မိသည်။ မြို့ခံသိုင်းသမားလူမိုက်ဖြစ်ကာ မိမိတို့အား အကဲစမ်းခြင်းဖြစ်မည်ဟု အစောင့်သိုင်းသမားခေါင်းဆောင်က ယူဆသွားသည်။

သည်မြို့သည်ရပ်တွင် မိမိတို့က မျက်နှာစိမ်းတွေ ဖြစ်နေရာ အကဲစမ်းလာမှုကို ထိထိမိမိ တုံ့ပြန်မှ သင့်မည်ဟုလည်း စိတ်ကူးပေါ်သည်။

"ခဏရပ်"

အစောင့်သိုင်းသမားခေါင်းဆောင်က မြင်းလှည်းအစုကို အမိန့်ပေးသည်။



မြင်းလှည်းအစု တုံ့ရပ်သည်။

အစောင့်သိုင်းသမား ခေါင်းဆောင်က ဟန်ချက်တင်ရှိရာသို့ မြင်းကို အသာစီး၍သွားသည်။

မိမိတို့ကို စမ်း၍မရကြောင်း ဟန်ပြတ်ပြသည့်အနေဖြင့် မျက်နှာထား ခပ်တင်းတင်းလုပ်ထားသည်။

ဘယ်လက်ဖြင့် မြင်းဇက်ကြိုးကို အသာထိန်းကာ ညာလက်ကတော့ ဓားရိုးပေါ်တင်ထားသည်။ အလိုက်သိသော ကျန်အစောင့် သိုင်းသမားတို့ကလည်း တိုက်ခိုက်ရန် အသင့်ရှိသည့် အနေအထား အသွင်အပြင်များ ပြထားလိုက်ကြသည်။

အမှန်အတိုင်းဆိုရလျှင် မြားဖြူသယ်ယူပို့ဆောင်ရေး မြင်းလှည်းအစုမှ အစောင့်သိုင်းသမားများသည် အကြိတ်အနယ်တိုက်ခိုက်ရန် စိတ်ကူးမရှိကြပါ။

နဂါးမှန်းသိအောင် အမောက်ထောင် ဆိုသလို မိမိတို့ကို အကဲစမ်း၍မရနိုင်ကြောင်း ဟန်ပြတ်ပြကြခြင်းသာ ဖြစ်သည်။

သည်လို ဟန်ပြတ်မျိုး ပြထားပြီး ခေါင်းဆောင်သိုင်းသမားက ခပ်တည်တည်ပြောလိုက်လျှင် အကဲစမ်းလာသော သိုင်းသမားလူမိုက် ဝပ်သွားလိမ့်မည်ဟု သူတို့က ထင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်သည် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ အစောင့်သိုင်းသမားတို့ တွေ့ဆုံဖူးသော သိုင်းသမားလူမိုက်မျိုး မဟုတ်သည်ကိုတော့ သူတို့မသိကြပါ။ မတွက်မိကြပါ။

✸



မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ အစောင့်သိုင်းသမားများ၏ အပြုအမူသည် ဟန်ချက်တင်၏ စိတ်ကို ထောင်းခနဲ ထသွားစေသည်။

တောတန်းလေးထဲတွင် ဖြစ်ပျက်ခဲ့မှုကြောင့် မကျေမနပ်နှင့် ဒေါသများ ဖြစ်နေခဲ့သော ဟန်ချက်တင်ကို ပို၍ ဒေါသထွက်သွားစေသည်။

ဟန်ချက်တင်သည် သူ့အနားသို့ရောက်လာသော အစောင့်သိုင်းသမားခေါင်းဆောင်၏ စီးမြင်းဇက်ကြိုးကို ဘယ်လက်ဖြင့် ဆတ်ခနဲ လှမ်းဆွဲကာ ညာလက်ဝါး ရိုက်ချက်တစ်ချက် ခပ်သွက်သွက် ရိုက်ထုတ်လိုက်သည်။

မိုးမြေခြားစံအိမ်၏ မိုးမြေခြားသိုင်းသည် သိုင်းလောကတွင် ပြိုင်ဘက်ကင်း ဓားသိုင်းပညာတစ်ခု မဟုတ်သည့်တိုင် အစွမ်းကတော့ မသေး။ အဆင့်မြင့်သည်။ ထက်မြက်သည်။

ဟန်ချက်တင်က ညာလက်ဝါးနှင့် ရိုက်လိုက်သော်လည်း အသုံးပြုသည်က လက်ဝါးသိုင်းမဟုတ်။ မိုးမြေခြားသိုင်း၏ ဓား

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်း သိုင်းကွက်ဖြစ်သည်။

ဘာမပြော ညာမပြောနှင့် ရုတ်တရက်ကြီး တိုက်ခိုက်လာလိမ့်မည်ဟု မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားခေါင်းဆောင်က မျှော်လင့်မထားပေ။

သိုင်းသမား လူမိုက်လေး ဖြို့သွားအောင် မာမာတင်းတင်း ပြောလိုက်ရန်သာ စိတ်ကူးပြင်ဆင်ထားသည်။ အငိုက်မိသွားခဲ့သည်။

'ဖုန်း'

ဓားသိုင်းဟန်ဖြစ်သော လက်ဝါးရိုက်ချက် အထိခံရသည်။ မြင်းပေါ်မှ အောက်သို့ ကားခနဲ ကျသွားသည်။ သွေးပူပြီး ဒေါသလည်း ပိုထွက်လာသော ဟန်ချက်တင်သည် မြင်းပေါ်မှကျလာသော သိုင်းသမားခေါင်းဆောင်ကို ခြေထောက်နှင့် လှိမ့်ကန်ပစ်သည်။ သိုင်းသမားခေါင်းဆောင် လိမ့်၍ထွက်သွားသည်။

ကျန် အစောင့်သိုင်းသမားများမှာ အစပိုင်းတွင်တော့ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။ မိမိတို့ ခေါင်းဆောင်သိုင်းသမားသည်လို သိုင်းကွက်တစ်ကွက်၊ လက်ဝါးရိုက်ချက် တစ်ချက်တည်းနှင့် မြင်းပေါ်က ကျလိမ့်မည်ဟု သူတို့မထင်ကြပါ။

မြင်ရသည်ကိုပင် မယုံနိုင်အောင် ဖြစ်နေသည်။ ကြောင်အမ်းအမ်းဖြစ်နေရာမှ အသိပြန်ဝင်လာကြသော အခါတွင်တော့



သူတို့ အကြီးအကျယ် ဒေါသထွက်သည်။

ဟန်ချက်တင်၏ အပြုအမူကလည်း သိုင်းယှဉ်ပြိုင်တိုက်ခိုက်မှုသဘောနှင့် မတူ။ စော်ကားရန်ပြုသည့် အသွင်မျိုး ဖြစ်နေသည် မဟုတ်ပါလား။

"တောက် ... ဝိုင်းတိုက်ကြ"

တစ်စုံတစ်ယောက်၏ အော်ဟစ်အချက်ပေးသံ ပေါ်လာသည်။ ဒေါသထွက်နေကြသော အစောင့်သိုင်းသမားတို့သည် မြင်းများပေါ်မှဆင်းကာ ဟန်ချက်တင်ရှိရာသို့ ပြေးဝင်လာကြသည်။

လမ်းပေါ်တွင်ဖြစ်ရာ မြင်းများနှင့် စီးနင်းတိုက်ခိုက်ရန် နေရာ ကျယ်ကျယ်ပြန့်ပြန့် မရှိသည့်အတွက် မြင်းပေါ်မှ ဆင်းကြခြင်း ဖြစ်သည်။

အရင်ဆုံးအနီးသို့ ရောက်သွားသူနှစ်ယောက်က ဟန်ချက်တင်ကို အတင်းဝင်တိုက်ခိုက်ကြသည်။ ဟန်ချက်တင်ကလည်း ပြန်လည် ရင်ဆိုင်တိုက်ခိုက်သည်။

ထိုလူနှစ်ယောက်၏ တိုက်ခိုက်မှုကို ဟန်ချက်တင် ခုခံတွန်းလှန်ပစ်နိုင်သည်။ မြားဖြူသယ်ယူပို့ဆောင်ရေး အစောင့်သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် ဝိုင်းအုံရောက်ရှိလာရာ ဟန်ချက်တင်မှာ တစ်ယောက်နှင့်အများ ရင်ဆိုင်ရသည့် အခြေအနေသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။

ဟန်ချက်တင်၏သွေးတွေ ပိုဆူပွက်လာသည်။ တိုက်ခိုက်မှုများကလည်း ပိုကြမ်းလာသည်။ မြေးဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့သိုင်းသမားအချို့ ဟန်ချက်တင်၏လက်ချက် အထိခံကြရသည်။

သူတို့ဘက်မှ လူအင်အားများကာ အတူပူးပေါင်း တိုက်ခိုက်မှု အတွေ့အကြုံလည်း ရှိနေကြပေရာ ဟန်ချက်တင်မှာလည်း မသက်သာပါ။

ရိုက်ချက်တွေ အထိခံရသည်။ ဟန်ချက်တင်သည် ကျားနာလိုဖြစ်လျက် အတင်းတရကြမ်းပင် တိုက်ကွက်ဆင်သည်။ တကယ့်အသေအကျေတိုက်ပွဲကြီးလိုမျိုးပင် ဖြစ်လာလေတော့သည်။

✸



"ယုဝန်ရေ ယုဝန် ... ပြဿနာတော့ ဖြစ်ကုန်ပြီ"

ပါးစပ်ကပြောရင်း အမောတကောပြေးလာသော အစ်မဝမ်းကွဲတော်စပ်သူ လိုင်ယင်တိကြောင့် လိုင်ယုဝန်မှာ ထိုင်နေရာမှ ထရပ်လိုက်မိသည်။

"ဘာဖြစ်လို့လဲ မမ"

ပါးစပ်မှလည်း မေးလိုက်သည်။

"ချက်တင်လေ ချက်တင်"

"ဒီကောင် ဘာဖြစ်ပြန်ပြီလဲ"

"မြို့အထွက်လမ်းမှာ သယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမား တွေနဲ့ တိုက်နေတယ်တဲ့၊ နင် အမြန်သွားထိန်းလိုက်ဦး"

"ကျွတ် ... ဒီကောင်ကတော့"

လိုင်ယုဝန်သည် မကျေမနပ် ရေရွတ်ရင်း အပြေးလေး ထွက်ခဲ့သည်။ ဟန်ချက်တင် သောင်းကျန်းဟောင်ရမ်းသည်ကို လိုင်ယုဝန်တို့အတွက် မဆန်းတော့။ ထိုသို့ ဟောင်ရမ်းမှုများ ပြုနေသော ဟန်ချက်တင်ကို မည်သူကမျှ ဟန့်တားချော့မော့၍မရ။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန် သွားထိန်းမှသာ ရသည်။ ဟန်ချက်တင်သည် လိုင်ယုဝန်၏ စကားကိုတော့ နားထောင်သည်။ ဘယ်ဖလာက် ဒေါသကြီးနေပါစေ လိုင်ယုဝန် ပြောလိုက်လျှင် ငြိမ်သွားမြဲ။

သည်လိုနှင့် ဟန်ချက်တင် ဟော့ဟော့ရမ်းရမ်းလုပ်လျှင် လိုက်ထိန်းပေးရသည်က လိုင်ယုဝန်၏တာဝန်လို ဖြစ်နေ၏။ ဟန်ချက်တင် ပြောမရ ထိန်းမရတော့ဘူးဆိုလျှင် လိုင်ယုဝန်ကို ပြေးလာခေါ်နေကျ။

လိုင်ယုဝန်သည် ဟော့ဟော့ရမ်းရမ်း လျှောက်လုပ်နေသော ဟန်ချက်တင်ကို ဖြစ်လိုရာဖြစ် ပစ်ထားလိုက်မည်ဟု အကြိမ်ကြိမ် စိတ်ကူးမိသည်။

သို့ရာတွင် ငယ်ရွယ်စဉ်ကတည်းက အတူတူဆော့ကစားကြီးပြင်းလာခဲ့ရသော ငယ်သူငယ်ချင်းဖြစ်လျက် မိမိပြောသည်ကိုမူ နားထောင်လေ့ရှိသောကြောင့် အရေးအကြောင်းပေါ်၍ လာခေါ်လျှင် လိုင်ယုဝန်သည် ပါးစပ်က တဖျစ်တောက်တောက် ပြောရင်း အပြေးလိုက်သွားသည်ချည်းသာ ဖြစ်သည်။

ယခု သယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားများနှင့် တိုက်ခိုက်သည်ဆိုတော့ လိုင်ယုဝန်မှာ စိုးရိမ်စိတ်ပင် ပေါ်လာသည်။ ခါတိုင်း ဟော့ရမ်းမှုများတွင် သည်လို တစ်ယောက်နှင့်အများ ရင်ဆိုင်



တိုက်ခိုက်မှုမျိုး မရှိခဲ့ပေ။

လိုင်ယုဝန်သည် မြင်းပေါ် လွှားခနဲ ခုန်တက်ကာ အပြင်းစိုင်းနှင်ထွက်သည်။ လိုအပ်လျှင် ပိုင်းဝန်းကူညီ ထိန်းသိမ်းပေးနိုင်ရန်အတွက် လိုင်ယင်တိနှင့် ဓားသုံးလက်ဂေဟာမှ သိုင်းသမား နှစ်ယောက်လည်း မြင်းကိုယ်စီနှင့် နောက်မှလိုက်လာသည်။

မိုးမြေဓားစံအိမ်တော်မှ သိုင်းသမားကြီးတစ်ယောက်လည်း ထွက်၍လိုက်လာခဲ့သည်။ ဟန်ချက်တင်၏ ယခင်က ဟော့ဟော့ရမ်းရမ်း လုပ်ဆောင်မှုများတွင် မိုးမြေဓားဂေဟာမှ သိုင်းသမားများ ပါဝင် စွက်ဖက်ဖြေရှင်းပေးလေ့မရှိပါ။ သူတို့ အလွန်ဆုံးလုပ်ဆောင်သည်မှာ လိုင်ယုဝန်ကို အကြောင်းကြား အသိပေးခြင်းသာဖြစ်သည်။

ယခု သယ်ယူပို့ဆောင်ရေးအဖွဲ့၏ သိုင်းသမားများနှင့် ပြဿနာဖြစ်နေသည်မို့ ပြေရာပြေကြောင်း ပိုင်းဝန်းပြောဆိုရန် လိုအပ်လျှင် ပြောဆိုနိုင်ရန် သိုင်းသမားကြီး တစ်ယောက် လိုက်ပါလာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားများကို တစ်ယောက်တည်း ရင်ဆိုင်တိုက်ခိုက်နေသော ဟန်ချက်တင်အတွက် စိုးရိမ်ပူပန်စိတ်ဖြင့် ရှေ့ဆုံးမှ မြင်းကို ခြေကုန်စိုင်းနှင်လာခဲ့သော လိုင်ယုဝန်သည် တိုက်ခိုက်နေသည့်နေရာသို့ အရင်ဆုံးရောက်သည်။

လိုင်ယုဝန်ရောက်သွားချိန်တွင် ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်က တိုက်ခိုက်မှုများ ရပ်တန့်အောင် ဖျန်ဖြေတားဆီးနေကြသည်ကို တွေ့ရသည်။

ဟန်ချက်တင်က သဲကြီးမဲကြီး တိုက်ခိုက်နေသောကြောင့် ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်၏ တားဆီးဖျန်ဖြေမှုမှာ အရာမရောက်နိုင်ဘဲ ရှိနေသည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့မှ သိုင်းသမားများက ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်၏ တားဆီးမှုကြောင့် အတိုက်အခိုက် ရပ်မည့်အသွင်မျိုးရှိသည့်တိုင် ဟန်ချက်တင်က အတင်းတိုက်ခိုက်နေသောကြောင့် ရပ်၍မရသည့် အနေအထား ရှိနေသည်ကို လိုင်ယုဝန် အကဲခတ်မိသည်။



ဟန်ချက်တင်ကို ဟန့်တားထိန်းသိမ်းနေကျမို့ မည်သို့ဝင်၍ ဘယ်လိုလုပ်ရမည်ကို လိုင်ယုဝန် သိနေသည်။ လိုင်ယုဝန်သည် မြင်းမရပ်မီပင် အောက်သို့ဆင်းသည်။ ပြီးတော့ တိုက်ပွဲဖြစ်နေရာထဲရှိ ဟန်ချက်တင်ထံသို့ ပြေးဝင်သည်။ လိပ်ပြာပျံကိုယ်ဖော့ပညာကို ထုတ်သုံးပြေးလွှားသောကြောင့် လိုင်ယုဝန်၏ လှုပ်ရှားဟန်တို့မှာ ပေါ့ပါးသွက်လက်လျက် အလွန်လျင်မြန်သည်။

ပြေးဝင်လာသော လိုင်ယုဝန်ကြောင့် တိုက်ခိုက်နေမှုများသည် လှုပ်လှုပ်ရှားရှား ဖြစ်သည်။ ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်က လိုင်ယုဝန်ကို အကဲခတ်သလို ကြည့်ကြသည်။

ဟန်ချက်တင်၏ သဲကြီးမဲကြီး တိုက်ခိုက်နေမှု အရှိန်အဟုန် သိသာစွာ လျော့ကျသည်။ မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားများထဲမှ နှစ်ယောက်ကမူ လိုင်ယုဝန်ကို ဆီး၍တိုက်ခိုက်ကြသည်။

တစ်ယောက်၏ တုတ်ရှည်ရိုက်ချက်ကို လိုင်ယုဝန် လွတ်အောင် ရှောင်နိုင်သည်။ ကျန်တစ်ယောက်၏ သံချိတ်ကောက်ဖြင့် လှမ်းထိုးချိတ်မှုကိုတော့ မရှောင်နိုင်ဘဲ ဖြစ်နေသည်။

ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်အနက်မှ အသက်ငယ်သောလူက ကမန်းကတန်း ကြားဝင်ကာ သံချိတ်ကောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို ရိုက်ပုတ်ဖယ်ရှားသည်။

လိုင်ယုဝန်အနေဖြင့် သတိထားကာ ထိထိမိမိ ရှောင်တိမ်းမည်ဆိုလျှင် သံချိတ်ကောက်လက်နက်ဖြင့် ထိုးနှက်ချိတ်ဆွဲလာသည့် တိုက်ကွက်ကို လွတ်အောင် ရှောင်တိမ်းနိုင်သည့် အစွမ်းအစရှိပါသည်။

အများနှင့်တစ်ယောက် အကြိတ်အနယ် တိုက်ခိုက်ခဲ့ရမှုကြောင့် ထိခိုက်ဒဏ်ရာများရလျက် သွေးအလိမ်းလိမ်းဆိုသလို ဖြစ်နေလေသော ဟန်ချက်တင်အတွက် စိုးရိမ်စိတ်လွန်ကဲကာ လောကြီးနေသောကြောင့်သာ တုတ်ရှည်ရိုက်ချက်ကိုသာ ရှောင်နိုင်ပြီး သံချိတ်ကောက်လက်နက်ဖြင့် ထိုးချိတ်မိတော့မလို အခြေအနေ ကြုံသွားရခြင်းပင်။

အသက်ငယ်သော ဝတ်စုံဖြူဝတ်လူရွယ် ကြားဝင်ကာကွယ်ပေးလိုက်မှုကြောင့် လိုင်ယုဝန်မှာ သံချိတ်ကောက်လက်နက်ဖြင့် ထိုးချိတ်မိမည့်အဖြစ်မှ လွတ်သည်။

ထိုလူရွယ်မှာမူ လိုင်ယုဝန်ကို ကာကွယ်ကူညီပေးရင်း ညာလက်ဖျံကို ဆူးချိတ်ကောက်လက်နက် အဖျားစွန်းဖြင့် ရှပ်ကာ ထိုးခြစ်မိသွားသည်။

ခြစ်မိသည့်ဒဏ်ရာသည် ကစ်လက်မကျော်ကျော်လောက်



ကို ရှည်၏။ စူးချက်မနက်သောကြောင့် တော်ပေတော့သည်။ သို့စဉ်တိုင် သွေးများကတော့ ဖြာခနဲထွက်သည်။

ဟန်ချက်တင်အနားသို့ လိုင်ယုဝန် ရောက်သွားသည်။ လိုင်ယုဝန်သည် ဟန်ချက်တင်၏ရှေ့မှ ပိတ်ဆို့ကာ ရပ်လိုက်သည်။ တစ်ဖက်သူများ ဟန်ချက်တင်ကို တိုက်ခိုက်လာလျှင် ကာကွယ်ရန် နေရာယူလိုက်မှု ဖြစ်သလို ဟန်ချက်တင်အနေဖြင့် ဆက်လက်တိုက်ခိုက်မှု မပြုနိုင်ရန်လည်း တားဆီးပိတ်ဆို့ထားသလို ဖြစ်သည်။

“ကျွန်မ ခေါင်းသုံးလက်ဂေဟာက လိုင်ယုဝန်ပါ၊ မတိုက်ကြနဲ့တော့ ... ရပ်လိုက်ကြတော့”

လိုင်ယုဝန်က အားလုံးကြားရအောင်လည်း အသံကျယ်ကျယ်နှင့် ပြောသည်။ ဟန်ချက်တင်၏ သဲကြီးမဲကြီး တိုက်ခိုက်မှုကြောင့် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားဘက်မှ ထိခိုက် ဒဏ်ရာရသူတွေ မနည်းပေ။ လူအင်အား များသောကြောင့်သာ အကြိတ်အနယ် ဆက်လက်ရင်ဆိုင် တိုက်နေနိုင်ခြင်းဖြစ်သည်။

မြားဖြူသယ်ယူပို့ဆောင်ရေးသိုင်းသမားများသည် ဆက်တိုက်လိုစိတ်မှု သိပ်မရှိကြတော့ပေ။ မိမိတို့ ရင်ဆိုင်တိုက်ခိုက်နေသူမှာ သာမန် အညတရ သိုင်းသမားလူမိုက်လေးတစ်ယောက် မဟုတ်နိုင်ကြောင်းကိုလည်း အကဲခတ်မိကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လူများ ထိခိုက်ဒဏ်ရာရမှုအတွက် ဒေါသထွက်နေကြသည့်အပြင် ဟန်ချက်တင်ကလည်း သဲကြီးမဲကြီး တိုက်ခိုက်နေသောကြောင့် တိုက်ပွဲဆက်နေခြင်းဖြစ်သည်။

ယခု လိုင်ယုဝန်ရောက်လာကာ ဟန်ချက်တင်ကို ကာထိန်း၍ အတိုက်ရပ်ရန် ပြောလာသည်တွင် တိုက်ပွဲအခြေအနေ တစ်မျိုးဖြစ်သွားသည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားများသည် စင့်ရှိုးမြို့လေးကို ယခုမှရောက်ဖူးကြသော်လည်း သယ်ယူပို့ဆောင်ရေးအဖွဲ့တို့ ထုံးစံ မိမိတို့ ဖြတ်သန်းသွားမည့် မြို့ရွာဒေသများနှင့် ပတ်သက်၍ စူးစမ်းလေ့လာမှုများ လုပ်ထားရာ စင့်ရှိုးမြို့လေး၏ နာမည်ကျော် ဓားသုံးလက်ဂေဟာနှင့် မိုးမြေဓားစံအိမ်တို့အကြောင်း သိထားကြသည်။

လိုင်ယုဝန်က ဓားသုံးလက်ဂေဟာ၏ အမည်ကို ထုတ်ဖော်ပြောလာသည်တွင် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားများ အတိုက်အခိုက် ရပ်လိုက်ကြသည်။

တိုက်ခိုက်မှုများရပ်သွားသည်နှင့် လိုင်ယင်တိတ္တိ သုံးယောက်နှင့် မိုးမြေဓားစံအိမ်မှ သိုင်းသမားကြီးတို့လည်း မြင်းများကိုယ်ပေါ်မှ မဆင်းကြဘဲ အသာပင် ရပ်ကြည့်နေကြသည်။



"ကျွန်မတို့မြို့နားမှာ အထင်မှားတိုက်ခိုက်မှုဖြစ်ရတာကို တောင်းပန်ပါတယ်၊ ထိခိုက်ဒဏ်ရာရသူတွေကို ကျွန်မတို့ဂေဟာ သမားတော်ကြီးတွေက ကြည့်ရှုဆေးထည့်ပေးပါလိမ့်မယ်၊ လိုအပ်တဲ့ အကူအညီတွေကိုလည်း ပေးဖို့အသင့်ပါပဲ၊ ဓားသုံးလက်ဂေဟာကို ကြွကြဖို့ ဖိတ်ခေါ်ပါတယ်"

လိုင်ယုဝန်က ဆက်ပြောသည်။ တောင်းပန်မှုဂါရဝကိုလည်း ပြုသည်။ ဟန်ချက်တင်ကတော့ မျက်နှာထားတည်တည်နှင့် ရပ်နေသည်။

"ဒဏ်ကြေဆေး မြန်မြန်သောက်၊ နင့်ဒဏ်ရာတွေကို ငါ ဆေးထည့်ပေးမယ်"

လိုင်ယုဝန်က ဟန်ချက်တင်ကို လှည့်ကာပြောသည်။ ဒဏ်ကြေဆေးတစ်လုံးလည်း ထုတ်ပေးလိုက်သည်။ ဟော့ဟော့ရမ်းရမ်း လုပ်မှုများကြောင့် ဟန်ချက်တင် ထိခိုက်အနာတရဖြစ်လျှင် လိုင်ယုဝန်က သည်ဒဏ်ကြေဆေး တိုက်နေကျဖြစ်သည်။ ယခုအခါ ထိခိုက်ဒဏ်ရာရမှုက ပိုများပိုပြင်းနေရာ ဒဏ်ကြေဆေးသောက်နှင့်မရတော့။ ဒဏ်ရာများကို ဆေးထည့်ပေးဖို့ပါ လိုအပ်နေသည်။

"ကျုပ်တို့ဘက်ကလည်း စိတ်လိုက်မာန်ပါ လုပ်မိလို့ပါ … ဘယ်လိုမှ သဘောမထားကြပါနဲ့၊ ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်”

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားခေါင်းဆောင်က ပြောသည်။

“ရှင်တို့ ဝင်ကူညီဖျန်ဖြေပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ်”

လိုင်ယုဝန်က ဒဏ်ရာတွင်ထည့်ရန် အနာကျက်ဆေးနှင့် သွေးတိတ်ဆေးများ ထုတ်ယူရင်း ဝတ်စုံဖြူဝတ် လူရွယ်နှစ်ယောက်ကို ကျေးဇူးတင်စကား လှမ်းပြောသည်။

လိုင်ယင်တိတို့လူစုက မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ ကို မားသုံးလက်ဂေဟာသို့ ခေါ်သွားရန် လုပ်ဆောင်နေကြသည်။

“ရပါတယ်၊ ကျွန်တော်က ထိုက်ကူးချိန်၊ သူက ကျွန်တော့်ညီငယ် ထိုက်ကူးသောက်ပါ၊ ခရီးသွားရင်း တိုက်ခိုက်နေကြတာတွေ့လို့ ဝင်ဖျန်ဖြေပေးတာပါ”

ဝတ်စုံဖြူဝတ်လူရွယ်အကြီးဖြစ်သူက ပြောသည်။

“ကျွန်မ လိုင်ယုဝန်ပါ၊ သူကတော့ မိုးမြေခြားဂေဟာက ဟန်ချက်တင်”

လိုင်ယုဝန်က ပြန်လည်မိတ်ဆက်စကားဆိုသည်။

“ဟော ... ရှင် ဒဏ်ရာရနေတာကိုး”



ပြန်လည်မိတ်ဆက်စကားဆိုရင်း ထိုက်ကူးသောက်၏ ညာလက်ဖျံတွင် သွေးများနီရဲစိုရွှဲနေသည်ကို မြင်မိ၍ ဆက်ပြောသည်။

“နည်းနည်းပါးပါးပါ၊ ကိစ္စမရှိပါဘူး”

တိုက်ကူးသောက်က အရေးမကြီးဟန် ပြောသည်။

“ဟာ ... ဘယ့်နှယ်ကိစ္စမရှိဘူးလဲ၊ သွေးတွေ ဒီလောက်ထွက်နေတဲ့ဥစ္စာ၊ လာ လာ ... ကျွန်မ ဆေးထည့်ပေးမယ်”

လိုင်ယုဝန်သည် ထိုက်ကူးသောက်၏ ညာလက်ကို ဆတ်ခနဲ ယူကာ သွေးများသုတ်လျက် ဒဏ်ရာတွင် ဆေးထည့်၍ ပတ်တီးစည်းပေးလိုက်လေသည်။

ထိုက်ကူးသောက်မှာ ငယ်ရွယ်ချောမောသော မိန်းကလေးတစ်ယောက်၏ ကြင်နာမှုအပြည့်နှင့် အနီးကပ်ပြုစုပေးမှုကြောင့် ကြည်နူးဝမ်းသာသွားရသည်။

အနီးကပ်မြင်နေရသော လိုင်ယုဝန်၏ မျက်နှာလှလှလေးကို ခိုး၍ ကြည့်နေမိလေသည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့၏ မြင်းလှည်းအစု ဓားသုံးလက်ဂေဟာသို့ ရောက်ရှိလာသည်။

ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီအစ်ကိုလည်း ဓားသုံးလက်ဂေဟာ၏ ဧည့်သည်များ အဖြစ် အတူလိုက်ပါလာကြသည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ကို ဓားသုံးလက်ဂေဟာ အနောက်ဘက် အဆောင်တစ်ခုတွင် နေရာချထားပေးသည်။

ထိုက်ကူးချိန်တို့ညီနောင်ကိုမူ ဧည့်ခန်းမကြီးနားရှိ အဆောင်ငယ်လေးတွင် တည်းခိုနေထိုင်စေသည်။

ညနေဘက်တွင် မိုးမြေဓားစံအိမ်တော် သခင်ကြီး ဟန်စွမ်းဟို ကိုယ်တိုင် ရောက်လာလျက် ထိခိုက်ဒဏ်ရာရ၍ ဆေးဝါးကုသနေသော မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ သိုင်းသမားများကို ကြည့်ရှုသည်။



ဟန်ချက်တင်မှာမူ ဒဏ်ရာများရရှိထားသည်ကို အကြောင်းပြကာ ဖခင်ဖြစ်သူက စံအိမ်တွင် အနားယူနေရန် ပြောဆိုအမိန့်ချထားသောကြောင့် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်နိုင်ဘဲ ရှိနေသည်။

ပစ္စည်းများ အချိန်မီ ပို့ဆောင်ပေးရန်ရှိသည့်အတွက် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ မြင်းလှည်းအစုသည် ဓားသုံးလက်ဂေဟာတွင် တစ်ညတာ တည်းခိုနေထိုင်ပြီး နောက်တစ်နေ့တွင် ခရီးဆက်လက် ထွက်ခွာသွားကြသည်။

ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီနောင်မှာမူ ဓားသုံးလက်ဂေဟာတွင် ဆက်လက်တည်းခိုနေထိုင်နေကြသည်။

"မင်းဖခင် ဂေဟာရှင်ကြီးကို အရေးကြီးတဲ့ စကားပြောစရာရှိတယ်၊ သူနဲ့ အေးအေးဆေးဆေးတွေ့ရအောင် စီစဉ်ပေးနိုင်မလား"

ခရီးဆက်ထွက်ခွာသော မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့ကို ဓားသုံးလက်ဂေဟာ ပင်မတံခါးကြီးထိ လိုက်ပို့နှုတ်ဆက်ပြီး ဂေဟာပရဝဏ်ထဲ ပြန်ဝင်အလာတွင် ထိုက်ကူးချိန်က ပြောသည်။

ပြောကြားပုံမှာ အတော်ပင် အလေးအနက်ရှိသောကြောင့် လိုင်ယုဝန်၏စိတ်ထဲတွင် အိုးတိုးအမ်းတမ်းပင် ဖြစ်သွားရလေသည်။

ထိုက်ကူးချိန်တို့ ညီအစ်ကိုသည် ခရီးသွားဟန်လွှဲသဘောမျိုးဖြင့် မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ဟန်ချက်တင်တို့ တို့

www.burmeseclassic.com

www.burmeseclassic.com



ခိုက်နေကြသည်ကို ဝင်ရောက်ဖျန်ဖြေ တားဆီးပေးခဲ့ပြီး ဓားသုံးလက် ဂေဟာတွင် ခေတ္တတည်းခိုနေထိုင်နေကြရာ လိုင်ယုဝန်၏စိတ်ထဲတွင် ဧည့်သည်များအဖြစ်သာ မှတ်ယူထားသည်။

မြားဖြူသယ်ယူပို့ဆောင်ရေးအဖွဲ့နည်းတူ ထိုက်ကူးချိန်တို့ညီနောင်လည်း မကြာမီ သူတို့သွားစရာရှိရာကို ဆက်လက်ထွက်သွားကြမည်ဟုလည်း ထင်ထားသည်။

မိမိတို့ မိသားစုနှင့်လည်း ယခင်က ဘာမျှ အဆက်သွယ်မရှိခဲ့ဘဲ မိမိဖခင်တို့ အရေးကြီးသည့် စကားများပြောရန် ခွင့်တောင်းသည့်အတွက် လိုင်ယုဝန် အံ့သြမိသည်ကတော့အမှန်။

"ဘယ်လိုအကြောင်းကိစ္စများ ရှိလို့ပါလိမ့်"

လိုင်ယုဝန်က မေးလိုက်မိသည်။

"ပြောမပြနိုင်တာကို ခွင့်လွှတ်ပါ"

ထိုက်ကူးချိန်က မသိမသာ ဦးညွှတ်ကာ ပောင်းပန်စကားဆိုသည်။

"သြော် ... အင်း ဟုတ်သားပဲ၊ အရေးကြီးတဲ့ကိစ္စကို ဘယ်လျှောက်ပြောလို့ ဖြစ်မှာလဲ၊ ကျွန်မ အရမ်းစပ်စုသလို ဖြစ်သွားပြီ"

"မဟုတ်ပါဘူး၊ အမှန်အတိုင်းပြောရရင် တို့ကိုယ်တိုင်ကလည်း ဘာကိစ္စဆိုတာ သေသေချာချာ မသိပါဘူး၊ ဂေဟာရှင်ကြီးနဲ့



တွေ့ရပြီးရင်တော့ သိကောင်းသိလာနိုင်ပါတယ်၊ သိရင် မင်းကို ပြန်ပြောပြပါ့မယ်"

"သြော် ... ဟုတ်ကဲ့၊ ပြောလို့ဖြစ်မှ ပြောပါလေ၊ အခုအချိန်ဆို ဖေဖေ စာကြည့်ခန်းထဲမှာ တစ်ယောက်တည်း စာဖတ်နေတတ်ပါတယ်၊ ကျွန်မသွားပြီး အကျိုးအကြောင်း ပြောကြည့်မယ်လေ၊ ရှင်တို့ စာကြည့်ခန်းနဲ့ မလှမ်းမကမ်းက စောင့်နေကြပေါ့"

"ကျေးဇူးတင်ပါတယ် လိုင်မိန်းကလေး"

"ကျွန်မကို ယုဝန်လို့ ခေါ်နိုင်ပါတယ်"

"ဟုတ်ကဲ့ ယုဝန်"

ထိုက်ကူးသောက်က ဝင်၍ ခေါ်ပြောသည်။

"ကောင်းပါပြီ ကူးသောက်"

လိုင်ယုဝန် ကျီစယ်သည့် အမူအရာလေးဖြင့် ပြုံးရယ်ကာ ပြန်ပြောသည်။

ထိုက်ကူးချိန်တို့ညီနောင်ကို လိုင်ယုဝန်က စာကြည့်ခန်းရှိရာသို့ ခေါ်သွားသည်။

စာကြည့်ခန်းနှင့် မလှမ်းမကမ်းရှိ စင်္ကြံလမ်းကွေ့ အဆောင်ငယ်လေးတွင် ထိုက်ကူးချိန်တို့အား စောင့်နေစေလျက် လိုင်ယုဝန် စာကြည့်ခန်းထဲသို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်နှင့် ပို၍ ရင်းနှီးခင်မင်လာခဲ့သည့်အတွက် ထိုက်ကူးသောက် ကြည်နူးရွှင်ပျ၍ နေသည်။



"သမီးပါလား၊ ဘာလဲ ... ထိုက်မျိုးနွယ် ညီအစ်ကိုက ဖေဖေ့ကို တွေ့ခွင့်တောင်းကြလို့လား"

စာကြည့်ခန်းထဲသို့ ဝင်လာသော လိုင်ယုဝန်ကို ဖခင်ဖြစ်သူ လိုင်ဆစ်ကိန်းက ဆီး၍မေးသည်။ စကားပင် မစရသေးဘဲ မိမိလာရသည့် အကြောင်းကို ဖခင်က သိနေကာ ဒက်ခနဲဆိုသလို မေးလာသည့်အတွက် လိုင်ယုဝန် အံ့အားသင့်သွားရသည်။

"ဟင် ... ဖေဖေက သိနှင့်နေတာကိုး၊ ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်"

လိုင်ယုဝန်က အံ့ဩဟန်ဖြင့် မေးသည်။

"ဒီလိုပဲ မှန်းဆကြည့်ပြီး ပြောလိုက်တာပါ၊ ဖေဖေပြောတာ ဟုတ်နေလို့လား"

"ဟုတ်တယ် ဖေဖေ၊ ထိုက်ကူးချိန်က ဖေဖေ့ကိုတွေ့ပြီး အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့တဲ့"

"ဘာကိစ္စများ ပြောမလို့တဲ့လဲ"

"အဲဒါတော့ ထူးဆန်းတယ်၊ ဘာကိစ္စလဲဆိုတာ အခု [illegible]

www.burmeseclassic.com

www.burmeseclassic.com



လောဆယ်မှာ သူကိုယ်တိုင်တောင် မသိဘူးတဲ့၊ ဖေဖေနဲ့ တွေ့ပြီးရင်တော့ သိကောင်းသိနိုင်တယ်တဲ့"

လိုင်ဆစ်ကိန်း၏မျက်နှာပေါ်တွင် ထူးခြားသော အမူအရာတစ်ချက် ယှက်သန်းသွားသည်။

"ကောင်းပြီ ... သူတို့ကို ဒီအခန်းထဲ လွှတ်လိုက်ပါ၊ ပြီးတော့ စာကြည့်ခန်းနားကို ဘယ်သူမှ မလာစေနဲ့၊ သမီးကိုယ်တိုင် ခပ်လှမ်းလှမ်းက စောင့်ကြည့်ထား"

"ဟုတ်ကဲ့ ဖေဖေ"

လွင်ယုဝန် စာကြည့်ခန်းထဲမှ ထွက်လာခဲ့သည်။ ထိုက်ကူးချိန်တို့ စောင့်ကျန်နေခဲ့သော စကြံလမ်းကွေ့ အဆောင်ငယ်လေးသို့ အမြန်သွားသည်။

"ဖေဖေက ရှင်တို့ကို အတွေ့ခံမယ်တဲ့ ... စာကြည့်ခန်းထဲကို သွားကြပေတော့"

ထိုက်ကူးချိန်တို့ညီအစ်ကိုရှိရာသို့ ရောက်သောအခါ လိုင်ယုဝန်က ပြောလိုက်သည်။

"အခုလို ပြောဆိုဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်"

ထိုက်ကူးချိန်ကပြောသည်။ ထို့နောက် စာကြည့်ခန်းရှိရာသို့ သွားရန် ခြေလှမ်းပြင်ရာ ထိုက်ကူးသောက်လည်း အတူလိုက်မည်



ပြုသည်။

"ငါ့ညီက ဒီမှာပဲ စောင့်နေခဲ့ပါ"

ထိုက်ကူးချိန်က ပြောသောကြောင့် ထိုက်ကူးသောက်လည်း အတူမလိုက်တော့။ စကြံလမ်းကွေ့ အဆောင်ငယ်လေး၏ ခုံပေါ်တွင် ပြန်ထိုင်လိုက်သည်။

ထိုက်ကူးချိန် စာကြည့်ခန်းသို့ လျှောက်လှမ်းသွားသည်။ လိုင်ယုဝန်လည်း အဆောင်ငယ်လေးထဲရှိ ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထိုခုံသည် ထိုက်ကူးသောက်ထိုင်နေသော ခုံ၏ဘေးနားတွင် ရှိသည်။

လူရှင်းသလိုဖြစ်နေသော ထိုနေရာလေးတွင် လိုင်ယုဝန်နှင့် နှစ်ယောက်တည်းရှိနေရသည်။ ထိုက်ကူးသောက်အတွက် ပျော်စရာတော့ ဖြစ်သည်။ လိုင်ယုဝန်ကို စကားစမြည် ပြောကြည့်ချင်သည်။ ဘယ်လိုက စကားအစပျိုးရမည်ကို စဉ်းစားမရသောကြောင့် အကျပ်တွေ့ရသည်။

"ရှင်တို့ ညီအစ်ကိုတွေက ဘယ်အရပ်ဒေသသားတွေလဲ"

လိုင်ယုဝန်က စကားစပြောလာသည့်အတွက် ထိုက်ကူးသောက်အတွက် အဆင်ပြေသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်အရပ်ဒေသသားလဲ"

မိမိရှေ့တွင် ထိုင်နေသော ထိုက်ကူးချိန်ကို စူးစိုက်ကြည့်ရင်း လိုင်ဆစ်ကိန်းက မေးလိုက်သည်။

"လို့ရန်မြို့သားပါ၊ ဒါပေမဲ့ ကျွန်တော့်ကို မွေးတာကတော့ အရှေ့ပင်လယ် နတ်မိကျောင်းကျွန်းမှာလို့ သိရပါတယ်"

"ကောင်းပြီ ... မင်းပြောစရာရှိတဲ့စကားကို ပြောပေတော့"

"အန္တရာယ်များလည်း ဘေးကင်းတယ်၊ ရုပ်ထွေးဆန်းပြား ပေမယ့် ရိုးစင်းတယ်၊ မိုးတိမ်ကို ဖောက်နိုင်ပြီး မြေကြီးထဲ ထိုးဆင်းတယ်"

ထိုက်ကူးချိန်၏ပါးစပ်မှ ထိုစကားများ ပြောချလိုက်သော အခါ လိုင်ဆစ်ကိန်းမှာ အထူးပင် လေးနက်တည်ကြည်သွားသည်။ ခဏကြာတော့ အားရပါးရ ပြုံးကာခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဘာပေးလိုက်သလဲ"

ထိုက်ကူးက ဓားကျိုးလေးတစ်လက် ထုတ်ပေးသည်။ ဓား အရင်းပိုင်း တစ်ပေသာသာခန့်သာ ဓားရွက်ရှိလျက် အထက်ပိုင်းက



တော့ ကျိုးနေသည်။ ဓားလက်ကိုင်ရိုးကို မိကျောင်းတစ်ကောင် အသွင် ထုလုပ်ထားသည်။

"ဒါပဲလား"

ဓားကျိုးလေးကို သေသေချာချာကြည့်ပြီးနောက် လိုင်ဆစ် ကိန်းကပြောသည်။ ထိုက်ကူးချိန်က သေသေချာချာ ပိတ်ထားသော စာအိတ်တစ်ခု ထုတ်ပေးသည်။ စာအိတ်သည် ဆိတ်သားရေ အပါး စားဖြင့် လုပ်ထားသော ဆိတ်အကြောဖြင့် သီချုပ်၍ ပိတ်ထားလေ သည်။

လိုင်ဆစ်ကိန်းက ဓားကျိုးလေး၏ ကျန်သေးသော ဓားသွား ဖြင့် ဆိတ်သားရေစာအိတ်တွင် အသေပိတ်ချုပ်ထားသော ဆိတ် အကြောများကို လှီးဖြတ်ကာ စာအိတ်သို့ ဖွင့်သည်။ စာအိတ်ထဲမှ ပိတ်စအဖြူပေါ်တွင် ရေးထားသော စာတစ်စောင်ထွက်လာသည်။

လိုင်ဆစ်ကိန်းက စာကိုဖြန့်ကာ ဖတ်ကြည့်သည်။ ထိုက်ကူး ချိန်သည် ထိုင်ခုံတွင် ငြိမ်သက်စွာ ထိုင်နေသည်။ လူက ငြိမ်နေသော် လည်း သူ့စိတ်ထဲတွင်တော့ အတော်လေးပင် လှုပ်ရှားနေသည်။

"ဒီစာ ဘယ်သူရေးလဲဆိုတာ သိလား"

စာဖတ်ကြည့်ပြီးနောက် လိုင်ဆစ်ကိန်းကမေးသည်။

"ကျွန်တော် မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဖတ်ကြည့်"

လိုင်ဆစ်ကိန်းက စာကိုလှမ်းပေးသည်။

*ဒီစာကို ကျုပ်ရဲ့ သားအကြီးဆုံး ထိုက်ကူးချိန်နဲ့ ပေးလိုက်တယ်။ ခင်ဗျားမှာ သမီးမွေးတယ်ဆိုရင် သားကြီးထိုက်ကူးချိန်နဲ့ လက်ထပ်ပေးပါ။ သားမွေးရင်တော့ သွေးသောက်ညီနောင် ဖွဲ့ပါစေ။ သားသမီးမထွန်းကားဘူးဆိုရင်တော့ သားကြီးထိုက်ကူးချိန်ကို ခင်ဗျားရဲ့ မွေးစားသားအဖြစ် သတ်မှတ်လိုက်ပါတော့။*

*ခင်ဗျားကို နှုတ်ဆက်ခဲ့ပါတယ်။*

စာတွင် မည်သူမည်ဝါဟု ရည်ညွှန်းလိပ်မူထားခြင်း မရှိသလို လက်မှတ်ရေးထိုးမထားပါ။ ရေးထားသည့် လက်ရေးကတော့ မိမိဖခင် ထိုက်ကျိုထွန်း၏လက်ရေးဖြစ်ကြောင်း ထိုက်ကူးချိန် မှတ်မိသည်။

စာ၏ထိပ်ဘက်ပိုင်းတွင် မိကျောင်းတစ်ကောင်၏ ရုပ်ပုံရေးထားသည်။ စာ၏အောက်ပိုင်းတွင် ခြသေ့်တစ်ကောင်ပုံ ရေးဆွဲထားသည်။

"မင်းအဖေ ကွယ်လွန်သွားတာ ဘယ်လောက်ကြာပြီလဲ"



ထိုက်ကူးချိန် စာဖတ်ပြီးသွားသောအခါ လိုင်ဆစ်ကိန်းက မေးသည်။ မိမိ၏ ဖခင်ကြီး ကွယ်လွန်သွားကြောင်းလည်း သိနေမှုအတွက် ထိုက်ကူးချိန် မအံ့ဩတော့ပါ။ လိုင်ဆစ်ကိန်းနှင့် မိမိ၏ဖခင်ကြီးတို့အကြားတွင် ထူးခြားသည့် ဆက်နွယ်ပတ်သက်မှုများ ရှိနေကြောင်းကို ထိုက်ကူးချိန် ရိပ်မိနားလည်နေလေပြီ။

"လွန်ခဲ့တဲ့သုံးလက ကွယ်လွန်သွားတာပါ၊ ဖေဖေရဲ့ ဈာပနကိစ္စ ဆောင်ရွက်ပြီးတာနဲ့ ဖေဖေမှာကြားခဲ့တဲ့အတိုင်း ဦးရီးတော်တို့ဆီကို ထွက်လာခဲ့တာပါ"

ထိုက်ကူးချိန်က ပြန်ပြောသည်။

"ငါ့အကြောင်း မင်းအဖေ ပြောပြဖူးသလား"

"မပြောဖူးပါဘူး"

"သူနဲ့ငါ ဘယ်လိုဆက်နွယ်ပတ်သက်နေတယ်ဆိုတာလည်း မင်း မသိဘူးပေါ့"

"ဟုတ်ကဲ့ ... မသိပါဘူး"

"မင်းအဖေနဲ့ငါနဲ့ဟာ အရမ်းခင်မင်တဲ့ မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်ခဲ့ကြသလို နှစ်ယောက်ကြားမှာ မကျေလည်နိုင်တဲ့ အငြိုးအကျိတ်အခဲရှိတဲ့ ရန်သူကြီးတွေလည်း ဖြစ်ကြတယ်"

ထိုက်ကူးချိန် အလန့်တကြားပင် လိုင်ဆစ်ကိန်းကိုကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လိုင်ဆစ်ကိန်းက လက်အသာ ကာပြလျက် ဆက်ပြောသည်။

"အငြိုးအတေးကြီးပေမယ့် အရမ်းခင်မင်ရင်းနှီးခဲ့ကြမှုတွေကို ထောက်ထားပြီး တစ်ယောက်အပေါ် တစ်ယောက်တော့ အမုန်းမပွားခဲ့ကြပါဘူး၊ ရင်ဆိုင်တိုက်ခိုက်ကြဖို့လည်း ဘယ်သူကမှ မကြိုးစားခဲ့ပါဘူး"

"သူလည်းသူ့လမ်းသူသွား၊ ငါလည်း ငါ့လမ်းငါသွားပြီး ခပ်တင်းတင်း နေခဲ့ကြတယ်၊ ငါတို့နှစ်ယောက်အကြားမှာ ရှိနေတဲ့ အငြိုးအတေး အကျိုတ်အခဲဟာ ဘာလဲဆိုတာကိုတော့ မင်းတို့လူငယ်တွေ မသိသင့်တာမို့ မပြောတော့ဘူး၊ အရမ်းကြီးမားတဲ့ အငြိုးအတေး အကျိတ်အခဲကြီးဆိုတာလောက်ပဲ သိထားကြပေတော့"

"ဘယ်လောက် အငြိုးအတေး ကြီးသလဲဆိုရင် သူဖြစ်ဖြစ် ငါဖြစ်ဖြစ် တစ်ယောက်ယောက် သေသွားမှသာ ပြေလည်မယ့် အကျိတ်အခဲပဲ"

"ဒီလို အခြေအနေရှိလျက်နဲ့ တစ်ယောက်ကိုတစ်ယောက် လည်း မသတ်ရက်ကြဘူး၊ အခုတော့ မင်းအဖေ ကွယ်လွန်သွားပြီ၊ ငါတို့နှစ်ယောက်အကြားမှာ ရှိခဲ့တဲ့ အငြိုးအတေး အကျိတ်အခဲလည်း ပြေလည်ပပျောက်သွားပြီ၊ ဒါကို မင်းအေးသေချာချာ နားလည်သဘောပေါက်စေချင်တယ်"



"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်"

"အခု ငါ့မှာ သမီးတစ်ယောက် မွေးထားတယ်၊ မင်းအဖေရဲ့ ကမ်းလှမ်းထားချက်ကို ငါ လက်ခံသဘောတူတယ်၊ မင်းနဲ့ယုဝန်ကို စေ့စပ်ကြောင်းလမ်းပေးမယ်၊ မင်း ဘယ်လိုသဘောရသလဲ"

ထိုက်ကူးချိန် အတော်ပင် အဖြေရခက်သွားသည်။ သူသည် အမျိုးသမီးများကို စိတ်ဝင်စားခြင်းမရှိဘဲ သိုင်းပညာကိုသာ အာရုံစိုက် လေ့ကျင့်သင်ကြားခဲ့သည်။ ချစ်သူ ရည်းစားလည်း မရှိသေးပါ။

လိုင်ယုဝန်ကိုမူ စတင်ဆုံစည်း တွေ့မြင်ခဲ့သည့်အချိန်ကပင် စိတ်ဝင်စားမှုရှိခဲ့သည်။ မေတ္တာ တိမ်းညွတ်ခဲ့သည်။ တစ်သက်လုံး ထိန်းသိမ်းလာခဲ့သော ဣန္ဒြေသိက္ခာတို့ကြောင့် မိမိစိတ်တွင်း ပေါ်ပေါက်ခဲ့သော ချစ်မေတ္တာကို အခြားသူများ မရိပ်မိအောင် ဖုံးကွယ်ထားခဲ့သည်။

လိုင်ယုဝန်နှင့် စေ့စပ်ရမည်ဆိုလျှင် ထိုက်ကူးချိန် များစွာ နှစ်ထောင်းအားရ ပျော်ရွှင်မည်အမှန်။ သို့သော် လိုင်ဆစ်ကိန်း၏ ရှေ့မှောက်တွင် လိုင်ယုဝန်တို့ နှစ်သက်သဘောကျပါသည်ဟု ပြောချရမည်ကိုတော့ တကယ်ပင် မျက်နှာပူ၍ နေသည်။

ပြောမထွက်၊ မပြောချင်။ ပြီးတော့ လိုင်ယုဝန်၏ သဘောထားကိုလည်း သိချင်သေးသည်။ မိမိအပေါ် စိတ်ဝင်စားခြင်းမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



နှင့် နှစ်ဖက်မိဘများ၏ စီစဉ်မှုကြောင့် စေ့စပ်ကြောင်းလမ်းရတာမျိုးလည်း မဖြစ်စေလို။

"ငါတို့က သိုင်းသမားတွေဆိုတော့ လွတ်လွတ်လပ်လပ် လုပ်ဆောင်နေထိုင်ကြသလို အိမ်ထောင်ရေးကိစ္စမှာလည်း ပွင့်ပွင့်လင်းလင်းပဲ၊ ရှေးရိုးအစဉ်အလာကို ဆန့်ကျင်ပယ်ဖျက်တာမျိုး မဟုတ်ပေမယ့် နှစ်ဖက်မိဘက သဘောတူ စေ့စပ်တာကို ဒီအတိုင်း လိုက်နာရတာတော့ မရှိစေချင်ဘူး၊ လူငယ်တွေ အချင်းချင်းလည်း စိတ်သဘောမျှဖို့လိုတယ်၊ ဒါကြောင့် မင်းစိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်၊ ဘာမှ အားနာစရာမလိုဘူး"

ထိုက်ကူးချိန်က အပြောရခက်နေသည်ကို အကဲခတ်မိဟန်ဖြင့် လိုင်ဆစ်ကိန်းကပြောသည်။

"ဟုတ်ကဲ့၊ ဟို ... ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကတော့ ဟိုသင်း ... ကျွန်တော်တို့ လူငယ်အချင်းချင်း အဲ ... အဆင်ပြေအောင်-ဟို ... အရင်လုပ်ကြည့်ချင်ပါတယ်"

ထိုက်ကူးချိန်လည်း ရှေ့မျက်နှာနောက်ထားကာ အရဲစွန့်၍ ပြောလိုက်သည်။

"ကောင်းပြီလေ ... မင်းတို့လူငယ်ချင်း အဆင်ပြေကြတဲ့အခါကျမှပဲ စေ့စပ်ကြောင်းလမ်းတာကို စဉ်းစားကြတာပေါ့"





ထိုက်ကူးချိန်၏စိတ်ထဲတွင် တစ်စုံတစ်ရာ လစ်ဟာဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

"ဒီဓားကျိုးလေးနဲ့ပတ်သက်ပြီး မင်းအဖေက ဘာများ အထွေအထူး မှာကြားခဲ့သေးလဲ"

လိုင်ဆစ်ကိန်းက ဆက်မေးသည်။

"အထွေအထူးရယ်လို့တော့ မဟုတ်ပါဘူး၊ သူ ကွယ်လွန်သွားပြီးရင် ဒီဓားကျိုးလေးကို ဦးရီးတော်ဆီ သွားပြရမယ်လို့ပဲ မှာခဲ့ပါတယ်၊ ဦးရီးတော်နဲ့ တွေ့ရင် ရွတ်ပြရမယ့်စကားတွေကိုလည်းပဲ ကျွန်တော့်ကို ပြောပြခဲ့ပါတယ်"

"ဒီလောက်ပဲလား"

"ဒီဓားကျိုးလေးကိုပြလိုက်ရင် ဦးရီးတော်က ကျွန်တော်တို့ ညီနောင်ကို နေရာတစ်ခုဆီ လမ်းညွှန်လိမ့်မယ်၊ အဲဒီနေရာကို အရောက် သွားနိုင်ရင် အကျိုးအများကြီး ရလိမ့်မယ်လို့တော့ မှာကြားခဲ့ပါသေး တယ်"

"ဘယ်လိုနေရာမျိုးလဲဆိုတာကို အရိပ်အမြွက် ပြောပြခဲ့သေးလား"

"မပြောပြခဲ့ပါဘူး"

"ဘယ်လိုအကျိုးမျိုး ရနိုင်မယ်ဆိုတာကိုကော"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုလည်း မပြောပါဘူး၊ အကျိုးအများကြီးရမယ်လို့ပဲ ပြောခဲ့ပါတယ်"

"မင်းတို့ညီအစ်ကို အေးအေးဆေးဆေး အနားယူကြပါဦး၊ မင်းတို့ ခရီးထွက်နိုင်ဖို့ ငါစီစဉ်ပေးမယ်၊ မင်းသွားနိုင်ပြီ"

"ဟုတ်ကဲ့ ... ဦးရီးတော်တို့ ဂါရဝပြုပါတယ်"

ထိုက်ကူးချိန် ထိုင်ရာမှထကာ လိုင်ဆစ်ကိန်းကို ဦးညွှတ် အရိုအသေပေးသည်။

"ရှေ့ ... ဒီမားကျိုးလေး ပြန်ယူထား၊ ငါနဲ့ စတွေ့တုန်းက ပြောခဲ့တဲ့ စကားတွေကိုလည်း တစ်လုံးမှ မမေ့အောင် သတိပြုမှတ်ထားပေတော့"



ထိုက်ကူးချိန်သည် စာကြည့်ခန်းထဲမှထွက်ကာ ထိုက်ကူး ယောက်တို့ စောင့်ကျန်ရစ်ကြသည့် စင်္ကြံလမ်းကွေ့အဆောင်ငယ် လေးသို့ ပြန်လာခဲ့သည်။

အဆောင်ငယ်လေးထဲတွင် ထိုက်ကူးသောက်နှင့် လိုင်ယုဝန် တို့နှစ်ယောက် ရယ်ရယ်မောမောနှင့် စကားပြောဆိုနေကြသည်ကို လှမ်းတွေ့ရသည်။

စကားကောင်းနေကြသော ထိုက်ကူးသောက်နှင့်လိုင်ယုဝန် တို့သည် ထိုက်ကူးချိန်ကို ချက်ချင်းမမြင်ကြသေး။ ရယ်လားမောလားနှင့် ရင်းနှီးစွာ စကားပြောနေကြသည်။

အဆောင်ငယ်လေးနှင့် ခြေလှမ်းဆယ်လှမ်းလောက်အကွာ သို့ ထိုက်ကူးချိန် ရောက်လာတော့မှပင် လှမ်းမြင်ကြလေသည်။ ချက်ချင်းပင် စကားစဖြတ်ကာ အဆောင်ငယ်လေးထဲမှ အပြေးအမော ထွက်လာကြသည်။

"အစ်ကိုကြီး ဘာထူးလဲ"

"ဘာကိစ္စလဲဆိုတာ ပြောလို့ရပြီလားဟင် အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကူးသောက်နှင့် လိုင်ယုဝန်တို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် မေးမြန်းကြသည်။ လိုင်ဆစ်ကိန်းနှင့် သွားရောက်တွေ့ဆုံပြောဆိုသည့်အကြောင်းကို သူတို့နှစ်ယောက်လုံး သိချင်စိတ် ပြင်းပြနေသည်။

"အဆင်ပြေပါတယ်လို့ ပြောရမှာပဲ၊ အကြောင်းကိုတော့ သေသေချာချာ မပြောနိုင်သေးဘူး၊ ခရီးထွက်ကြဖို့တော့ ရှိလိမ့်မယ်"

ထိုက်ကူးချိန်က အဖြေပေးသည်။

"အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ ညီအစ်ကိုနှစ်ယောက်ပဲလား၊ ကျွန်မတို့ဂေဟာက လူတွေကော ပါဦးမလား"

"အဲဒါကိုတော့ တို့လည်းမပြောတတ်ဘူး"

"အစ်ကိုကြီးဟာကလည်း ဘာမှ ရေရေရာရာ မဟုတ်ပါလား၊ ဖေဖေ့ကို ကျွန်မဘာသာပဲ သွားမေးတော့မယ်"

စကားအဆုံးတွင် လိုင်ယုဝန် စာကြည့်ခန်းရှိရာသို့ အပြေးလေး ထွက်သွားသည်။ ထိုက်ကူးချိန် အဆောင်ငယ်ထဲသို့ဝင်၏။ ထိုက်ကူးသောက်လည်း နောက်မှလိုက်လာသည်။

ညီအစ်ကိုနှစ်ယောက် မထိုင်ဖြစ်ကြ။ အဆောင်ငယ်လေးထဲတွင် မတ်တတ်ရပ်၍သာ နေကြ၏။ အစ်ကိုဖြစ်သူ ဘာပြောလေဦးမည်နည်းဟု ထိုက်ကူးသောက် အသာနားစွင့်နေသည်။ ထိုက်ကူး



ချိန်သည် စာကြည့်ခန်းရှိရာဘက်သို့သာ ငေးမောသလို လှမ်းကြည့်နေသည်။ ဘာမျှမပြော။

"ဖေဖေပေးလိုက်တာ ဘာပစ္စည်းတွေလဲဟင် အစ်ကိုကြီး"

ထိုက်ကူးချိန် ငြိမ်နေသောကြောင့် ထိုက်ကူးသောက်က မေးလိုက်သည်။ ဖခင်ဖြစ်သူ မသေဆုံးမီ ထိုက်ကူးချိန်အား မှာကြားပြောဆိုနေသည်ကို ထိုက်ကူးသောက် တစ်စွန်းတစ်စ သိမြင်ထားသည်။ ဓားသုံးလက်ဂေဟာရှင်အား ပေးရန်ပစ္စည်းများ အစ်ကိုကြီး၏လက် အပ်သည်ကိုလည်း သိသည်။

ဘာပစ္စည်းတွေဖြစ်သည်ဆိုခြင်းကိုတော့ အတိအကျမသိပေ။ စပ်စုလိုစိတ် မရှိသော်လည်း ထိုက်ကူးချိန် နှုတ်ဆိတ်နေသောကြောင့် စကားအစပျိုးသည့်အနေဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဓားကျိုးတစ်လက်နဲ့ ဆိတ်သားရေ စာအိတ်ပါ၊ ငါတို့ ညီအစ်ကို ခရီးထွက်ကြရလိမ့်မယ်၊ ငါထင်တာ မမှားဘူးဆိုရင်တော့ ငါတို့သွားမယ့်နေရာဟာ အဆင့်မြင့် သိုင်းပညာနဲ့ ပတ်သက်တဲ့နေရာ ဖြစ်လိမ့်မယ်၊ သိုင်းကျမ်း ဒါမှမဟုတ် လက်နက်ဆန်းတစ်ခုခု၊ ဒါမှမဟုတ်ရင်လည်း သိုင်းပညာ လေ့ကျင့်ရာမှာ အများကြီး အထောက်အကူပေးနိုင်မယ့် ဆေးစွမ်းကောင်း တစ်ခုမဟုတ်တစ်ခု ရှိလိမ့်မယ်"

ထိုက်ကူးချိန်ပြောသည်မှာ ယေဘုယျကျလွန်းသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကူးသောက်မှာ မချင့်မရဲ ဖြစ်မိသည်။ သည်ထက်ပို၍ သိချင်ကြားချင်သည်။

သို့သော် ထိုက်ကူးချိန်က သည်မျှသာပြောပြသည့်အတွက် ထိုက်ကူးသောက်မှာလည်း သိလိုပါသော်လည်း ထပ်မမေးဖြစ်တော့ပါ။

✵



"ဟော ... သမီးရောက်လာတာ အတော်ပဲ၊ ဖေဖေက သမီးကို အရှာခိုင်းလိုက်တော့မလို့ ... လာ လာ"

စာကြည့်ခန်းထဲသို့ ဝင်လာသော သမီး လိုင်ယုဝန်ကို တွေ့ရသောအခါ လိုင်ဆစ်ကိန်းက လှမ်း၍ ခေါ်လေသည်။ ဖခင်ထံမှ မိမိသိလိုသည်များကို လှည့်ပတ်မေးကြည့်ရန် စိတ်ကူးဖြင့် လာခဲ့သော လိုင်ယုဝန်အတွက် အဆင်ပြေသွားသည်ဟု ဆိုရမည်။

ဖခင်၏စကားအရ ထိုက်ကူးချိန်နှင့် ဆုံတွေ့ခဲ့သည့် အကြောင်းကိစ္စများကို ပြောပြလိမ့်မည်ဟု လိုင်ယုဝန်က တွက်သည်။

သည်အတိုင်းဆိုက အထွေအထူး မေးနေရာမလိုတော့ဘဲ သိလိုသည်များကို သိရပေတော့မည်။

"ဘာများ ပြောစရာရှိလဲ ဖေဖေ၊ ထိုက်မျိုးနွယ်ညီအစ်ကိုနဲ့ ပတ်သက်တဲ့ အကြောင်းတွေများလား"

လိုင်ယုဝန်က စကားလမ်းကြောင်းတော့ ပျိုးပေးလိုက်သည်။ ဖခင်နားရှိ ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်သည်။

"သမီး ဆယ့်ခြောက်နှစ်ပြည့်မွေးနေ့ပွဲအပြီးမှာ ဖေဖေနဲ့အခ

www.burmeseclassic.com

www.burmeseclassic.com



တူ ခရီးထွက်ခဲ့ကြတာကို မှတ်မိသေးလား”

“မှတ်မိပါတယ် ဖေဖေ ... သမီးတို့ မနောငြိမ်းချမ်း ချောက်ကမ်းပါးဆိုတာကို သွားခဲ့ကြတယ်လေ”

ထိုခရီးကို လိုင်ယုဝန် ကောင်းကောင်းမှတ်မိသည်။ လိုင်ယုဝန် သိတတ်ခါစအရွယ်ကပင် သူတို့မိသားစုသည် တစ်နှစ်တစ်ခေါက် ဆိုသလို ခရီးထွက်လေ့ရှိရာ မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ သွားသည့်ခရီးသည် အရှည်ဆုံး အဝေးဆုံးနှင့် အထူးခြားဆုံးဖြစ်ခဲ့သည်။

သခင်ခရီးထွက်ကြရာတွင် မိဘနှစ်ပါးလုံး အတူရှိခဲ့သော်လည်း မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ သွားရာတွင်မူ မိခင်မပါဘဲ လိုင်ဆစ်ကိန်းနှင့် လိုင်ယုဝန်တို့ သားအဖနှစ်ယောက်သာ သွားခဲ့သည်။

ပြီးတော့ ခါတိုင်းသွားသည့်ခရီးများက တန်ခိုးကြီးဘုရား၊ ရှုခင်းလှနေရာ၊ လူစည်ကားသည့်မြို့ပြ၊ ရှေးဟောင်း အဆောက်အအုံ စသည်တို့ တစ်ခုမဟုတ်တစ်ခုရှိသည့် စိတ်ဝင်စားစရာ နေရာများ ဖြစ်သည်။

မနောငြိမ်းချမ်းချောက်ကမ်းပါးဆိုသည်ကတော့ ဘာမှ စိတ်ဝင်စားစရာမရှိ။ တောနက်တောင်ကြား တစ်နေရာမှ ချောက်ကမ်းပါးတစ်ခုဖြစ်သည်။ ဘာအဆောက်အအုံ ဘာအထိမ်းအမှတ်မှ



မရှိ။

တောထဲတောင်ထဲတွင် မြင်တွေ့နေကျဖြစ်သော သစ်ပင်ချုံနွယ်များသာ ဖုံးလွှမ်းနေသည်။ လိုင်ဆစ်ကိန်းပြောပြ၍သာ ထိုနေရာ၏ အမည်သည် မနောငြိမ်းချမ်း ချောက်ကမ်းပါး ဖြစ်သည်ဟု သိခဲ့ရသည်။

သွားရသည့်ခရီးလမ်းကလည်း ကြမ်းတမ်းခက်ခဲသည်။ တောအထပ်ထပ် တောင်အသွယ်သွယ်တို့ကို တစ်လကျော်ကျော်လောက်ထိ ခက်ခဲပင်ပန်းစွာ ဖြတ်ကျော်ခဲ့ရသည်။

အပျော်ခရီးထွက်သည်ဟုပင် မဆိုနိုင်။ ခရီးကြမ်းကို သွားရခြင်းသက်သက်သာ ဖြစ်သည်။ ဖခင်ဖြစ်သူ ခေါ်၍သာ လိုက်သွားရသည်။ လိုင်ယုဝန်၏ စိတ်ထဲတွင်တော့ လှည့်ပြန်ချင်သည့်ဆန္ဒတွေ ပေါ်မိသည်က အကြိမ်ကြိမ်။

ခရီးပန်းတိုင်သို့ ရောက်သွားတော့လည်း ဘာမှ မထူးခြား။ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေသော ချောက်ကမ်းပါးတစ်ခုကို ကြည့်ခဲ့မြင်ခဲ့ရသည်။ ဖခင်ပြောပြ၍ မနောငြိမ်းချမ်းချောက်ကမ်းပါး ဟူသော အမည်ကို မှတ်သားခဲ့ရသည်။

ချောက်ကမ်းပါးထိပ်တွင် ခေတ္တနားနေပြီ ပြန်ခဲ့ကြရသည်။ ဘာအတွက်ကြောင့် သည်မျှဝေးလံသော အရပ်ကို ခက်ခက်ခဲခဲ သွား

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရသည်ကို လိုင်ယုဝန် နားမလည်ပေ။

ဉာဏ်ကောင်းသူလေးမို့ လိုင်ဆစ်ကိန်းသည် အကြောင်းထူးတစ်ခုခု မရှိဘဲနှင့် မိမိကို မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ တကူးတက ခေါ်သွားပြသမည် မဟုတ်သည်ကိုတော့ နားလည်သည်။

ဖခင်ဖြစ်သူက ပြောမပြသောကြောင့် အကျိုးအကြောင်းရေရေရာရာတော့ မသိခဲ့ပါ။

"မနောငြိမ်းချမ်း ချောက်ကမ်းပါးကို သွားရတဲ့ ခရီးလမ်းကိုလည်း မမေ့သေးဘူး မဟုတ်လား"

"ဟာ ... ဖေဖေကလည်း သွားခဲ့တာ တစ်နှစ်တောင်မှ မကြာသေးဘူး၊ ဘယ်မေ့ရမှာလဲ ... ကောင်းကောင်းမှတ်မိတယ်"

"အေး ... ကောင်းတယ်၊ အဲဒီ မနောငြိမ်းချမ်း ချောက်ကမ်းပါးကနေပြီ ဆက်သွားရမယ့် ခရီးလမ်းကြောင်းနဲ့ လမ်းညွှန်ကို ဖေဖေပြောပြမယ်၊ သေသေချာချာ နားထောင်ပြီး ခေါင်းထဲမှာ စွဲနေအောင် မှတ်ပေတော့"

✸



ငါးရက်အချိန်ကုန်လွန်သွားသည်။

ထိုငါးရက်တာ အချိန် ကာလသည် ဟန်ချက်တင်အတွက် အထူးပင် အနေရအထိုင်ရခက်သည့် ရက်များ ဖြစ်သည်။

နှင်းတောင်ဝံပုလွေဂိုဏ်းသားသုံးယောက်နှင့် တိုက်ခိုက်ခဲ့ရာမှ ရရှိခဲ့သည့် ဒဏ်ရာများကတော့ သုံးရက်အကြာတွင် လုံးဝနီးပါး သက်သာပျောက်ကင်းသွားခဲ့သည်။

သို့သော် သူ့ဖခင် မိုးမြေခြားစံအိမ်တော်သခင်ကြီး ဟန်စွမ်းတို့က ဟန်ချက်တင်အား စံအိမ်တော်ထဲတွင်ပင် ဆက်လ[illegible]ားယူနိုင်းထားရာ ဟန်ချက်တင်တစ်ယောက် ခြေချုပ်မိသလို ဖြစ်လျက် အလွန်လည်း ပျင်းရိနေသည်။

အထူးသဖြင့် လိုင်ယုဝန်နှင့် စကားစမြည်ပင် မပြောရသည့်အတွက် အရမ်းအနေရခက်နေသည်။ ငါးရက်အထိသာ ဟန်ချက်တင်သည်းခံအောင့်အည်းနေနိုင်ခဲ့သည်။

နှင်းတောင်ဝံပုလွေဂိုဏ်းသားများနှင့် ပြဿနာဖြစ်ခဲ့ပြီးငါးရက် ကျော်လွန်သွားသောအခါတွင်တော့ မိုးမြေခြားစံအိမ်တော်

www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ထွက်ခွင့်တောင်းလေတော့သည်။

အပြင်ထွက် လည်ပတ်ခွင့်မပေးလျှင် ဖွတ်အတင်း သွားတော့မည့် အခြေအနေရှိနေသည်မို့ ဟန်စွမ်းဟိုက ပြဿနာတစ်စုံတစ်ရာ မဖြစ်စေရပါဟူသော ကတိတောင်းပြီးနောက် ဟန်ချက်တင်ကို အပြင်ထွက်ခွင့်ပြုလိုက်ရလေတော့သည်။

ဖခင်ထံမှ ခွင့်ပြုချက်ရသည်နှင့် ဟန်ချက်တင်သည် တစ်ခါတည်း ဓားသုံးလက်ဂေဟာကို တန်း၍သွားလေတော့သည်။

"ဘယ့်နှယ်လဲ သခင်လေး ... ဒဏ်ရာတွေ ပျောက်သွားပြီလား"

ဓားသုံးလက်ဂေဟာအဝင် ညွှန့်ကြိုဆောင်တွင် ရှိနေသော ညွှန့်ကြိုတာဝန်ခံက ဆီး၍မေးသည်။

"ဒဏ်ရာက အသေးအမွှားပါဗျာ၊ ဖေဖေက အတင်း အနားယူခိုင်းလို့ ကျွန်တော့်မှာ အပြင်ကို မထွက်နိုင်ဘူး ဖြစ်နေတာ၊ ယုဝန်ကော ရှိတယ်မဟုတ်လား"

"ရှိပါတယ်၊ သခင်မလေးကိုတွေ့ချင်ရင် ညွှန့်ခန်းမကြီးနားက အဆောင်ငယ်လေးကိုသွား"

"ယုဝန်က အဲဒီအဆောင်ငယ်လေးမှာ ဘာသွားလုပ်နေတာလဲ"



"ဟိုသင်း ... အဲ ညွှန့်သည်တွေကို ညွှန့်ခံနေတာပါ"

ဟန်ချက်တင် ဘာမျှမပြောတော့။ ညွှန့်ခန်းမကြီးရှိရာဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားသည်။ ညွှန့်ကြိုတာဝန်ခံမှာလည်း မိမိစကားပြောဖျား မှားသွားလေပြီလားဟု စိတ်ပူရင်း ကျန်နေခဲ့သည်။

ယခုအချိန်သည် လိုင်ယုဝန် နံနက်ပိုင်း သိုင်းလေ့ကျင့်မှု ပြီးစီး၍ ခါတိုင်းဆိုလျှင် သူမ၏အဆောင်တွင် နားနေချိန်ဖြစ်သည်။ သို့သော် ယခုရက်ပိုင်းတွင်မူ သိုင်းလေ့ကျင့်မှု ပြုလုပ်ပြီးလျှင် ထိုက်ကူးချိန်တို့ထံ သွား၍ စကားပြောဆိုနေလေ့ရှိရာ ညွှန့်ကြိုတာဝန်ခံလည်း ဟန်ချက်တင်ကို ညွှန့်ခံမကြီးနားရှိ အဆောင်ငယ်သို့ လမ်းညွှန်ပေးလိုက်ခြင်းဖြစ်သည်။

လိုင်ယုဝန်ကို ဟန်ချက်တင် တစ်ဖက်သတ်ဆိုသလို စွဲစွဲလမ်းလမ်းနှင့် အချစ်ကြီးချစ်နေကြောင်းကို ဓားသုံးလက်ဂေဟာရှိ လူအားလုံးပင် သိနေကြသည်။ လိုင်ယုဝန်နှင့် ပတ်သက်လာလျှင် သဝန်တိုတတ်၊ ဒေါသဖြစ်တတ်သော ဟန်ချက်တင်၏ စိတ်ဓာတ်ကိုလည်း နားလည်ထားကြသည်။

ထိုက်ကူးချိန်တို့နှင့် လိုင်ယုဝန် ရင်းရင်းနှီးနှီး စကားပြောဆိုနေကြသည်ကို ဟန်ချက်တင်တွေ့ပြီး ဟော့ဟော့ရမ်းရမ်း ဝင်ပိုလာ

www.burmeseclassic.com

www.burmeseclassic.com



လျှင် အခက်ဟု ဧည့်ကြိုတာဝန်ခံ တွေးမိသည်။

ထို့ကြောင့် လိုရမယ်ရ ကြိုတင်ကာကွယ်စီစဉ်မှု လုပ်သည့် အနေဖြင့် ဟန်ချက်တင် ရောက်လာကြောင်းကို အစောင့်သိုင်းသမား တစ်ဦးအား စေလွှတ်၍ ဂေဟာရှင်ကြီး လိုင်ဆစ်ကိန်းထံ အမြန် အကြောင်းကြားလိုက်လေသည်။

*



ယနေ့လည်း မိမိ၏အစ်ကိုကြီး ထိုက်ကူးချိန် လိုင်ယုဝန် ဒိုင်းလေ့ကျင့်မှု ပြီးစီးချိန်လောက်တွင် တမျှော်မျှော် ဖြစ်နေသည်ကို ထိုက်ကူးသောက် အကဲခတ်မိပြန်သည်။

ထိုက်ကူးချိန်ကတော့ တတ်နိုင်သလောက် သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်းလုပ်သည်။ လိုင်ယုဝန်ကို မျှော်နေမှုမသိသာရ အောင် ဖုံးဖိသည်။

သို့သော် မိန်းကလေးများအပေါ် ယခင်က စိတ်ဝင်စားမှု မရှိဘဲ ဣန္ဒြေကြီးလှသော ထိုက်ကူးချိန်၏အနေအထား ပြောင်းလာ မှုကို ညီဖြစ်သူ ထိုက်ကူးသောက်ကတော့ ရိပ်မိသည်။ အကဲခတ်မိ သည်။

ထိုက်ကူးသောက်သည် အစ်ကို့အပေါ် အလွန်ပင် ချစ်ခင် လေးစားမှုရှိသည်။ ထိုက်ကူးချိန်၏စိတ်ထဲတွင် ဘယ်လိုမျိုးရှိသည်ကို အကဲခတ်မိသောအခါ လိုင်ယုဝန်အပေါ် တိမ်းညွတ်ချင်သလိုလိုရှိနေ သော မိမိ၏စိတ်ကို ထိန်းသိမ်းသည်။

လိုင်ယုဝန် ရောက်လာတတ်သည့်အချိန်များတွင် ထိုက်ကူး

www.burmeseclassic.com

www.burmeseclassic.com



ချိန်နှင့် လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စကားပြောနိုင်အောင် ထိုက်ကူးသောက်က မသိမသာ ရှောင်ပေးနေသည်။

သည်နေ့တွင်လည်း လိုင်ယုဝန် နံနက်ခင်း သိုင်းလေ့ကျင့်မှု ပြီးချိန်လောက်တွင် ထိုက်ကူးသောက်သည် အကြောင်းမရှိ အကြောင်းရှာကာ သူတို့တည်းခိုနေထိုင်ရာ အဆောင်ငယ်လေးမှ ထွက်လာခဲ့သည်။

ခည့်ခန်းမကြီးအနားရှိ စင်္ကြံလမ်းကွေ့သို့ ရောက်သောအခါ မိမိတို့ တည်းခိုနေထိုင်ရာ အဆောင်ငယ်လေးဘက်သို့ လာနေသော လိုင်ယုဝန်ကို လှမ်းတွေ့ရလေသည်။

"ဟေး ... ကူးသောက်"

လိုင်ယုဝန်က လှမ်းအသံပြုသည်။ ထိုက်ကူးသောက်သည် အသာရှောင်ထွက်သွားရန် ပြုသော်လည်း လိုင်ယုဝန်က လှမ်းခေါ်သောကြောင့် မသွားသာတော့။

ခြေလှမ်း တုံ့ရပ်လိုက်ရသည်။ လိုင်ယုဝန်သည် ထိုက်ကူးသောက်ရှိရာဘက်သို့ လှည့်၍လာသည်။

"ဘယ်သွားမလို့လဲ"

"ဟို ဟို ... အဲ ... ဒီလိုပါပဲ၊ အညောင်းပြေ လမ်းလျှောက်ထွက်လာတာ"



ထိုက်ကူးသောက်မှာ ဘယ်ကိုသွားရမည်ဟု စိတ်ကူး ရည်ရွယ်ချက်မရှိ။ ဟိုဟိုသည်သည် လျှောက်သွားသလိုရှိနေရာ လိုင်ယုဝန် မေးလာသည်ကို အတိအကျ ဖြေဖို့ခက်နေသည်။

"ကျွန်မတို့ မနက်ဖြန် ခရီးထွက်ရမယ်တဲ့"

သူတို့လူစု ခရီးထွက်ရန် ပြင်ဆင်စီစဉ်ထားကြပြီးဖြစ်၏။ ခရီးထွက်ရမည့်အချိန်ကိုသာ မသတ်မှတ်ရသေးပေ။

"ဪ ... ဟုတ်လား၊ အစ်ကိုကြီးရော သိပြီးပြီလား"

"ဘယ်သိဦးမှာလဲ ... ဒီနေ့မနက် သိုင်းလေ့ကျင့်ပြီးတော့မှ ဖေဖေက ပြောတာ၊ ရှင်တို့ အသင့်ရှိကြတယ် မဟုတ်လား"

"အဆင်သင့်ပါပဲ ... ဟော"

သူတို့နှစ်ယောက်အနားသို့ လူတစ်ယောက် ရုတ်ခနဲ ရောက်လာသောကြောင့် ထိုက်ကူးသောက်မှာ စကားပြောရင်း နှုတ်ဆက်သလိုလို အံ့ဩသလိုလို အာမေဍိတ်သံ ပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားသုံးလက်ဂေဟာ ညှို့ကြိုတာဝန်ခံ၏ လိုင်ယုဝန် တစ်ယောက် ညှို့သည်များကို ညှို့ခံနေသည်ဆိုသော စကားကြောင့် ဟန်ချက်တင်၏စိတ်ထဲ စနိုးစနောင့် ဖြစ်ခဲ့ရသည်။

ဟန်ချက်တင်သည် မိုးမြေဓားစံအိမ်တော်တွင် အိမ်တွင်းအောင်းသလိုမျိုး ငါးရက်တိုင်တိုင် နေခဲ့ရသော်လည်း ထိုက်ကူးချိန်တို့ ညီအစ်ကိုနှစ်ယောက် ဓားသုံးလက်ဂေဟာတွင် တည်းခိုနေထိုင်ကြောင်းကိုတော့ သိထားခဲ့သည်။

လိုင်ယုဝန်နှင့်ပတ်သက်သည့် အကြောင်းများအပေါ်တွင်သာ အာရုံထားသော ဟန်ချက်တင်သည် ထိုက်ကူးချိန်တို့ညီနောင် အကြောင်း သိပ်စိတ်မဝင်စားပါ။

လိုင်ယုဝန်သည် ဓားသုံးလက်ဂေဟာတွင် လာရောက်တည်းခိုနေထိုင်သော ညှို့သည်များနှင့် ခပ်တန်းတန်း ခပ်တည်တည်သာ နေထိုင်ပြောဆိုတတ်သည်ကိုလည်း ဟန်ချက်တင်က သိထားသည်။

သို့ရာတွင် စောစောက ကြားခဲ့ရသော ညှို့ကြိုတာဝန်ခံ၏



စကားနှင့် ဆက်စပ်ကြည့်လျှက် ထိုက်ကူးချိန်တို့ညီနောင်ကို လိုင်ယုဝန် ရင်းရင်းနှီးနှီး ဆက်ဆံညှို့ခံနေတာဖြစ်ပေမည်ဟု တွေးမိသော အခါတွင်မူ ဟန်ချက်တင်၏စိတ်ထဲတွင် ခံပြင်းစိတ်တွေ အလိပ်လိပ် ထလာသည်။

အခြေအနေမှန်ကို သိနိုင်ရန် ညှို့ခန်းမကြီးဘေးနားရှိ အဆောင်ငယ်သို့ အမြန်လာခဲ့သည်။ ထိုအဆောင်ငယ်ရှိရာသို့ မရောက်မီ ညှို့ခန်းမကြီးဘေး စင်္ကြံလမ်းတစ်နေရာတွင် လိုင်ယုဝန်သည် လူရွယ်တစ်ယောက်နှင့် ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် စကားပြောဆိုနေသည်ကို တွေ့ရသောအခါတွင်တော့ စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သည်။

နာမည်ကို အတိအကျမသိသော်လည်း ထိုလူရွယ်မှာ ထိုက်မျိုးနွယ် ညီအစ်ကိုနှစ်ယောက်မှ တစ်ယောက်ဖြစ်နေသည်ကိုတော့ ဟန်ချက်တင် မှတ်မိသည်။ ဟန်ချက်တင်သည် လိုင်ယုဝန်တို့ရှိရာသို့ တန်း၍ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အနားသို့ရောက်လာသော ဟန်ချက်တင်ကြောင့် လိုင်ယုဝန်ပါ အံ့အားသင့်သွားသည်။ ထိုက်ကူးသောက်က နှုတ်ဆက်မည်ပြုသေးသည်။ သို့သော် ဟန်ချက်တင်၏ သုန်မှုန်တင်းမာနေ သော မျက်နှာထားကြောင့် နှုတ်ဆက်ရခက်ကာ အမ်းတမ်းတမ်း ဖြစ်သည်။

"ဟယ် ... ချက်တင် နင်ရောက်လာတယ်၊ အတော်ပဲ လာလာ နင့်ကိုငါ ပြောစရာရှိတယ်"

ဟန်ချက်တင်အကြောင်းသိထားသော လိုင်ယုဝန်သည် တစ်ခုခုဖြစ်နိုင်ကြောင်း မှန်းဆမိသည့်အတွက် နှုတ်ဆက်စကားအမြန်ဆိုကာ ဟန်ချက်တင်၏ ညာလက်ကိုဆွဲ၍ ထိုနေရာမှ ခေါ်ထုတ်လာခဲ့သည်။

ဟန်ချက်တင်လည်း လိုင်ယုဝန်ခေါ်ရာနောက် ပါသွားသည်။ ထိုက်ကူးသောက်ကိုတော့ မကျေနပ်သည့်အကြည့်ဖြင့် တစ်ချက် ကြည့်သွားသေးသည်။

ထိုက်ကူးသောက်၏ စိတ်ထဲတွင်လည်း ထောင်းခနဲတော့



ဖြစ်သည်။ ဟန်ချက်တင်၏ လူမိုက်အကြည့်ကို သဘောမကျ။ ထို့ပြင် လိုင်ယုဝန်က ဟန်ချက်တင်အပေါ် အထူးရင်းနှီးစွာ ပြုမူခဲ့သမျှအပေါ်လည်း မကြည်လင်သလို ဖြစ်သည်။

စိတ်ရှိင်းဝင်သလိုလိုရှိမှုကို ထိုက်ကူးသောက် အချိန်မီ ထိန်းသိမ်းသည်၊ ဖြေဖျောက်သည်။ ထိုအချိန်မှာပင် သူ့အနားသို့ ထိုက်ကူးချိန် ရောက်လာသည်။ ထိုက်ကူးချိန်၏ မျက်နှာအမူအရာ သိသိသာသာ ပျက်နေသည်။

ဟန်ချက်တင်ကို လိုင်ယုဝန်က အလွန်ရင်းနှီးစွာ လက်ဆွဲခေါ်သွားမှုကို မိမိနည်းတူ မြင်၍ ထိခိုက်နာကျင်ခံစားနေရကြောင်း ထိုက်ကူးသောက် နားလည်သည်။

ထိုက်ကူးချိန်သည် ရောက်ချိန်တန်လျက် လိုင်ယုဝန် ရောက်မလာသေးသည့်အတွက် မနေတတ် မထိုင်တတ်ဖြစ်ကာ အပြင်ထွက်၍ အရိပ်အခြည်အကြည့်တွင် လိုင်ယုဝန်က ဟန်ချက်တင်ကို ပူးပူးကပ်ကပ် ဆွဲခေါ်သွားသည်ကို လှမ်းမြင်လျက် နင့်ခနဲပင် ခံစားသွားရခြင်းဖြစ်သည်။

"ဟော အစ်ကိုကြီး ...ဘယ်သွားမလို့လဲ၊ မနက်စာစားအပြီး အညောင်းပြေ လမ်းလျှောက်ထွက်လာတာလား"

အစ်ကိုက စိတ်ထဲတွင် ဘယ်လိုခံစားယိခိုက် နာကျင်သည်

www.burmeseclassic.com

www.burmeseclassic.com



ရေညိုစမ်းသည် တောင်ညိုတောင်ကြားလမ်း အဝင်ဝတွင် ရှိသော စမ်းပေါက်နေရာဖြစ်သည်။

တောင်ညိုတောင်ကြားလမ်းကို ဖြတ်ကျော်သွားလျှင် အနောက်ပိုင်း သဲကန္တာရမြောက်ဘက်ပိုင်း၏ အစပ်ဖြစ်သော မြေနီရိုင်းဒေသကို ရောက်သည်။

မြေနီရိုင်းဒေသ တစ်နေရာတွင် ရှေးဟောင်းမြို့ပျက်ကြီး တစ်ခုရှိသည်ဟု သတင်းကြီးနေသည်။

ထိုရှေးဟောင်းမြို့ပျက်ကြီးတွင် ရှေးဟောင်းသိုင်းပညာများ ရှိသည်ဟုလည်း ပြောဆိုနေကြသည်။

ထိုရှေးဟောင်းမြို့ပျက်ကြီးကို ရှာဖွေကြသည့် သိုင်းသမားများ မနည်းတော့ပါ။

ရှာ၍တွေ့၊မတွေ့ကတော့ သေချာသည့်သတင်းများ မကြားရ။

ယခုအချိန်တွင် ရေညိုစမ်းနှင့် တောင်ညိုတောင်ကြားလမ်း တို့တွင် ကန္တာရ မြေခွေးဂိုဏ်းက အနိုင်အမာ အခြေချ၍နေသည်။



ကန္တာရမြေခွေးဂိုဏ်းသည် ရှေးဟောင်းမြို့ပျက်ကြီးမှ ရှေးဟောင်းသိုင်းပညာများကိုအရယူရန် အကြီးအကျယ် ကြိုးပမ်းနေသော ဂိုဏ်းတစ်ခုဖြစ်သည်။

ရှေးဟောင်းမြို့ပျက်ကြီးကို ကန္တာရမြေခွေးဂိုဏ်းက ရှာတွေ့ခဲ့သော်လည်း ရှေးဟောင်း သိုင်းပညာများကိုတော့ ဖော်ထုတ်ရယူနိုင်ခြင်း မရှိသေးကြောင်းလည်း သတင်းကြားရသည်။

အခြားသော သိုင်းသမားများ မြေနီရိုင်းဒေသထဲသို့ ဝင်ရောက်၍ ရှေးဟောင်းမြို့ပျက်ကြီးကို ရှာဖွေခြင်းမပြုနိုင်ရန် ပိတ်ဆို့တားဆီးသည့်အနေဖြင့် ကန္တာရမြေခွေးဂိုဏ်းက ရေညိုစမ်းနှင့် တောင်ညိုတောင်ကြားလမ်းတို့တွင် အခိုင်အမာ အခြေချနေခြင်း ဖြစ်သည်။

အခြားသိုင်းသမားများ မလာနိုင်ရန် ဟန့်တားထားလျက် ကန္တာရမြေခွေးဂိုဏ်းတစ်ဂိုဏ်းတည်းက အချိန်ယူ၍ ရှေးဟောင်းသိုင်းကျမ်းများကို အရှာနေခြင်း ဖြစ်သည်ဟု ရှားလူက ပြောပြသည်။

"မမက အတော်ကို ပြည့်ပြည့်စုံစုံ သိတာပဲကိုး"

"တို့လည်း မြေနီရိုင်းဒေသကို ဝင်နိုင်ဖို့ စိတ်ကူးနဲ့ ကြံစည်ကြိုးစားနေတာကိုးကွ၊ ဒီလောက်တော့ သိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ၊ ငါတို့ခရီးထွက်မယ့်ကိစ္စ ဘယ်သူ့ကိုမှ မပြောရဘူးလို့ တင်းတင်းကျပ်ကျပ် မှာထားလို့ပါ"

"ဘာပြောတယ်၊ နင်တို့ခရီးထွက်မှာ ဟုတ်လား"

"ဟုတ်တယ်"

"နင်က သူတို့နဲ့အတူတူ ခရီးသွားမယ်ပေါ့"

"ကျွတ် ... ချက်တင်ကလည်းဟာ ဘယ်လိုဖြစ်နေတာလဲ၊ ဖေဖေကိုယ်တိုင် တာဝန်ပေးပြီး စေလွှတ်တဲ့ကိစ္စ သွားလုပ်ရမှာ"

"နင်တို့ ဓားသုံးလက်ဂေဟာရဲ့ ကိစ္စမှာ ဟိုနှစ်ယောက်က ဘာကြောင့် ကန့်လန့်ကန့်လန့်နဲ့ လိုက်ပါနေရတာလဲ"

"အဲဒါကိုတော့ ဖေဖေက သေသေချာချာ ပြောပြမထားလို့ ငါလည်း ကောင်းကောင်းနားမလည်ဘူး။ သူတို့မိဘတွေနဲ့ ငါ့မိဘတွေ ဟိုးအရင်က အတူတူပူးပေါင်း လုပ်ခဲ့ကြပြီး မအောင်မြင်ခဲ့လို့ ငါတို့က ဆက်လုပ်ရမယ်လို့ပဲ ထင်မိတယ် ... ဟုတ်,မဟုတ်တော့ မသိဘူး"

"တော်ကွာ ... တကယ်ပါပဲ"

ဟန်ချက်တင်၏မျက်နှာ ပိုသုန်မှုန်လာသည်။

"ငါကလည်း ခရီးဝေးဝေး သိပ်မသွားချင်ပါဘူးဟာ၊ ဖေဖေ ကိုယ်တိုင်က တာဝန်ပေးစေလွှတ်ပြီး မျိုးဆက်အရေးကိစ္စလည်း ဖြစ်နေတာကြောင့် မလွဲသာဘဲ သွားရမှာပါ"



"နင့်အတွက် အဖော်တွေဘာတွေ မပါဘူးလား"

"ဟာ ... မပါဘဲနေမှာလားဟ၊ မမယိတင်လည်း အတူ လိုက်လိမ့်မယ်"

"ငါရော လိုက်လို့ရမလား၊ ဦးလေးကို ငါသွားပြောမယ်"

"နင်လိုက်လာရင်တော့ ငါ့အတွက် အများကြီး အားရှိတာပေါ့၊ ဒါပေမဲ့ ငါတို့မျိုးဆက်ရဲ့ လျှို့ဝှက်ကိစ္စဖြစ်နေတာကြောင့် နင် လိုက်လို့ရမှာမဟုတ်ဘူး၊ ငါသိပ်မကြာပါဘူးဟာ ပြန်ရောက်လာမှာပါ၊ နင့်အတွက် လက်ဆောင်ကောင်းကောင်း ငါယူလာခဲ့ပေးမယ် ဟုတ်လား"

ဟန်ချက်တင်က ရှုံးရှုံးရွဲရွဲဖြစ်ပြီး ဟောဟောဒိုင်းဒိုင်း လျှောက်လုပ်မည်စိုးသောကြောင့် လိုင်ယုဝန်က ကျေနပ်အောင် ကြံဖန်ပြောဆို နှစ်သိမ့်ပေးနေသည်။ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေ ဖြစ်သောကြောင့် ဟန်ချက်တင်၏ အထာကို လိုင်ယုဝန် ကောင်းကောင်းကျွမ်းသည်။ ဘယ်ပုံဘယ်နည်းနှင့် ချော့မော့ဖြေသိမ့်ရမည်ကို သိသည်။

"မမယိတင်လည်း အတူပါမှာ သေချာတယ်နော် ယုဝန်"

"ဟုတ်ပါတယ် ချက်တင်ရဲ့ ... နင့်ကို ငါက လိမ်ရမှာလား၊ နင် မယုံရင် မနက်ဖြန်မနက် ငါတို့ ခရီးထွက်တော့ နှုတ်ဆက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ပေါ့"

"နင်တို့ ဘယ်အချိန် ခရီးစထွက်ကြမှာလဲ"

"အရဏ်တက်ပြီးတာနဲ့ထွက်မှာ"

✵ ✵ ✵



## အခန်း (၃)

နောက်တစ်နေ့နံနက် ...။

အရုဏ်ဦး ရောင်နီမသန်းခင်မှာပင် ဟန်ချက်တင်သည် မိုးမြေဓားစံအိမ်တော်မှ တိတ်တဆိတ် ထွက်လာခဲ့သည်။

မိမိ ခရီးရှည်ထွက်သွားကြောင်းကိုတော့ စာရေးကာ အိပ်ရာပေါ်တွင် အလွယ်တကူ မြင်သာအောင် ချထားခဲ့လေသည်။ ဟန်ချက်တင်သည် ခပ်ပေပေ နေထိုင်ပြုမူတတ်သော်လည်း သည်လိုမိုးကြောင်နိုးဝှက်အလုပ်မျိုး ယခင်က တစ်ခါမှ ပြုလုပ်ခဲ့ဖူးခြင်း မရှိသောကြောင့် စိတ်လှုပ်ရှားနေသည်။ လူကြီးမိဘတွေမသိရအောင် တိတ်တဆိတ် ခိုးထွက်လာခဲ့သည်ကို မိသွားလျှင် အခက်ဟုလည်း တွေးပူမိသည်။

မည်သူနှင့်မျှ မဆုံတွေ့ဘဲ မိုးမြေဓားစံအိမ်တော် အပြင်ဘက်သို့ အရောက်ထွက်နိုင်လာတော့မှ တစ်ဆင့်တော့ ကျော်ဖြတ်နိုင်ခဲ့ပြီဟု သက်ပြင်းမောတစ်ချက်ပင် ချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးကို တစ်ချက်လှည့်ကြည့်သည်။ အရဏ်တက်လုလု မှိုင်းဝေရီနေသော ဝန်းကျင်တွင် မိုးမြေခြားစံအိမ်တော်ကို ထင်ထင်ရှားရှား မမြင်ရ။ မပီပိုးဝါးနှင့် ရိုးတိုးရိပ်တိပ်သာ တွေ့ရသော စံအိမ်ကြီးသည် မှောင်မိုက်တိတ်ဆိတ်နေသည်။

နောက်သို့ ကြည့်နေရာမှ အသာပြန်လှည့်ကာ လျှောက်လှမ်းရန် ဟန်အပြင် သစ်ရွှေ့တုရုမှ အသက်ရှူသံလိုလို ကြားရသည်။ ဟန်ချက်တင်မှာ လျှောက်လှမ်းမထွက်နိုင်သေးဘဲ သေသေချာချာ ကြည့်လိုက်ရာ သစ်ရွှေ့တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။

သူဖခင် မိုးမြေခြားစံအိမ်သခင်ကြီး ဟန်စွမ်းဟိုပင် ဖြစ်သည်။ ဟန်ချက်တင် ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်။ ရုတ်တရက် မှင်တက်မိသလို ဖြစ်သည်။ ဖခင် ဟန်စွမ်းဟိုအား အငေးသား ကြည့်နေမိသည်။ ရုတ်တရက် စကားပင် မဆိုနိုင်။

“ရော့ ... မြေအောင်းဓားကိုယူသွား၊ အန္တရာယ်တွေ ရင်ဆိုင်ရတဲ့အခါ မင်းအတွက် အများကြီး အထောက်အကူ ရလိမ့်မယ်”

ဟန်စွမ်းဟိုက လေသံအေးအေးနှင့်ပြောသည်။ ဓားရှည်တစ်လက်လည်း ကမ်းပေးသည်။ မိုးမြေခြားစံအိမ်တော်တွင် မိုးဟိန်းဓားနှင့် မြေအောင်းဓားဟူသော မျိုးစဉ်လက်နက်နှစ်ခု ရှိသည်။



မိုးဟိန်းဓားနှင့် မြေအောင်းဓားတို့ကို အကြောင်းပြုကာ မိုးမြေခြားစံအိမ်ဟူသော အမည်ခံယူခဲ့ခြင်း ဖြစ်သည်။

မိုးဟိန်းဓားနှင့်မြေအောင်းဓားတို့သည် သိုင်းလောက၏ ထိပ်တန်းဓားကောင်းဓားမြတ်များတွင် စာရင်းဝင်သည်။ မြေအောင်းဓားကိုသာ ကိုင်စွဲရလျှင် ဟန်ချက်တင်၏ မိုးမြေခြားသိုင်းသည် စွမ်းရည် နှစ်ဆသုံးဆလောက် တိုးလာနိုင်သည်။ ခရီးလမ်းတွင် ကြုံတွေ့ရမည့် အန္တရာယ်အသွယ်သွယ်ကို ထိထိရောက်ရောက် ရင်ဆိုင်နိုင်ပေမည်။

ဟန်ချက်တင် ယခု မိုးမြေခြားစံအိမ်မှ ထွက်လာခဲ့ခြင်းသည် လိုင်ယုဝန်တို့ ခရီးထွက်မည်ကို နှုတ်ဆက်ရန် သက်သက်မဟုတ်။ လိုင်ယုဝန်တို့၏နောက်မှ ခြေရာခံကာ လိုက်သွားဖို့ဖြစ်သည်။

လိုင်ယုဝန်တို့ ဘယ်ကိုသွားမည် မသိသော်လည်း လမ်းတွင် အန္တရာယ်ကြုံတွေ့ ရင်ဆိုင်ရမှာကတော့ သေချာသည်။ ထို့ကြောင့် ဟန်ချက်တင်သည် မိုးဟိန်းဓားကိုဖြစ်စေ၊ မြေအောင်းဓားကိုဖြစ်စေ ယူသွားရန် စိတ်ကူးမိသေးသည်။

သို့ရာတွင် မိဘများကို အသိမပေး ခွင့်မပန်ဘဲ နေအိမ်မှ တိတ်တဆိတ် ထွက်ခွာသွားခြင်းကပင် အတော်လွန်နေရာ မျိုးဆက် အမွေ ဓားကောင်းဓားမြတ်ကိုပါ ခိုးယူသွားသလိုမျိုး မဖြစ်စေလို

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ထိုစိတ်ကူးကို ပယ်ဖျက်ခဲ့သည်။

ယခုတော့ ဖခင်ကြီးကိုယ်တိုင်က သူ့လက်သို့ မြေအောင်းဓား အပ်နှင်းနေလေပြီ။ ဟာန်ချက်တင် အားလည်းတက်သည်။ ဝမ်းလည်း နည်းသည်။

ဝမ်းနည်းဝမ်းသာဖြစ်လျက် မျက်ရည်များပင် လည်လာသည်။ ဟာန်ချက်တင်သည် မြေကြီးပေါ် ဒူးထောက်ချကာ ဦးညွှတ်လျက် လက်နှစ်ဖက်ကို မြှောက်ပြီး မြေအောင်းဓားကို လက်ခံယူလိုက်သည်။

"မင်းစိတ်ဆန္ဒရှိတာကို နည်းမှန်လမ်းမှန်နဲ့ အောင်မြင်စွာ ရယူနိုင်ပါစေလို့ပဲ ဖေဖေ ဆုတောင်းလိုက်တယ်"

"ကျေးဇူးတင်ပါတယ် ဖေဖေ၊ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဟာန်ချက်တင် ငုံ့ထားသော ခေါင်းကို မော့လိုက်သောအခါ ဖခင်ကြီးကို မတွေ့ရတော့ပေ။

BURMESE CLASSIC .com

✹



အရုဏ်တက်စပြုချိန်တွင် ဓားသုံးလက်ဂေဟာနားသို့ ဟာန်ချက်တင်ရောက်သွားသည်။ ဟာန်ချက်တင်သည် ဓားသုံးလက်ဂေဟာထဲသို့ မဝင်။ ဂေဟာနှင့် မလှမ်းမကမ်းရှိ ချုံပုတ်ကြီးတစ်ခုအကွယ်မှ အသာရပ်စောင့်နေသည်။

အရုဏ်တက်လာသည်။ အရုဏ်တက်ပြီးနောက် ခဏအကြာတွင် ဓားသုံးလက်ဂေဟာ၏ ပင်မတံခါးကြီးပွင့်သည်။ လိုင်ယုဝန်တို့အဖွဲ့ ထွက်လာကြသည်။

ထိုအဖွဲ့တွင် မြင်းလှည်းငယ်တစ်စီးနှင့် အပိုမြင်းသုံးကောင်လည်း ပါရှိသည်။ လိုင်ယိတင်က မြင်းလှည်းမောင်းသည်။ လိုင်ယုဝန်နှင့် ထိုက်အမျိုးအနွယ် ညီအစ်ကိုနှစ်ယောက်တို့က မြင်းကိုယ်စီနှင့်ဖြစ်သည်။

လိုင်ယုဝန်က မြင်းလှည်းရှေ့မှ ဦးဆောင်လာသည်။ ထိုက်မျိုးနွယ် ညီအစ်ကိုတို့ မြင်းလှည်း၏ ဝဲယာတစ်ဖက်တစ်ချက်မှ မြင်းစီးလိုက်ပါလာကြသည်ကို တွေ့ရသည်။

လိုက်ပို့သူတို့က ဂေဟာပရဝဏ် ပင်မတံခါးကြီးတွင် ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ရစ်ကြသည်။ လိုင်ယုဝန်တို့အုပ်စု ထွက်လာကြပြီးနောက် အပြန်အလှန် နှုတ်ဆက်စကားများ ဆိုကြကာ ပင်မတံခါးကြီးပိတ်သည်။

လိုင်ယုဝန်တို့လည်း ဆက်ထွက်လာကြသည်။ လိုင်ယုဝန်သည် ဟိုဟိုသည်သည် မသိမသာ လှမ်းကြည့်နေသည်ကို ဟန်ချက်တင် မြင်ရသည်။

မိမိကိုရှာခြင်းဖြစ်ကြောင်း နားလည်၍ ဟန်ချက်တင် စိတ်တွင် ကျေနပ်သလိုလို ဖြစ်သည်။ လိုင်ယုဝန်တို့အဖွဲ့၏ အနေအထားကို ကြည့်ကာ ခရီးအတော်ဝေးဝေး သွားကြမည်ဟုလည်း အကဲခတ်မိသည်။

"ငါ သူတို့နောက်ကို ခြေကျင်လိုက်လို့တော့ မဖြစ်ဘူး၊ မြင်းတစ်ကောင် အမြန်ဝယ်စီးသွားမှ၊ တော်ပါသေးရဲ့ ခရီးစရိတ်ငွေတွေ အတော်များများ ယူလာခဲ့လို့"

ဟန်ချက်တင်၏စိတ်ထဲတွင် တွေးလိုက်မိသည်။ လိုင်ယုဝန်တို့အဖွဲ့ ချုံပုတ်ကြီးနားရောက်လာသောအခါ ဟန်ချက်တင်သည် မျက်ကွယ်နေရာမှထွက်သည်။ မြေအောင်းဓားနှင့် ခရီးဆောင်အိတ်ကိုတော့ ချုံတွင် ဝှက်ထားခဲ့သည်။

"ဟော … နင် တကယ်လာတာကိုး"

ဟန်ချက်တင်ကိုတွေ့သောအခါ လိုင်ယုဝန်က နှုတ်ဆက်



စကားဆိုကာ မြင်းကို ဇက်တုံ့ရပ်သည်။ ကျန်လူများလည်း ရပ်လိုက်ကြသည်။

"နင့်ကို လာနှုတ်ဆက်တာ၊ ခရီးလမ်းမှာ အန္တရာယ်ကင်းပါစေ"

"ကျေးဇူးတင်ပါတယ်ဟာ"

"နင်တို့က အပိုမြင်းတွေ၊ မြင်းလှည်းတွေနဲ့ဆိုတော့ ခရီးအဝေးကြီး သွားကြမလို့ပေါ့၊ ဟုတ်လား"

"ခရီး သိပ်ဝေးလှတယ်တော့ မဟုတ်ပါဘူး၊ လိုရမည်ရ လုပ်ထားတာပါ၊ ကဲ သွားမယ်နော်"

"အင်း"

"နင် ကောင်းကောင်းနေခဲ့၊ ဆိုးမနေနဲ့ဦး"

"အေးပါဟ"

လိုင်ယုဝန်တို့အဖွဲ့ ဆက်၍ ထွက်သွားသည်။ ဟန်ချက်တင်လည်း စီးမြင်းတစ်ကောင် အမြန်ဝယ်နိုင်ရန် ထွက်လာခဲ့သည်။ သို့သော် လမ်းတွင်ပင် သူ၏စီးမြင်းကို ဆွဲလျက်လာနေသော မိုးမြေဓားစံအိမ်တော် မြင်းဇောင်းတာဝန်ခံကြီးကိုတွေ့ရသည်။

"သခင်ကြီးက သခင်လေးရဲ့စီးမြင်းကို အပေးခိုင်းလိုက်ပါတယ်၊ ခရီးလမ်းအတွက် လိုအပ်မယ့် ရိက္ခာခြောက်နဲ့ ပစ္စည်းတွေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်းကုန်းပေါ်မှာ တင်ပေးထားပါတယ်"

"ဖေဖေ့ကို အများကြီးကျေးဇူးတင်တယ်လို့ ပြောလိုက်ပါ၊ ကျွန်တော့်ကိစ္စတွေ ပြီးတာနဲ့ အိမ်ကို ပြန်လာခဲ့ပါ့မယ်"

"သခင်လေးကို ကျုပ်တို့ ကြိုဆိုစောင့်မျှော်နေပါ့မယ်"

အိမ်တော်ထိန်းကြီးကို နှုတ်ဆက်ဂါရဝပြုရင်းပြောသည်။ ဟန်ချက်တင်လည်း စီးမြင်းပေါ် လွှားခနဲတက်ကာ လိုင်ယုဝန်တို့နောက်သို့ လိုက်သွားလေတော့သည်။

စင့်ရှီးမြို့သည် မြို့ငယ်မြို့သိမ်လေးသာ ဖြစ်သော်လည်း ခြေရာကောက်အတတ်ပညာနှင့် ပတ်သက်၍တော့ အတော်ပင်နာမည်ကြီးသည်။ စင့်ရှီးမြို့ရှိ သာမန်အရပ်သူအရပ်သားတို့ပင် ခြေရာကောက် ကျွမ်းကျင်ကြသည်။ သိုင်းသမားများကတော့ ဆိုဖွယ်ရာ မရှိတော့ပါ။

ဓားသုံးလက်ဂေဟာသည် စင့်ရှီးမြို့တွင် ခြေရာကောက်အတတ်ပညာ၌ အတော်ဆုံး ပထမအဆင့်တွင်ရှိသည်။ မိုးမြေဓားစံအိမ်တော်က ဒုတိယလိုက်သည်။

သည်တော့ ဟန်ချက်တင်အတွက် လိုင်ယုဝန်တို့လူစုနောက်သို့ ခြေရာခံ၍လိုက်ရသည့်ကိစ္စမှာ ဘာမျှ မခက်ခဲပေ။

✸



နောက်တစ်နေ့ နံနက်ပိုင်းတွင် မန်စီးဒေသကို ကျော်ကာ မန်ပင်းဒေသနယ်ပယ်အတွင်းသို့ ရောက်သည်။

မန်ပင်းဒေသသို့ ရောက်ပြီး မကြာမီမှာပင် ဟန်ချက်တင်သည် နှင်းတောင်ဝံပုလွေ ဂိုဏ်းသားတစ်စုနှင့် ပက်ပင်းတိုးမိသည်။

ဟန်ချက်တင်နှင့် ပြဿနာဖြစ်ခဲ့ဖူးသော နှင်းတောင်ဝံပုလွေဂိုဏ်းသား သုံးယောက်မှ ရုပ်ကြမ်းကြမ်းလူသည် ထိုလူစုထဲတွင် ပါနေသည်။

ထိုလူသည် ဟန်ချက်တင်ကိုမြင်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သည်။ သူတို့ကို အထိနာအောင် တိုက်ခိုက်ခဲ့သည်ကို ကောင်းကောင်းမှတ်မိဟန်ရှိကြောင်း ဟန်ချက်တင်သိသည်။

ရုပ်ကြမ်းကြမ်းလူက ဟန်ချက်တင်ကို စိမ်းစိမ်းကြည့်သေးသည်။

ဟန်ချက်တင်၏ အကျင့်စရိုက်အတိုင်းဆိုလျှင် သည်လိုအကြည့်ရိုင်းရိုင်းကို သည်းခံလေ့ရှိသည် မဟုတ်ပေ။ သို့သော် လိုင်ယုဝန်တို့နောက်သို့ ခြေရာကောက်လိုက်နေသည့်အချိန်ဖြစ်သည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မိမိ ထိန်းထိန်းသိမ်းသိမ်း လုပ်နိုင်သမျှ လုပ်မည်ဟုလည်း စိတ်ကူးရှိနေသောကြောင့် ဟန်ချက်တင်သည် ထိုသူ၏ အကြည့်ရိုင်းကို မမြင်ဟန်ပြုသည်။

မိမိသွားရမည့်လမ်းကိုသာ ဆက်သွားသည်။ ထိုနှင်းတောင်ဝံပုလွေဂိုဏ်းသားအစုလည်း သူတို့ဘာသာ သူတို့လမ်း သူတို့ ဆက်သွားကြသည်။

မိမိအတွက် အန္တရာယ် တစ်စုံတစ်ရာ ကြုံလာနိုင်ကြောင်းကိုတော့ ဟန်ချက်တင် မှန်းဆမိသည်။ မိမိအနေဖြင့်တော့ ပြဿနာမများရအောင် ကြိုးစားရှောင်တိမ်းရန် ဆုံးဖြတ်သည်။ ရှောင်၍ မရလျှင်တော့ ရင်ဆိုင်ရန်သာရှိသည်။

ပြဿနာ တစ်စုံတစ်ရာမဖြစ်ဘဲ မန်ပင်ဒေသကို ဖြတ်ကျော်နိုင်ပါစေဟုတော့ ဆုတောင်းမိသည်။ ဟန်ချက်တင် ပြဿနာကို ရှောင်ချင်သော်လည်း မရခဲ့ပါ။

နေဝင်ပြီး မှောင်စပျိုးချိန်တွင် ပြဿနာရှာမည့်လူများနှင့် ဆုံရလေတော့သည်။ သူနှင့်တိုက်ခိုက်ခဲ့ဖူးသော နှင်းတောင်ဝံပုလွေဂိုဏ်းသားသုံးယောက်နှင့် အသက်ကြီးကြီးလူတစ်ယောက် ဖြစ်သည်။

အသက်ကြီးကြီးလူသည် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်လျက် ညာလက်တွင် ငှက်မွေးယပ်တောင်တစ်ခု ကိုင်ထားသည်။



ရိတ်သိမ်းပြီးစ စိုက်ခင်းမြေပြင်တစ်ခုအနားတွင် ရင်ဆိုင်ဆုံမိကြသည်။ ဆုံမိကြသည် ဆိုသော်လည်း တကယ်စင်စစ်တော့ တစ်ဖက်လူတို့ ဟန်ချက်တင်ကို အသင့်စောင့်ဆိုင်းနေကြခြင်းသာ ဖြစ်သည်။

တစ်ဖက်လူလေးယောက်သည် မြင်းများပေါ်မှ ဆင်းလိုက်ကြသည်။ ဟန်ချက်တင်လည်း ရှောင်၍မရမှန်း နားလည်သည့်အတွက် မြင်းပေါ်မှ ဆင်းလိုက်သည်။

"မိုးမြေခြားစံအိမ်က ဟန်ချက်တင်ဆိုတာ မင်းလား"

ငှက်မွေးယပ်တောင် ကိုင်ထားသူက မေးသည်။ ကြည့်ရသည်မှာ ထိုသူသည် ဟန်ချက်တင်နှင့် တိုက်ခိုက်ခဲ့ဖူးသော လူရွယ်သုံးယောက်တို့၏ ဆရာ သို့မဟုတ် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ မိမိအကြောင်းကို စုံစမ်းထားကြောင်းလည်း နားလည်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျားကရော ဘယ်သူလဲ"

ဟန်ချက်တင်က ပြန်မေးသည်။

"သံယပ်တောင် ကြူးခူးအိ"

နှင်းတောင်ဝံပုလွေဂိုဏ်း၏ လက်ရွေးစင်သိုင်းသမား တစ်ယောက်ဖြစ်သော သံယပ်တောင် ကြူးခူးအိဆိုသည့် အမည်ကိုတော့ ဟန်ချက်တင် ကြားဖူးနားဝရှိထားသည်။

ဟန်ချက်တင်၏စိတ်ထဲတွင် ရယ်ချင်သလိုလိုလည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှင်းတောင်ဝံပုလွေဂိုဏ်းသည် အနည်းငယ်တော့ ခွကျသည့် သိုင်းသမားများဖြစ်ကြသည်။ နှင်းမကျသည့် မန်ပင်းဒေသတွင် အခြေစိုက်ထားပြီး နှင်းတောင်ဝံပုလွေဂိုဏ်း အမည်ခံထားသည်။

သံယပ်တောင်ဟု တင်စားနာမည်ယူထားသော ကြူးခူးအိကလည်း ငှက်မွေးယပ်တောင်ကို ကိုင်ထားသည်။

"ဆရာကြူးခူးအိကိုး၊ လေးစားပါတယ်"

ဟန်ချက်တင်က ထုံးတမ်းစဉ်လာ ဂါရဝပြုမှု လုပ်လိုက်သည်။

"မင်းက ငါ့တပည့်သုံးယောက်ကို ရန်စပြီး အခု ငါတို့နယ်မြေထဲ မျက်နှာပြောင်ပြောင်နဲ့ ဝင်လာတာ ဘာသဘောလဲ"

သံယပ်တောင်ကြူးခူးအိက သိုင်းလောကထုံးစံ တုံ့ပြန်ဂါရဝပြုမှုပင် မလုပ်ဘဲ ခပ်ထန်ထန်မေးသည်။ ဟန်ချက်တင်သည် တိုက်ခိုက်ပစ်လိုက်ချင်သည်မှာ လက်ကို ယား၍နေသည်။ စိတ်ကို မနည်းကြီး ထိန်းထားရသည်။ မလွှဲမရှောင်သာ ရင်ဆိုင်တိုက်ခိုက်ရမည့် အခြေအနေ ရှိနေသော်လည်း မိမိက စတင်တိုက်ခိုက်သည့် သဘောမျိုးတော့ မဖြစ်လို။

"ဘာသဘောမှ မဟုတ်ပါဘူး … ခရီးကြုံလို့ ဒီကနေ ဖြတ်သွားတာပါ"



စိတ်ကို အနည်းကြီး ထိန်းနေရသည့်အတွက် ဟန်ချက်တင်၏အသံကလည်း တင်းမာသလို ဖြစ်နေသည်။

"ဒါ ငါတို့နယ်မြေ၊ မင်း ဖြတ်သွားချင်တိုင်း သွားလို့ရမလား၊ မသိသား ဆိုးရွားတဲ့ကောင်လေး … အကြောင်းပြရသေးတာပေါ့"

သံယပ်တောင် ကြူးခူးအိက ပြောပြောဆိုဆို လက်တွင်ကိုင်ထားသော ငှက်မွေးယပ်တောင်ဖြင့် ဟန်ချက်တင်ကို အုပ်မိုးရိုက်ချသည်။

ဟန်ချက်တင်သည် ဘယ်ဘက်သို့ ခြေလှမ်းကာ ကိုယ်ကို အသာတိမ်းလိုက်ပြီး ညာလက်ဝါးကိုပင့်၍ ရိုက်ထုတ်ကာ ငှက်မွေးယပ်တောင်ရိုက်ချက်ကို ဆီး၍ ခံဆောင်ဖယ်ထုတ်သည်။

'ဝုန်း'

ကြူးခူးအိ၏ ငှက်မွေးယပ်တောင်နှင့် ဟန်ချက်တင်၏ ညာလက်ဝါးရိုက်ချက်တို့ ထိပ်တိုက်ဆိုင်ကာ ရိုက်မိကြသည်။ ကြူးခူးအိ ရိုက်ချလိုက်သော အင်အားမှာ မသေးလှ။ အတော်ကို ပြင်းထန်သည်။

ဟန်ချက်တင်၏ ဆီးကြိုခံဆောင်သော အင်အားကလည်း မသေးပေ။ ငှက်မွေးယပ်တောင် ရိုက်ချက်အားနှင့် ညာလက်ဝါး ပင့်တင် ခံဆောင်ဖယ်ထုတ်မှုအားတို့ ညီမျှနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြျူးရူးအိ မျက်မှောင်တစ်ချက် ကြုတ်သည်။ ဟန်ချက်တင်၏ လက်ဝါးရိုက်ချက်အားသည်လို ပြင်းထန်လိမ့်မည်ဟု ကြျူးရူးအိ ထင်မထားပါ။

ဟန်ချက်တင်၏သိုင်းပညာနှင့် အတွင်းအားသည် သူတွက်ထားသည်ထက် များစွာ ပိုမိုထက်မြက်သန်စွမ်းသည်ကိုလည်း အကဲခတ်မိသည်။

"မင်းက အလာကြီးပဲကိုး"

ကြျူးရူးအိသည် ချီးမွမ်းသလိုလို လှောင်ပြောင်သလိုလို ပြောကာ ငှက်မွေးယပ်တောင်ကို ရုပ်သိမ်းသည်။ တိုက်ခိုက်မှု ရပ်လိုက်ခြင်းတော့မဟုတ်။

ရုပ်သိမ်းပြီးသည်နှင့် ချက်ချင်းပင်ထပ်မံရိုက်ချသည်။ ပထမရိုက်ချက်ထက် အင်အားပိုထည့်ထားသည်။ သိုင်းဟန်ကတော့ အတူတူပင်။

ဟန်ချက်တင်ကလည်း ပထမငှက်မွေးယပ်တောင်ရိုက်ချက်ကို ခံဆောင်ချေဖျက်သည်။ ဟန်ချက်တင်လည်း ပထမအကွက်တုန်းကလိုပင် ညာလက်ဝါးပင့်တင်ရိုက်ထုတ်ခံဆောင်သည်။

'ဖုန်း'

လက်ဝါးနှင့်ငှက်မွေးယပ်တောင် ဆိုင်ရိုက်မိပြန်သည်။ နှစ်



ဦးလုံး၏ အင်အားညီမျှရာ မည်သူမျှ အသာစီးမရ လက်ရည်တူ ဖြစ်သွားကြသည်။

ဟန်ချက်တင်ကတော့ စိုးရိမ်စပြုလာသည်။ ဒုတိယအကွက်တွင် ဟန်ချက်တင်သည် အတွင်းအားအကုန်ထုတ်သုံးကာ ဆောင်လိုက်ရသည်။ ကြျူးရူးအိကတော့ အားကုန်မဟုတ်သေးကြောင်း ဟန်ချက်တင် မှန်းဆမိသည်။

တတိယအကွက်တွင် ကြျူးရူးအိက အားပိုထည့်ကာ ရိုက်ချလာလျှင် မိမိအနေဖြင့် အင်အားတန်းတူ ရင်ဆိုင်နိုင်တော့မည်မဟုတ်။ ကြျူးရူးအိ၏ ငှက်မွေးယပ်တောင် ရိုက်ချက်ကို မတားဆီးနိုင်ဘဲ အရေးရှုံးနိမ့်ရတော့မည့် အခြေအနေရှိသည်ကို သဘောပေါက်သည်။

အတွင်းအားချင်း၊ သိုင်းကွက်သိုင်းဟန်ချင်း မယှဉ်သာသည်မို့ အရေးပေါ် ရင်ဆိုင်ရမည့် ပရိယာယ်ကို အမြန်ဆုံး စဉ်းစားရလေတော့သည်။

စဉ်းစားရန် အချိန်ပိုယူသည့်သဘောဖြင့် ကြျူးရူးအိက တတိယ တိုက်ကွက်ဆင်ရန် ငှက်မွေးယပ်တောင်ကို ပြန်ရုပ်သိမ်းလိုက်ချိန်တွင် ဟန်ချက်တင်သည် နောက်သို့ ခုန်လွှားဆုတ်သည်။

ကြျူးရူးအိ၏ သိုင်းဟန်အပြောင်းအလဲ လှုပ်ရှားမှုက ချွင်

www.burmeseclassic.com

www.burmeseclassic.com



မြန်လှပေရာ ငှက်မွေးယပ်တောင်သည် ရုပ်သိမ်းပြီး ချက်ချင်းပင် ပြန်ရိုက်ချလာလေရာ ဟန်ချက်တင်မှာ ခုန်လွှားနောက်ဆုတ်ခြင်း မလုပ်နိုင်တော့ပါ။

ခုန်ဆုတ်ရန် ဟန်ပြင်လိုက်ချိန်မှာပင် ငှက်မွေးယပ်တောင်က သူ့ခေါင်းပေါ်သို့ အုပ်မိုးကျရောက်လာလေပြီ။



ကြူးရှူးအိ ထုတ်သုံးတိုက်ခိုက်နေသည်မှာ 'အုပ်မိုးထိုးသုတ်သိုင်း' ဖြစ်သည်။ သိုင်းကွက်တစ်ကွက်တွင် ရိုက်ချက် ၅ ချက် ပါရှိကာ တစ်ချက်နှင့်တစ်ချက် သိုင်းဟန်တူသော်လည်း အားအင်က ဆင့်ကဲကာ တိုးတက်ပြင်းထန်သည်။

အတွင်းအားကို အဓိကထားသော အမာခံသိုင်းပညာ အမျိုးအစားဖြစ်ရာ ဟန်ချက်တင်လို လူငယ်သိုင်းသမားတစ်ယောက် ဘယ်လိုမှ မယှဉ်နိုင်ဟု ကြူးရှူးအိက အပိုင်တွက်ထားသည်။

ယခု ရိုက်ချက် ၅ ချက်ပင် ပြည့်အောင်မထုတ်ရဘဲ တတိယ တိုက်ခိုက်မှုတွင်ပင် ဟန်ချက်တင် အရေးနိမ့်တော့မည့် အခြေပေါ်လာရာ ကြူးရှူးအိ ကျေနပ်အားရသွားသည်။ ပွဲသိမ်း အနိုင်ရတော့မည်ဟုလည်း အကျေနပ်ကြီး ကျေနပ်သည်။

ရင်ဆိုင်ခံဆောင်၍ မရနိုင်ကြောင်း သိသည့်အတွက် ဟန်ချက်တင်သည် နောက်ဆုတ်ရှောင်တိမ်းနိုင်ရန်သာ အသေအလဲ ကြိုးစားရလေတော့သည်။ ငှက်မွေးယပ်တောင် ရိုက်ချက်က အုပ်စီး လွှမ်းမိုးထားသောကြောင့် နောက်ဆုတ်ချင်သလောက် ဆုတ်၍ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်းခြင်းလည်း မပြုနိုင်။

ခြေတစ်လှမ်းမပြောနှင့် ခြေလှမ်းဝက်မျှပင် ဆုတ်ဖို့ အခွင့်မရ။ ခြေတစ်ဖဝါးကျော်ကျော်လေးသာ နောက်သို့ ရွှေ့သည်ဆိုရုံ ရွှေ့သည်။

ထိုသို့ ခြေတစ်ဖဝါးကျော်ကျော်လောက်သာ နောက်သို့ ရွှေ့သွားသော ဟန်ချက်တင်၏ ခြေထောက်များသည် ရုတ်တရက် မြေကြီးထဲသို့ နှစ်ပေသာသာမျှ နစ်ကျမြုပ်ဝင်သည်။

ဘယ်လိုကြောင့် သည်လိုမျိုး ဖြစ်သွားရသည်ကို ဟန်ချက်တင် မသိ။ သို့သော် မထင်မှတ်ဘဲ ပြောင်းလဲသွားသော အခြေအနေကို အခွင့်ကောင်းအဖြစ် လက်မလွှတ်တမ်း အသုံးချသည်။

ဟန်ချက်တင်က ငှက်မွေးယပ်တောင်ကိုင်ထားသော ကြူးရူးအိ၏ ညာလက်ကို လက်ချောင်းများနှင့် လှမ်းကုတ်ဆွဲ ရိုက်ပုတ်သည်။

ကြူးရူးအိကလည်း ဟန်ချက်တင်၏ ခေါင်းကို ငှက်မွေးယပ်တောင်ဖြင့် အပိုင်ရိုက်ချသည်။ ဟန်ချက်တင်နှင့်ကြူးရူးအိတို့ ရင်ဆိုင်တိုက်ခိုက်ကြသည့်နေရာမှာ ယာခင်းနေရာတစ်ခုဖြစ်သည်။ စိုက်ပျိုးထားသော သီးနှံများကို တူးဆွရိတ်သိမ်းပြီးစဖြစ်ရာ ယာခင်းမြေတွင် ကျင်းများ၊ ချိုင့်များ အတော်များများ ရှိနေသည်။



ဟန်ချက်တင်သည် အသေအလဲ ကြိုးစားကာ နောက်သို့ ခြေတစ်ဖဝါးစာ ကျော်ကျော်လောက် ဆုတ်လိုက်မိရာ မြေကျင်းချိုင့်တစ်ခုထဲသို့ ခြေထောက်များ ထိုးကျနစ်ဝင်သွားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ နစ်ဝင်သွားမှုသည် ဟန်ချက်တင်အတွက် တစ်ပန်းသာသွားစေသည်။ ခြေကျင်းထဲ နစ်ဝင်သွားသော ဟန်ချက်တင်မှာ နဂိုရှိနေသည့် အနေအထားထက် အရပ်နှစ်ပေခန့်ပုသွားခဲ့သည်။

ထိုအခါ ကြူးရူးအိအတွက် တိုက်ချက်အချိန်အဆများ လွဲချော်ကုန်သည်။ ဟန်ချက်တင်၏ ခေါင်းတည့်တည့်ကို ချိန်ရွယ်ရိုက်ချသော ငှက်မွေးယပ်တောင်မှာ ခေါင်းအထက် နှစ်ပေခန့်ကွာသောလေကိုသာ ရိုက်မိသည်။

ဟန်ချက်တင်၏ဘယ်လက်က မိမိ၏မျက်နှာကို လှမ်းကုတ်ဆွဲသည်ဟု တွက်ကာ ကြိုတင်ရှောင်တိမ်းမှု လုပ်နိုင်သော်လည်း တကယ်တမ်း ကုတ်ဆွဲချက်ရောက်လာသည်က ညာလက်ဖျံဖြစ်နေသည်။

အကွက်လွဲသွားသောကြောင့် ညာလက်ဖျံ အကုတ်ဆွဲခံရသည်။ ကုတ်ဆွဲခံရမှုမှလွတ်အောင် ရုန်းထွက်နိုင်သည်။ သို့သော် ကုတ်ဆွဲမှုကြောင့် ညာလက် ကျင်ခနဲဖြစ်ကာ အားတစ်ချက်အလျော့တွင် ညာလက်၌ ကိုင်ထားသော ငှက်မွေးယပ်တောင် လွတ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

အောက်သို့ လွတ်ကျလာသော ငှက်မွေးယပ်တောင်ကို ဟန်ချက်တင်က ညာလက်ဝါးဖြင့် ပင့်တင်ရိုက်ထုတ်သည်။ ငှက်မွေး ယပ်တောင် အဝေးသို့ လွင့်စဉ်ထွက်သွားသည်။

"ဟာ"

သံယပ်တောင်ကြူးရူးအိမှာ မိမိ၏ လက်နက်လွင့်စဉ်ထွက် သွားသည့်အတွက် အံ့ဩထိတ်လန့်စွာ ရှေ့တက်ကာ အပြေးလိုက်ဖမ်း သည်။ လူရွယ်သုံးယောက်လည်း ဘာလုပ်ရမည်မသိ၊ ကြောင်အမ်း အမ်း ဖြစ်ကုန်ကြသည်။ ဟန်ချက်တင်ကတော့ ဘာလုပ်ရမည်ကိုသိ သည်။

'ရွှီ'

ဟန်ချက်တင်က လေချွန်သံတစ်ချက်ပြုသည်။ သူ၏ မြင်း လိမ္မာကြီးက ဟန်ချက်တင်ရှိရာသို့ ဒုန်းစိုင်းဝင်လာသည်။ မြင်းစီး ကျွမ်းသော ဟန်ချက်တင်သည် ဒုန်းစိုင်းဝင်လာသော မြင်းကျောပေါ် သို့ လွှားခနဲ အရောက်ခုန်တက်သည်။

မြင်းကို အပြင်းပင် ဒုန်းစိုင်းကာ ထွက်လာခဲ့သည်။ ကြူးရူး အိသည် လွင့်စဉ်ထွက်သွားသော ငှက်မွေးယပ်တောင် မြေသို့မကျမီ အမိအရ လိုက်ဖမ်းနိုင်ခဲ့သည်။



ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသော လူရွယ်သုံးယောက် လည်း အသိပြန်ဝင်လာကြသည်။ ထိုအချိန်တွင် ဟန်ချက်တင်က အဝေးသို့ ရောက်သွားခဲ့လေပြီ။ အရိပ်အယောင်မျှပင် မမြင်ရတော့။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်သည် နှင်းတောင်ဝံပုလွေဂိုဏ်းသားများနှင့် ထပ်မံတွေ့ဆုံကာ ပြဿနာပွားခြင်း မဖြစ်လိုတော့သောကြောင့် ညအိပ်ရပ်နားခြင်းပင် မပြုဘဲ တစ်ညလုံးပင် ခရီးပြင်းနှင်သည်။

လိုင်ယုဝန်တို့အဖွဲ့ သွားမည့်ခရီးလမ်းကြောင်း အခြေအနေကိုလည်း ကြိုတင်မှန်းဆမိသည့်အတွက် မန်ပင်းဒေသအလွန်မှ ကြို၍ သွားစောင့်ရန် စိတ်ကူးသည်။

တစ်ညလုံး မရပ်မနား ခရီးနှင်လာခဲ့ရာ နောက်တစ်နေ့ နံနက်မိုးလင်းသောအခါ ခရီးအတော်ပင် ပေါက်လာခဲ့သည်။ မန်ပင်းဒေသနယ်ပယ်ထဲတွင် ရှိနေသေးသော်လည်း အခုဒေသသို့ ဖြတ်ကျော်ရောက်ရှိဖို့က သိပ်မဝေးတော့။

နောက်ထပ် သုံးမိုင်ခန့်ဆက်သွားလျှင် မန်ပင်းဒေသမှ ထွက်သွားနိုင်ပေတော့မည်။ ထို့ပြင် ဟန်ချက်တင် ယခုရောက်နေသည့် နေရာသည် လမ်းဆုံနှင့် သိပ်မဝေး။ ထိုလမ်းဆုံနေရာမှနေ၍ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့သို့ သွားနိုင်သော လမ်းအသီးသီးရှိသည်။



လမ်းဆုံနေရာမှ သွားစောင့်ရန် စိတ်ကူးမိသေးသည်။ သို့သော် လမ်းဆုံနေရာတွင် ဆိုင်များနှင့်လူများ အတန် စည်စည်ကားကား ရှိနေရာ မဆုံလိုသည့်လူများနှင့် ဆုံတွေ့မိနိုင်သည်မို့ ထိုစိတ်ကူးကို ဖျက်လိုက်သည်။

ယခုရောက်နေသည့် နေရာတွင်ပင် အေးအေးလူလူ နားနေရင်း စောင့်မည်ဟု ဆုံးဖြတ်သည်။ ခရီးဝေးသွား လမ်းမကြီးနှင့် မလှမ်းမကမ်းတွင် တောင်ကုန်းငယ်လေးတစ်ခုကို လှမ်းတွေ့ရာ လမ်းမကြီးပေါ်မှ ဆင်း၍ တောင်ကုန်းပေါ်သို့ တက်သည်။

တစ်ညလုံး စိုင်းနှင်လာခဲ့သော မြင်းကို သက်ညှာသောအားဖြင့် မြင်းပေါ်မှဆင်းကာ အသာဆွဲခေါ်လာခဲ့သည်။ တောင်ကုန်းအောက်ခြေရှိ သစ်ပင်ချုံနွယ်များ ထူထပ်သော နေရာတစ်ခုတွင် မြင်းကို ထားခဲ့သည်။

ပြီးတော့ လူချည်းသက်သက် တောင်ကုန်းပေါ်တက်သည်။ တောင်ကုန်းသည် သိပ်မမြင့်သော်လည်း အဝေးပြေးလမ်းမကြီးကိုတော့ အတော်ဝေးဝေးသို့အထိ ဆီး၍ မြင်ရသည်။ လိုင်ယုဝန်တို့ကို အဝေးမှပင် လှမ်းတွေ့နိုင်သည်။

ဟန်ချက်တင် သဘောကျသွားကာ ခရီးဝေးလမ်းမကြီးကို ကောင်းမွန်စွာမြင်နိုင်သည့် လမ်းမတစ်ခုကို ရွေးချယ်ကာ တစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တစ်မော အနားယူအိပ်စက်သည်။

တေတေပေပေ သွားလာလှုပ်ရှားနေသူ ဟန်ချက်တင်သည် မည်သည့်နေရာတွင်မဆို အိပ်တတ်သည်။ သတိနှင့်အိပ်လျက် သတိဖြင့် ပြန်နိုးတတ်သည့် အလေ့အကျင့်လည်းရှိလေသည်။

လိုင်ယုဝန်တို့ သည်နေရာဆီသို့ရောက်လာနိုင်မည့် အချိန်ကို တွက်ကာ ထိုအချိန်မရောက်မီ ကြိုတင်နိုးနိုင်ရန် သတိထား၍ အိပ်သည်။

နှစ်ခြိုက်စွာ အိပ်ပျော်သည်။ ဟန်ချက်တင် အိပ်ရာမှ နိုးသောအခါ နေလည်း အတော်မြင့်တက်နေသည်။ ခရီးဝေးလမ်းမကြီးပေါ်တွင် ခရီးသွားများ ခပ်ကျဲကျဲသွားလာနေကြသည်ကို လှမ်းမြင်ရသည်။

လိုင်ယုဝန်တို့ သည်နေရာမှ ဖြတ်မသွားကြသေးကြောင်းကိုတော့ ဟန်ချက်တင်၏စိတ်ထဲတွင် အလိုလိုပင် သိနေသည်။ အိပ်ရေကား ဝနေလေပြီ။

ဗိုက်ဆာသောကြောင့် ပါလာသည့်ရိက္ခာများထဲမှ ကောက်ညှင်းထုပ်တစ်ခုနှင့် ဆတ်သားကင်တစ်ခြောင်းထုတ်ကာ စားသောက်ဝမ်းဖြည့်သည်။

ထို့နောက် အသာမှိန်းလိုက်၊ မျက်လုံးဖွင့်ကာ လှမ်းကြည့်



လိုက်နှင့် လိုင်ယုဝန်တို့အလာကို စောင့်နေလေသည်။ အချိန်အနည်းငယ်အကြာတွင် လိုင်ယုဝန်တို့လူစု လာနေကြသည်ကို လှမ်းမြင်ရသည်။ လိုင်ယုဝန်တို့ ဖြစ်သည်ကို ဟန်ချက်တင်၏ စိတ်ထဲတွင် ခံစားသိရှိရသည်။

တစ်စစ နီးကပ်လာလျက် တဖြည်းဖြည်း လူရိပ်လူယောင်ကွဲပြားလာသည်။ မြင်းလှည်းရှေ့မှ ကြော့ကြော့မော့မော့ မြင်းစီးလာသော လိုင်ယုဝန်ကို လှမ်းငေးကြည့်ရင်း ဟန်ချက်တင်၏ စိတ်ထဲတွင် နွေးထွေးကြည်နူးမှုလေး တသိမ့်သိမ့် ခံစားရသည်။

လိုင်ယုဝန်တို့ ဖြတ်ကျော်သွားကြပြီးသောအခါ ဟန်ချက်တင် တောင်ကုန်းပေါ်မှ ဆင်းသည်။ မြင်းထားခဲ့ရာသို့ သွားသည်။ သူ၏ မြင်းလိမ္မာကြီးသည် ထားခဲ့သည့်နေရာတွင် ရှိနေသည်။

မြင်းကြီးမှာ အနားယူလိုက်သည့်အတွက် လန်းဆန်း၍ နေသည်။ ဟန်ချက်တင်သည် ခရီးဝေးလမ်းမကြီးအတိုင်း မြင်းကို အသားကျ ခပ်မှန်မှန်စီးလျက် လိုင်ယုဝန်တို့နောက်သို့ လိုက်လာခဲ့သည်။

လမ်းဆုံနေရာသို့ရောက်သောအခါ အရင်ဆုံးတွေ့ရသည့် ဈေးဆိုင်တွင် ခမောက်ခပ်ကြီးကြီးတစ်ခု ဝင်ဝယ်သည်။ မိမိမျက်နှာကို ရုတ်တရက် မမြင်နိုင်အောင် ခမောက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



၍ ဟန်မပျက် မြင်းကို ဖြည်းဖြည်းစီးကာ ဆက်လာခဲ့ရာ စားသောက်ဆိုင်ကစ်ဆိုင်ရှေ့တွင် လိုင်ယုဝန်တို့၏ မြင်းလှည်း ကပ်ထားသည်ကို တွေ့ရသည်။

ဟန်ချက်တင်သည် ဟန်မပျက် ဆက်လာခဲ့ပြီး မြောက်ပိုင်းသို့သွားသည့်လမ်းကြောင်းအတိုင်း မြင်းစီးသွားပြီး ပေငါးရာလောက်အရောက်တွင် လမ်းဘေးသစ်ပင်ရိပ်တွင် ဝင်ကာ ခေတ္တခဏ နားနေသလိုလိုနှင့် အရိပ်အခြည်ကိုစောင့်ကြည့်သည်။

သည်တစ်ခါတော့ ဟန်ချက်တင်၏တွက်ကိန်း လွဲသွားသည်။ အတန်ကြာအောင် စောင့်ကြည့်သည့်တိုင် လိုင်ယုဝန်တို့ကို မတွေ့ရ၊ ထို့ကြောင့် လမ်းဆုံနေရာသို့ ပြန်လာခဲ့သည်။ လိုင်ယုဝန်၏ မြင်းလှည်းလည်း စားသောက်ဆိုင်ရှေ့တွင် မရှိတော့။

ဟန်ချက်တင်သည် ခြေရာကောက်အတတ်ပညာဖြင့် ရှုစမ်းကြည့်ရာ လိုင်ယုဝန်တို့ အနောက်ဘက်သို့ ဦးတည်ကာ ထွက်သွားကြသည်ကို တွေ့ရသည်။

သူ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ဟန်ချက်တင် သိထားသမျှတော့ အနောက်ဘက်ဒေသသည် တောတောင်ထူထပ်ကာ ခရီးလမ်းကြမ်းတမ်းသည်။ ကုန်သည်များသာ ဖွန့်စားသွားကြသည့် လမ်းကြောင်းဖြစ်သည်။



အခြားခရီးသွားများ မရှိသလောက်ကို နည်းပါးသည်။ ထိုခရီးကြမ်းကြီးကို လိုင်ယုဝန်တို့ ဘာကြောင့် သွားကြရလေသနည်း။

အနောက်ဘက်သို့ သွားရာလမ်းတွင် သဲကန္တာရဆန်သော အစာရေစာ လုံးဝမရှိသည့် လွင်တီးခေါင်းဒေသတစ်ခုကို ဖြတ်ကျော်သွားရကြောင်းကိုလည်း ဟန်ချက်တင် ကြားဖူးထားသည်။

မမျှော်လင့်သော အကြောင်းကိစ္စတစ်ခုခုကြုံကာ လိုင်ယုဝန်တို့ လွင်တီးခေါင်ဒေသတွင် အစာရေစာပြတ်လပ်ကာ ဒုက္ခတွေ့မည်ကိုပင် တွေးပူမိသည်။

ဟန်ချက်တင်သည် ဈေးဆိုင်နှစ်ခုသို့ဝင်ကာ ရေအိတ်အလွတ်များ ဝယ်ယူသည်။ ထို့နောက် အနောက်ဘက်သို့ ဦးတည်သည့်လမ်းအတိုင်း လိုင်ယုဝန်တို့နောက်သို့ လိုက်ခဲ့ပြန်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အနောက်ဘက်သို့ သွားရာခရီးဝေးလမ်းမကြီးသည် ဆယ်မိုင်ကျော်ကျော်လောက်အထိသာ ပြေပြစ်ကောင်းမွန်သည်။ ထို့ထက်လွန်လာသောအခါတွင်မူ ကျင်းများ၊ ချိုင့်များ ထူပြောလာသည်၊ လမ်းကြမ်းလာသည်။

ဟန်ချက်တင်သည် လိုင်ယုဝန်တို့ကို လှမ်းမြင်နိုင်လောက်သည်အထိတော့ မလိုက်။ လိုင်ယုဝန်တို့၏ ခြေရာလက်ရာအစအနများကိုသာ ကြည့်ရှုကာ ခပ်ဝေးဝေးမှသာ လိုက်လာခဲ့သည်။

လှမ်းတွင် တောင်ကုန်းသစ်ပင်မြင့်များ တွေ့ရလျှင်တော့ အမြန်တက်ကာ အဝေးဆီတွင် ရောက်နေသည့် လိုင်ယုဝန်တို့ကို လှမ်းမျှော်ကြည့်တတ်သည်။

လိုင်ယုဝန်အား မျက်ခြည်မပြတ်ရန် စူးစမ်းသည့်သဘောထက် လိုင်ယုဝန်ကို အလွမ်းပြေ လှမ်းမျှော်ကြည့်ရှုခြင်း ဖြစ်သည်။ အတော်အလှမ်းဝေးသည့်အတွက် ထင်ထင်ရှားရှား သဲသဲကွဲကွဲတော့



မမြင်ရပါ။ ခပ်ရေးရေး ပုံသဏ္ဌာန်မျိုးလောက်သာ မြင်ရသည်။

သို့သော် မိမိမထင်မရှား တွေ့မြင်ရသည့် ခပ်ရေးရေး ပုံသဏ္ဌာန်သည် လိုင်ယုဝန်ဖြစ်သည်ဟူသောအသိဖြင့် ဟန်ချက်တင်ကြည်နူးဖြေသိမ့်ရသည်။

လမ်းဆုံနေရာမှ ထွက်လာခဲ့ကြပြီး သုံးရက်ခန့်အကြာတွင် တောင်ကုန်းတစ်ခုနားမှ ဖြတ်သွားရသည်။ ထိုတောင်ကုန်းသည် လမ်းတွင် တွေ့ခဲ့ရသော တောင်ကုန်းတို့ထက် ပို၍မြင့်သည်။

တောင်ထွတ်တစ်ခုဟုပင် ဆိုနိုင်သည်။ ဟန်ချက်တင်သည် စီးတော်မြင်းကို တောင်ခြေတွင် ထားခဲ့ကာ ကိုယ်ဖော့ပညာကိုသုံး၍ မြင့်မားသော တောင်ကုန်းထက်သို့ အပြေးအလွှားပင်တက်သည်။

တောင်ကုန်းသည် အတော်လေးမြင့်ရာ တောင်ကုန်းထိပ်မှ လှမ်းမျှော်ကြည့်လျှင် အတော်ဝေးဝေးဆီသို့ပင် မြင်နိုင်သည်။ လိုင်ယုဝန်တို့ သွားနေကြသောလမ်းသည် စက်ဝိုင်းခြမ်းသဏ္ဌာန် ခပ်ကွေးကွေးဖြစ်လျက် ထိုလမ်းအကွေ့အကွေးကြားတွင် ဖြတ်လမ်းလိုလိုမျိုး မပီမသ လမ်းကြောင်းတစ်ခု ရှိနေသည်ကိုလည်း အထက်စီးမှ မြင်တွေ့ရလေသည်။

ထိုဖြတ်လမ်းအသွင်ရှိနေသော လမ်းအတိုင်း လိုက်သွားကြည့်ရန် ဟန်ချက်တင် စိတ်ကူးမိသည်။ ဖြတ်လမ်းဟုတ်နေလျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း လိုင်ယုဝန်တို့၏ရှေ့မှ ကြိုရောက်ကာ အသာပုန်းအောင်း၍ စောင့်လျက် သူ့ရှေ့နားမှ ဖြတ်သွားမည့် လိုင်ယုဝန်ကို အနီးကပ် ကြည့်နိုင်မြင်နိုင်ဖို့ အခွင့်အလမ်းကောင်းရမည်။

ဖြတ်လမ်းမဟုတ်လျှင်လည်း အသာပြန်လှည့်ကာ မြင်းကို အသာနှင်လျက် လိုင်ယုဝန်တို့နောက်မှ ပြတ်ကျန်မနေခဲ့ရန် လုပ်ရုံသာ ရှိမည်။

ဟန်ချက်တင်တောင်ကုန်းပေါ်မှ အမြန်ပင်ပြေးဆင်းသည်။ မြင်းပေါ်ခုန်တက်၍ သူအထက်စီးမှ မြင်ခဲ့ရသော ဖြတ်လမ်းလိုလို နေရာဆီသို့ သွားသည်။

သစ်ပင်ချုံနွယ်၊ မြက်တောများအကြားတွင် ခပ်ဖုံဖုံလေး ဖြစ်နေသော လမ်းကြောင်းဖြစ်သည်။ တောတိရစ္ဆာန်များ တောတိုးသွားရာမှ ခရီးသွားအချို့လည်း လိုက်သွားခဲ့သည့်အတွက် လမ်းကြောင်းတစ်ခုလို ပေါ်ပေါက်နေခြင်း ဖြစ်သည်။

ထိုသို့ အကဲခတ်မိသောအခါ ဖြတ်လမ်းဖြစ်ဖို့ သေချာနေသည်မို့ ဟန်ချက်တင်လည်း ခပ်ဖုံဖုံလမ်းကြောင်းလေးအတိုင်း ဆက်၍ လိုက်သွားသည်။ လိုင်ယုဝန်ကို အနီးကပ် ခိုးကြည့်နိုင်တော့မှာမို့လည်း သူ့စိတ်က လန်းဆန်းတက်ကြွ၍နေသည်။

အာရုံတို့ကလည်း ခါတိုင်းထက်ပို၍ ဖျတ်လတ်နေသည်။



ထို့ကြောင့်လည်း သဘာဝမဟုတ်သည့် ထူးခြားသော အသံကို ကြားလိုက်မိလေသည်။

စကားသံလိုလို ဖြစ်သည်။ တောင်ကုန်းပေါ်မှ လှမ်းမျှော်ကြည့်၍ မြင်ရသမျှကတော့ သည်နေရာအနီးဝန်းကျင်တွင် သူကိုယ်တိုင်နှင့် လိုင်ယုဝန်တို့လူစုမှလွဲ၍ လူရိပ်လူယောင် မမြင်ရ။ အခြားခရီးသွားများကိုလည်း မတွေ့ရ။

ယခု သည်ဖြတ်လမ်းတွင် စကားသံလိုလို ကြားရသည်မှာ အတော်ကို ထူးဆန်းသည်။ မြင်းကို ချက်ချင်းတုံ့ရပ်သည်။ မြင်းပေါ်မှ အသာဆင်းသည်။ စကားသံလိုလို ကြားရသည့်ဆီသို့ ခြေသံလုံလုံဖြင့် တောတိုး၍သွားသည်။

"နင် အခု ဘာတတ်နိုင်သေးလဲ"

ယောကျ်ားကြီးတစ်ယောက်၏ ကြိမ်းဝါးပြောဆိုသံကို ခပ်သဲ့သဲ့ ကြားရသည်။ ကြားရသည့်စကားသံအရ မိန်းမသားတစ်ယောက်ကို ယောကျ်ားကြီးများက အနိုင်အထက်လုပ်ကြမည့် အခြေအနေရှိနေသည်ဟု ဟန်ချက်တင် အကဲခတ်မိသည်။

အသံပေါ်ထွက်လာရာ နေရာသို့လည်း အတိအကျ သိရသည်မို့ ဟန်ချက်တင်သည် ခြေလှမ်းသွက်သွက်ဖြင့် ခပ်မြန်မြန် ချဉ်းကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းကြောင့် ဖြစ်ပျက်နေသည်ကို မသိသော်လည်း မတရားအနိုင်ကျင့်မှုသဘော ဖြစ်နေသည့်အတွက် စိတ်ဆတ်သော ဟန်ချက်တင် အလိုလိုခံပြင်းနေသည်။ ဒေါသထွက်နေသည်။

"တောက် ... ရှင့်တို့က ဆေးခတ်ပြီး အမိဖမ်းကြလို့ ရှင်တို့လက်ထဲ ရောက်လာတာ၊ သတ်ချင်သတ်ပစ်လိုက်"

အမျိုးသမီးတစ်ယောက်၏ ခပ်မာမာ ပြန်ပြောသံ ပေါ်လာသည်။ ဆတ်ဆတ်ကြဲသတ္တိအပြည့်နှင့် ပြောသောအသံမို့ မြင်ပင်မမြင်ရသေးသော ထိုအမျိုးသမီးကိုတော့ ဟန်ချက်တင် ချီးမွမ်းမိသည်။

ပို၍ မြန်မြန်ချဉ်းကပ်သွားရာ အသံများပေါ်လာရာ အနီးသို့ရောက်သည်။ ဖြစ်ပျက်နေပုံကိုလည်း မြင်ရသည်။ မိန်းမပျို တစ်ယောက်ကို သစ်ပင်တစ်ပင်၏ ပင်စည်တွင် ကြိုးဖြင့်တုပ်နှောင်ထားခြင်းဖြစ်သည်။

မလှုပ်နိုင်အောင် ကြိုးများဖြင့် တုပ်နှောင်ထားသော မိန်းမပျို၏အနီးတွင်တော့ ယောကျ်ားကြီးသုံးယောက်တို့ရှိနေကြသည်။ နှစ်ယောက်က ဓားရှည်ကိုယ်စီကိုင်ထားကြသည်။

သူတို့ကိုင်စွဲသော ဓားရှည်များ၏အသွင်က ဓားတစ်မျိုး။ ဟန်ချက်တင် တွေ့ဖူးမြင်ဖူးသော ဓားရှည်တွေလို ဓားသွားဖြောင့်



ဖြောင့်တန်းတန်း မဟုတ်။

ဓားသွားများသည် တစ်ခြမ်းပဲ့လခြမ်းသဏ္ဌာန် ခပ်ကွေးကွေးဖြစ်သည်။ ဓားကောက်များဟု ဆိုနိုင်သည်။ ကျန်ယောကျ်ားကြီးတစ်ယောက်ကတော့ ဓားကို ခါးတွင်သာ ချိတ်ထားသည်။

မိန်းမပျိုက အသားလတ်သည်။ ဟန်လူမျိုးဖြစ်ဟန်မတူ။ ယောကျ်ားကြီးများ၏ အဝတ်အစားကလည်း ဟန်လူမျိုးတို့အဝတ်အစားမျိုးမဟုတ်။

ပြောဆိုကြသည့် စကားတွေကတော့ ဟန်ဘာသာစကားဖြစ်သည်၊ အနည်းငယ်ဝဲသည်။ အနောက်ဘက်ဒေသမှ လူမျိုးစု တစ်စု ဖြစ်ဟန်တူသည်။ ဟန်ချက်တင် သည်အတိုင်းကြည့်မနေနိုင်တော့။

✵

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုရှိရာသို့ ဟန်ချက်တင် တစ်ဟုန်ထိုးပြေးဝင်သည်။ အနားသို့ရောက်သည်နှင့် လက်ဝါးရိုက်ချက်များ တရစပ် ရိုက်ထုတ်ကာ ယောကျ်ားကြီးများကို တိုက်ခိုက်သည်။

ယောကျ်ားကြီးသုံးယောက်တို့သည် သည်နေရာတွင် သူတို့သာ ရှိနေသည်ဟု ထင်ထားကြကာ ဓွက်ဖက်တိုက်ခိုက်မှု တစ်စုံတစ်ရာ ပေါ်လာလိမ့်မည်ဟုလည်း မထင်ကြပေ။

ထို့ပြင် သူတို့သုံးယောက်လုံး၏ မျက်လုံးများက မိန်းမပျို၏ အလှအပများကိုသာ စူးစိုက်ကြည့်နေကြသည်။ သူတို့၏ စိတ်အာရုံမှာလည်း မိမိတို့ အနိုင်အထက် ပြုချင်တိုင်း ပြုရတော့မည့် မိန်းမပျိုဆီသို့သာ ရောက်နေကြသည်။

ပတ်ဝန်းကျင်ကိုပင် မေ့သလို ဖြစ်နေသည်။ ထို့ကြောင့် ကောင်းကောင်း အမိခံလိုက်ရသည်။ ဟန်ချက်တင်၏ လက်ဝါးရိုက်ချက်များဒဏ်ကို မရှုမလှပင် ခံလိုက်ကြရသည်။

ယောကျ်ားကြီးသုံးယောက်မှာ ခုခံရန်ဝေးစွ ဘာဖြစ်သည်ကိုပင် မသိရဘဲ အသီးသီး ဒဏ်ရာရကုန်ကြသည်။ လူငယ်လေး



တစ်ယောက် ဝင်ဓွက်ဖက် တိုက်ခိုက်လာကြောင်း ရိပ်စားသိရှိသည့်အချိန်တွင်တော့ သုံးယောက်လုံး ဒဏ်ရာတွေရကုန်ကြပြီး အင်တိုက်အားတိုက် မတိုက်ခိုက်နိုင်တော့။

မိမိတို့ အခြေအနေ မဟန်သည်ကို နားလည်သည့်အတိုင်း ထိုလူစုသည် ဟန်ချက်တင်ကို ပြန်လည်တိုက်ခိုက်ဖို့ မကြိုးစားကြတော့။ ပြန်တိုက်ခိုက်မည်ဆိုလျှင်လည်း သုံးယောက်တစ်ယောက်ဖြစ်သည့်တိုင် ဒဏ်ရာရနေသော သူတို့ဘက်မှ အရေးနိမ့်ဖို့သာ ရှိသည်ကိုလည်း နားလည်ကြသည်။

ထို့ကြောင့် အချင်းချင်းအချက်ပေးကာ တစ်ချိုးတည်း သုတ်ခြေတင် ထွက်ပြေးကြလေတော့သည်။ လွတ်ကျကျန်နေခဲ့သော ဓားကောက်ရှည်နှစ်လက်ကိုပင် ကောက်ယူမသွားကြတော့။

ဟန်ချက်တင်သည် ထိုသူများနောက်သို့ အတင်းလိုက်ကာ အသေအကျေ တိုက်ပစ်လိုက်ချင်သည်။ သို့သော် အမြင်မတော်သည့် အခြေအနေဖြင့် ကြိုးတုပ်ခံထားရသော မိန်းမပျိုကို သည်အတိုင်းထားမပစ်ခဲ့ချင်သောကြောင့် ထွက်ပြေးသွားသော ယောကျ်ားကြီးများနောက်သို့ မလိုက်တော့။

မိန်းမပျိုထံသို့ လှစ်ခနဲ ချဉ်းကပ်သွားသည်။ ဓားမြှောင်လေး ထုတ်ကာ တုပ်နှောင်ထားသည့်ကြိုးများကို သွက်လက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်တောက်ပေးသည်။

"ဟို မီးရှူးကောင်သုံးကောင်ကို ဘာလို့အလွတ်ပေးလိုက်ရတာလဲ၊ အသေသတ်ပစ်လိုက် ပြီးရော ... တောက်"

ကြိုးများဖြုတ်တောက်နေခိုက် မိန်းမပျိုက မကျေမနပ်ပြောသည်။ လှုပ်ရှားတိုက်ခိုက်နေခဲ့ရသည့်အချိန်က တော်သေးသည်။ ယခု တိုက်ခိုက်မှုများ လက်စသတ်သွားပြီးသည့်နောက်တွင် စိတ်လှုပ်ရှား ရင်ခုန်မှုက ပိုသိသာထင်ရှားလာသည်။

"မမ ... ကျွန်တော် လှည့်ကြည့်တော့မယ်နော်"

အတန်ကြာအောင် ကျောခိုင်းနေပြီးနောက် ဟန်ချက်တင်လည်း ပါးစပ်မှ ပြောဆိုအသံပြုရင်း နောက်သို့ အသာပြန်လှည့်သည်။

မိန်းမပျို မရှိတော့ပါ။ မြေကြီးပေါ် ကျကျန်နေခဲ့သော ဓားကောက်နှစ်လက်လည်း မရှိတော့ပါ။

✸



လွင်တီးခေါင်ဒေသ၏ အစပ်နားတွင်ရှိသော ရွာကြီးတစ်ရွာသို့ ဟန်ချက်တင် ရောက်လာခဲ့သည်။ ဘာကြောင့်မှန်းမသိ။ လိုင်ယုဝန်တို့လူစုသည် ထိုရွာကြီးတွင် တစ်ရက်နားနေကြသည်။ ဟန်ချက်တင်လည်း ရွာအစပ်နားတွင် မထင်မရှား နားနေလိုက်ရသည်။

ရေအိတ်အလွတ်များတွင် ရေအပြည့်ထည့်ကာ ရိက္ခာများလည်း ထပ်မံဝယ်ယူ ဖြည့်တင်းထားသည်။ လိုင်ယုဝန်တို့ ခရီးဆက်သောအခါ ဟန်ချက်တင်လည်း ခြေရာကောက်ကာ နောက်မှ လိုက်လာခဲ့သည်။

မကြာမီပင် လွင်တီးခေါင်ဒေသထဲသို့ ရောက်ရှိသွားကြသည်။ ထိုဒေသသည် လွင်ပြင်ကျယ်ကြီးဖြစ်သည်။ သစ်ပင်ကြီးကြီးမားမျိုး မရှိ၊ ဆူးပင်ပုပုလေးများသာ ထိုနားတစ်ခု သည်နား တစ်ခုရှိသည်။ မြေသားများက အနီရောင်ဖြစ်ကာ မာကျစ်နေသည်။

တောင်စွယ် တောင်ကြောမရှိ။ ကျောက်တောင်ချွန်အချို့တော့ ရှိသည်။ ဤလွင်တီးခေါင်ဒေသကို ၁၀ ရက်ကြာမျှ ဖြတ်ကျော်ရမည်ဟု ရွာကြီးတွင် ဟန်ချက်တင် စုံစမ်းသိရှိခဲ့သည်။ သူ့တွင်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



သော ရိက္ခာနှင့်ရေတို့က သူ့အတွက် ၁၀ ရက်စာလောက်ငရုံမျှက ပိုလျှံ၍ပင်နေသည်။

လိုင်ယုဝန်တို့ အစာရေစာ အခက်အခဲတွေ့ရလျှင် ကောင်းကောင်း ကူညီထောက်ပံ့ပေးနိုင်သည်။ ရေမရှိသည့် ပူပြင်းခြောက်သွေ့သော ကန္တာရများကို ဖြတ်ကျော်သွားလာမှု၏ ထုံးစံအတိုင်း ပူပြင်းသော နေ့ခင်းပိုင်းအချိန်များတွင် အနားယူကြပြီး ညဘက်နှင့် နံနက်စောစော ညနေစောင်းအချိန်တို့တွင်သာ ခရီးနှင်ကြရာ ခုနစ်ရက် အချိန်ကုန်လွန်သွားသည်။

နောက်နှစ်ရက်သုံးရက်ဆိုလျှင် ပူပြင်းခြောက်သွေ့သော လွင်တီးခေါင်ဒေသကို ဖြတ်ကျော်လွန်မြောက်ပေတော့မည်။ ထိုအချိန်တွင်မှ မမျှော်လင့်သော သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည်။

လေပွေမုန်တိုင်းတစ်ခု တိုက်ခတ်လာခြင်းဖြစ်သည်။ သဲကန္တာရများတွင် တိုက်ခတ်သော သဲမုန်တိုင်းများနှင့် လွင်တီးခေါင်ဒေသများတွင် တိုက်ခတ်သော လေပွေမုန်တိုင်းများ၏ ကြောက်စရာကောင်းပုံကို အခြားသူများ၏ ပြောစကားကြားဖူးသည်။ စာပေများထဲတွင်လည်း ဖတ်ဖူးသည်။

သဲမုန်တိုင်းကို မကြုံဖူးသေးသော်လည်း လွင်တီးခေါင်





ဒေသ၏ လေပွေမုန်တိုင်းကိုတော့ ဟန်ချက်တင် ကိုယ်တွေ့ကြုံရလေပြီ။

လေပွေလှိုင်းတွေ တစ်ခုပြီးတစ်ခုဆိုသလို ပေါ်လာသည်။ လေပွေတို့၏ တိုက်အားအရှိန်နှင့် စုပ်ယူပင့်တင်မှု အင်အားတို့က တစ်စစ ပြင်းလာသည်။

ထို့နောက် သဲမှုန်များ၊ ကျောက်တုံးကျောက်စငယ်များနှင့် ဆူးပင်လေးများ လေထဲတွင် လွင့်မျောပါလာသည်အထိ ဖြစ်လာသည်။ ခရီးဆက်သွား၍ ဘယ်လိုမျှ မဖြစ်တော့။ မားမားမတ်မတ်ပင် ရပ်လို့မရ။

မားမားမတ်မတ်ရပ်မိလျှင် အဟုန်ပြင်းသော လေပွေတွင် ကြွပါသွားနိုင်သည်။ ဒါမှမဟုတ် လွင့်ပျံနေသော ကျောက်တုံးကျောက်စလေးများ၊ ဆူးပင်များ အထိမှန်ခံရကာ ကောင်းကောင်း ဒုက္ခတွေ့နိုင်သည်။

သည်လို လေပွေမုန်တိုင်းမျိုးနှင့် လက်တွေ့ရင်ဆိုင်ဖူးခြင်း မရှိသောကြောင့် ဟန်ချက်တင်မှာ ပထမတွင်တော့ အတော်လေးပင် ထိတ်လန့်တုန်လှုပ်သည်။ ထို့နောက် ဖတ်ဖူးကြားဖူးထားသည့် ဗဟုသုတအရ လေတိုက်ဒဏ်ကို ခံနိုင်မည့်နေရာကို အမြန်စဉ်းစားရှာဖွေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဖြတ်ကျော်လာခဲ့သော တောင်ချွန်တစ်ခုကို သတိရသည်။ ထိုတောင်ချွန်သည် ပေတစ်ထောင်သာသာခန့်မြင့်သည်။ အောက်ခြေတွင် ကြီးမားသော ကျောက်တုံးကြီး သုံးလေးခုလည်း ရှိသည်။

ထိုကျောက်တုံးကြီးများအကြား တိုးဝင်ခိုနေပါက လေပွေမုန်တိုင်း တိုက်ခတ်မှုဒဏ်ကို ခံနိုင်ပေမည်။ ဟန်ချက်တင်သည် တောင်ချွန်ရှိရာသို့ အမြန်ပြန်လှည့်သည်။ အဟုန်ပြင်းပြင်း တိုက်ခတ်နေသော လေပွေမုန်တိုင်းလမ်းကြောင်းကို ကျောပေးလျက်သွားသည်မို့ မြန်မြန်ထက်ထက် သွားနိုင်သည်။

လေထဲလွင့်ပါလာသော အရာအချို့နှင့်တော့ ထိမိခိုက်မိသည်။ အနည်းအကျဉ်း ဒဏ်ရာရသည်။ ကျောက်တောင်စွန်းသို့တော့ အရောက်သွားနိုင်သည်။ ကျောက်တုံးကြီးများအကြား လေဒဏ်ခံနိုင်မည့်နေရာကိုရွေးကာ တိုးဝင်ခိုအောင်းနိုင်သည်။

ဤသို့ဖြင့် တဝုန်းဝုန်း တိုက်ခတ်နေသော လေပွေမုန်တိုင်း၏ အန္တရာယ်ကို အန်တုရင်ဆိုင်နိုင်ခဲ့သည်။ မြင်းရောလူပါ ကျောက်တုံးကြီးများအကြားတွင် ဝင်၍ နေရသည်။

လေပွေမုန်တိုင်းသည် ၆ နာရီကျော် ကြာအောင်ပင် အဟုန်ပြင်းပြင်းနှင့် မရပ်မနား တိုက်ခတ်သည်။ ထို့နောက် တစ်စုံတစ်ရာ



သော တန်ခိုးရှင်က အမိန့်ပေးဖန်တီးလိုက်သလို ရုတ်တရက် ရပ်တန့်သည်။

လေပွေမုန်တိုင်းတွင် လွင့်မျောပါဝင်လာကြသော အရာများကြောင့် မှုန်ပျပျောက်ကွယ်နေခဲ့သော နေရောင်လည်း တစ်စစပြန်၍ လင်းလက်လာသည်။

အချိန်ကတော့ မွန်းလွဲပိုင်းလောက် ရှိနေလေပြီ။ လေပွေမုန်တိုင်း စဲသွားသည်နှင့် ဟန်ချက်တင်သည် ကျောက်တုံးကြီးများအကြားမှ ထွက်သည်။ လိုင်ယုဝန်တို့အတွက်လည်း တွေးတောပူပန်နေရာ မျှော်စင်လိုဖြစ်နေသော ကျောက်တောင်ချွန်ပေါ်တက်ကြည့်ရန် စိတ်ကူးရသည်။

ကျောက်တောင်ချွန်ပေါ်သို့ တက်နိုင်မည့်လမ်းကြောင်းလမ်းစကို လှည့်ပတ်ရှာသည်။ ဤသို့သော ကျောက်တောင်ချွန်များပေါ်သို့ တက်ရသည်က ခက်ခဲသည်။ တောင်ချွန်တို့၏ သဘောသဘာဝအတိုင်း လက်ချောင်းထောင်ထားသလိုမျိုး ရှည်ရှည်မျောမျော အနေအထားရှိနေသည့်အပြင် လွင်တီးခေါင်ဒေသ၏ လေပြင်းများ တိုက်ခတ်မှုကြောင့် တောင်နံရံတို့မှာလည်း ချောပြောင်၍နေတတ်သည်။ ကုတ်တွယ်စရာ အတော်ပင်ရှားသည်။

ထိုသို့ လိုက်ရှာရင်း တောင်ခြေတစ်နေရာတွင် လူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတစ်ခု တွေ့ရသည်။ ပူပြင်းသောဒေသမို့ အလောင်းသည် ပုပ်နေပြီး လေပွေမုန်တိုင်း တိုက်ခတ်မှုကြောင့် အဝတ်အစားများ၊ အသားများ စုတ်ပြတ်ထွက်ကာ နေရာအတော်များများတွင် အရိုး ဖွေးဖွေး ဖြစ်နေသည်။

လူရုပ်ပင်မပီတော့။ မည်သူမည်ဝါ မဆိုထားဘိ ယောကျ်ား မိန်းမခွဲခြားရန်ပင် မလွယ်။ တောင်ခြေတွင် လူသေအလောင်း တွေ့ရ သည်ကတော့ ထူးခြားနေသည်။ သည်နေရာ အနီးဝန်းကျင်တွင် အန္တရာယ်တစ်ခုခုများ ရှိနေလေသည်လားဟုပင် ဟန်ချက်တင် တွေး မိသည်။

လိုင်ယုဝန်တို့၏ အခြေအနေကို လှမ်းကြည့်ရှုစမ်းလိုစိတ် ကလည်း ပြင်းပြနေလေရာ တောင်ချွန်ပေါ်သို့ သူတက်နိုင်မည့် လမ်းကြောင်းကိုတော့ လိုက်ရှာမြဲရှာသည်။

အတန်ငယ် အဆင်ပြေမည်ဟု ထင်ရသော လမ်းကြောင်း တစ်ခုကို တွေ့ရသည်။ သိပ်အဆင်ပြေပြေကြီးတော့ မဟုတ်။ အခြား သော နေရာများထက်စာလျှင် အနည်းငယ်ပို၍ တက်လမ်းသာရုံ လောက်သာ ဖြစ်သည်။

ဟန်ချက်တင်သည် စွန့်စားရန် ဆုံးဖြတ်ကာ ထိုနေရာက ပင် တောင်ချွန်ပေါ်သို့ တွယ်ကပ်ကာ တက်လာခဲ့သည်။ တကယ်



တမ်း တက်ကြည့်သောအခါတွင်တော့ စိတ်ထဲက ထင်သလောက် မခက်ခဲကြောင်း တွေ့ရသည်။

တောင်နံရံတွင် လေတိုက်စားမှုကြောင့် အချို့နေရာများ ချောပြောင်နေသလို အချိုင့်အထစ်ဖြစ်နေသော နေရာများလည်း ရှိသည်။ ထိုအချိုင့်အထစ်များကို ကုတ်တွယ်ကာ တက်ရာ လွယ်ကူ အဆင်ပြေသလို ရှိလာသည်။

ထိုသို့ တက်လာရင်း တောင်ချွန်၏ သုံးပုံနှစ်ပုံခန့်အရောက် တွင် လိုဏ်ဂူပေါက်တစ်ခုကို တွေ့ရှိလေသည်။ ဟန်ချက်တင်လည်း လိုဏ်ဂူပေါက်ထဲ တိုးဝင်လာခဲ့သည်။

လေပွေမုန်တိုင်းတွင် လွင့်မျောပါလာသော အရာများ လည်း အနည်ထိုင်ကျသွားကြလေပြီမို့ မှုန်းတိမ်းနေက ထွန်းလင်း တောက်ပနေသည်။ လိုဏ်ဂူထဲသို့ အလင်းရောင် ကောင်းကောင်း တိုးဝင်သည်။ သေသေချာချာ မြင်တွေ့နိုင်သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူထဲတွင် လူသုံးယောက် လဲကျနေကြသည်။ အဝင်ဝနားတွင် တစ်ယောက်၊ အတွင်းဘက် မကျတကျတွင် နှစ်ယောက်။ လမ်းတွင် မမျှော်လင့်ဘဲ တွေ့ရှိဆုံကြုံခဲ့ရသော မိန်းမပျိုနှင့် ယောကျ်ားကြီးနှစ်ယောက်တို့ ဖြစ်သည်ကို မှတ်မိသိရှိလိုက်သောအခါ ဟန်ချက်တင်မှာ အတော်ပင် အံ့ဩတုန်လှုပ်သွားသည်။

သည်လူတွေနှင့် သည်နေရာမှာ ပြန်တွေ့ဆုံရပေလိမ့်မည်ဟု ဟန်ချက်တင် လုံးဝထင်မထားခဲ့ပါ။ တောင်ခြေတွင် တွေ့ခဲ့ရသော ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် အလောင်းသည် မိန်းမပျိုအား အနိုင်ကျင့်စော်ကားရန် ကြံစည်ခဲ့သူတို့အနက်မှ တစ်ယောက်ဖြစ်မည်ဟုလည်း ဆက်စပ်တွေးတောမိသည်။

ဟန်ချက်တင်သည် လဲကျနေသော မိန်းမပျိုရှိရာသို့ အရင်ပြေးသွားသည်။ မိန်းမပျိုသည် ဟန်ချက်တင်ပေးထားခဲ့သော အပြင်ဝတ် အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။ အသာဖေးမ ပွေ့ထူ၍ ကြည့်ရာ အသက်ရှူနေသေးကြောင်း တွေ့ရသည်။

"မင်း ... မင်းပဲကိုး"



မိန်းမပျိုက မျက်လုံးကို အားယူဖွင့်ရင်း အသံတိုးတိုးဖြင့် ပြောသည်။ မိန်းမပျိုသည် ဒဏ်ရာရထားမှန်း သိသောကြောင့် ဟန်ချက်တင်က မိမိတို့ မိုးမြေဓားစံအိမ်တော်၏ သက်စောင့်ဒဏ်ကြေအားတိုးဆေးတစ်လုံး အမြန်ထုတ်ကာ တိုက်ကျွေးသည်။

"မမ ... ဘယ်လိုဖြစ်တာလဲ"

ဆေးတိုက်ပေးပြီးနောက် ဟန်ချက်တင်က မေးသည်။

"ဟို အယုတ်တမာသုံးကောင်ကို လိုက်သတ်တာ၊ သူတို့နဲ့ တိုက်ရင်း တို့လည်း ဒဏ်ရာရတယ်၊ သူတို့ သေကုန်ကြပြီလား"

သက်စောင့်ဒဏ်ကြေအားတိုးဆေး သောက်လိုက်ရ၍ အားအနည်းငယ်ပြည့်ကာ အခြေအနေ အတန်ငယ် ကောင်းလာသည့် မိန်းမပျိုက ပြန်ပြောသည်။ မေးလည်းမေးသည်။

"တစ်ယောက်တော့ သေသွားပြီ၊ နှစ်ယောက်ကတော့ လဲနေကြတယ်၊ သေလားရှင်လား မသိဘူး"

"သွားကြည့်ပေးစမ်းပါ"

"မမရဲ့ဒဏ်ရာ"

"ရတယ် ... တို့ မသေနိုင်သေးပါဘူး၊ သွားသာကြည့်ပါ"

ဟန်ချက်တင်သည် လဲကျနေသော လူနှစ်ယောက်ကို သွား၍ စစ်ဆေးကြည့်သည်။ နှစ်ယောက်လုံး အသက်မရှိကြတော့။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ယောက်က တောင့်၍ပင်နေသည်။ သေဆုံးခဲ့သည်မှာ တစ်ရက်ခန့် ကြာပြီထင်ရသည်။ ကျန်တစ်ယောက်ကတော့ အသက်ပျောက်ခဲ့တာ သိပ်ကြာပုံမရသေး။ အလောင်းက ခပ်နွေးနွေးပင် ရှိသေးသည်၊

"နှစ်ယောက်လုံး သေသွားပြီ"

ဟန်ချက်တင်က မိန်းမပျိုရှိရာသို့ ပြန်သွားကာ ပြောသည်။

"ကောင်းတယ် ကောင်းတယ် ... မင်းမှာ ရေပါလား"

"ပါတယ်"

ဟန်ချက်တင်လည်း မိန်းမပျို အစာတော်ရေငတ် ဖြစ်နေနိုင်ကြောင်း ယခုမှ စဉ်းစားမိကာ ကိုယ်တွင်လွယ်လျက်ပါလာသော ရေဘူးငယ်ကိုပွတ်ကာ ရေတိုက်သည်။ ကြံသကာမှုန့် ထမင်းခြောက်မှုန့်၊ အသားခြောက်မှုန့်များနှင့် စီမံပြုလုပ်ထားသော ထမင်းခြောက်လုံးလေး တစ်လုံးထုတ်ကာ ခွံ့ကျွေးသည်။

ထိုထမင်းခြောက်လုံးလေးသည် ကွမ်းသီးလုံးသာသာမျှသာ ရှိသော်လည်း အာဟာရအပြည့်ပါသည်။ တစ်လုံးစားလိုက်ပါက ကောင်းကောင်းဝလင်သည်။

"မမရဲ့ဒဏ်ရာ အတော်များလား၊ ဘာဒဏ်ရာတွေရနေတာလဲ"

ရေတိုက် အစာကျွေးပြီးနောက် ဟန်ချက်တင်က မေး



သည်။

"ဟိုလူယုတ်မာတွေ ဆေးခတ်လို့ တို့အတွင်းအား လျော့ပါးနေတာ၊ သူတို့နောက် အမီအတင်းလိုက်လို့ ပင်ပန်းတာရယ်၊ သူတို့နဲ့ အကြိတ်အနယ် တိုက်ခိုက်ရတာရယ်ကြောင့် အားကုန်ပြီး ဒဏ်ရာရခဲ့တာပါ၊ အခု ရေဝသောက် အစားကောင်းကောင်းစားလိုက်ရလို့ အတော်သက်သာသွားပြီး အနားယူလိုက်ရရင် ကောင်းသွားပါလိမ့်မယ်"

"ဒါဆို မမ ကောင်းကောင်းအနားယူပါ၊ ရော့ ... ထမင်းခြောက်လုံးတစ်လုံး ထပ်စားလိုက်ဦး"

ဟန်ချက်တင်က ထမင်းခြောက်လုံးတစ်လုံး ထပ်ကျွေးသည်။ မိန်းမပျိုကို တင်ပျဉ်ခွေထိုင်နိုင်ရန် ကူညီဖေးမ ထူပေးသည်။ ထို့နောက် လိုဏ်ဂူ၏ အခြားအပေါက်ဝသို့သွားကာ လိုင်ယုဝန်တို့အား လှမ်းမျှော်ကြည့်သည်။

မိန်းမပျိုကတော့ တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လည်ပတ် လေ့ကျင့်နေသည်။ လိုင်ယုဝန်တို့အဖွဲ့ကို ခပ်လှမ်းလှမ်းတွင် မြင်ရသည်။ မြင်းလှည်းကို ရွက်ဖျင်တဲလိုမျိုး အမိုးစောက်စောက် ပြေပြေဖြင့် အုပ်မိုးထားသည်ကို တွေ့ရသည်။ လွင်တီးခေါင်ဒေသ တွင် တွေ့နိုင်သော လေပွေမုန်တိုင်းနှင့် လေပြင်းများဒဏ်ကို ကာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်နိုင်သည့် အစီအမံဖြစ်ဟန်တူသည်။

ထိုအကာအကွယ် အစီအမံလုပ်ဆောင်ရန်အတွက် လွှင်တီး ခေါင်ဒေသ၏ အစပ်ရှိ ရွာကြီးတွင် လိုင်ယုဝန်တို့ တစ်ရက်နားနေကြခြင်း ဖြစ်နိုင်သည်ဟုလည်း ဟန်ချက်တင် တွေးမိသည်။

လိုင်ယုဝန်တို့လူစု လေပွေမုန်တိုင်းဒဏ်ကို ကာကွယ်ကျော်သွားနိုင်ကြောင်း သိရသည့်အတွက် ဟန်ချက်တင် စိတ်အေးသည်။ ညနေစောင်း နေရှိန်ယုတ်လျော့ချိန်မှ လိုင်ယုဝန်တို့ ခရီးဆက်ကြမည်ဖြစ်သည့်အတွက် မိမိအနေဖြင့်လည်း သည်ဂူထဲတွင်ပင် ဆက်နားနေလိုက်တော့မည်ဟု စိတ်ကူးသည်။

မိန်းမပျိုကလည်း အတွင်းအားလေ့ကျင့်နေရာ ဟန်ချက်တင်သည် လိုင်ယုဝန်တို့ရှိရာသို့ လှမ်းမြင်နိုင်သည့် လိုဏ်ဂူပေါက်နားတွင် ထိုင်ချကာ အသာနားနေလိုက်သည်။ လိုင်ယုဝန်တို့၏ မြင်းလှည်းဆီသို့သာ ငေးမှော့လှမ်းကြည့်သည်။

လေပွေမုန်တိုင်းဒဏ်ကို ရင်ဆိုင်ခဲ့ရမှုကြောင့် ပင်ပန်းနေခဲ့သည့် အရှိန်ဖြင့် တစ်ချက်တစ်ချက်တွင် ငိုက်မျဉ်းမိသည်။ ထို့နောက် မှေးခနဲဆို အိပ်ပျော်သွားသည်။

✸



မိမိအနားသို့ တစ်စုံတစ်ယောက် ရောက်လာသလို ခံစားသိရှိမှုဖြင့် ဟန်ချက်တင် အိပ်ပျော်ရာမှ ဆတ်ခနဲ လန့်နိုးသည်။

"ဟော ... နိုးလာပြီလား"

စကားသံကို ကြားရသည်။ သူ့အနားတွင် ထိုင်နေသော မိန်းမပျိုကိုလည်း တွေ့ရသည်။

"မမ ... အတွင်းအားလေ့ကျင့်တာ ပြီးသွားပြီလား"

ဟန်ချက်တင်က ကိုယ်ဟန်ပြင်ကာ ထိုင်ရင်း မေးလိုက်သည်။

"အင်း ... တစ်လှည့်တော့ ပြီးသွားပြီ၊ မင်းနာမည်ကို မသိရဘူးလား"

မိန်းမပျိုက မျက်လုံးရွဲကြီးများဖြင့် ဟန်ချက်တင်ကို ကြည့်ပြီးမေးသည်။

"ဟာ ... သိရပါတယ်၊ ကျွန်တော့်နာမည် ဟန်ချက်တင်၊ စင်ရှီးမြို့ မိုးမြေခြားစံအိမ်တော်သခင်ကြီးရဲ့ တစ်ဦးတည်းသောသားပါ၊ မမနာမည်ကကော"

www.burmeseclassic.com

www.burmeseclassic.com



"တို့နာမည်လား၊ ဟို ... အင်း ...ရှားလူလို့ခေါ်တယ်"

မိန်းမပျိုက စဉ်းစားဟန်ပြုလျက် တစ်ချက် တုံ့ဆိုင်းနေပြီးမှ ပြောသည်။ မိမိ၏အမည်ကို ပြောရာတွင် တုံ့တုံ့ဆိုင်းဆိုင်း ရှိနေမှုက ထူးဆန်းသလို ဟန်ချက်တင်ထင်မိသည်။

"မင်းက ဘယ်ကိုသွားမလို့လဲ"

"ဩော် ... အင်း ... ဟိုလေ"

သည်တစ်ခါတော့ ဟန်ချက်တင်အတွက် စကားအထစ်ထစ် အငေါ့ငေါ့နှင့် တုံ့ဆိုင်းရသည့် အလှည့်ဖြစ်သည်။ ဟန်ချက်တင်သည် လိုင်ယုဝန်တို့နောက်မှ ခြေရာကောက်ကာ လိုက်ပါလာနေခြင်းဖြစ်သည်။ လိုင်ယုဝန်တို့ ဘယ်နေရာသို့ ဦးတည်နေသည်ကို သေသေချာချာမသိ။ သည်တော့ မိမိဘယ်ကိုသွားမည်ဟု ယတိပြတ်ပြောရန် ခက်နေသည်။

"ခစ် ခစ် ခစ် ... မင်းကလည်း ကိုယ်သွားမယ့်နေရာကိုတောင် မသိသလိုပါလား၊ ဘာလဲ ... တို့ကို ပြောမပြချင်လို့လား"

ရှားလူက ကိုယ်သိမ့်သိမ့်တုန်အောင် ရယ်မောရင်း ပြောသည်။ ဟန်ချက်တင်၏ ဘယ်ပခုံးကိုလည်း ညာလက်ဖြင့် ခပ်သာသာ ပုတ်သည်။

"ဟာ ... ပြောမပြချင်လို့ မဟုတ်ပါဘူး မမရဲ့၊ ဟိုသင်းပါ၊



အဲ ကျွန်တော် အနောက်ပိုင်းဒေသကိုသွားမှာ"

ဟန်ချက်တင် ယခု လောလောဆယ် ခရီးလမ်းကြောင်း ဦးတည်နေရာကိုသာပြောချလိုက်သည်။ ရှားလူက ဟန်ချက်တင်ကို အကဲခတ်သလို တစ်ချက်ခပ်စူးစူးကြည့်သည်။

ဟန်ချက်တင်သည် ဘယ်နေရာကိုသွားသည်ဟု အတိအကျ ကိုယ်တိုင်ပင် မသိဘဲ ယခု လောလောဆယ် ဦးတည်သွားနေရာ အရပ်မျက်နှာကို ပြောလိုက်ရာ လိမ်ညာသည့်သဘောမဟုတ်သည့်အတွက် ရှားလူအနေဖြင့် ထူးထူးခြားခြား အကဲခတ်မိမှု ဘာမျှ မရှိခဲ့ပါ။

"အနောက်ပိုင်းဒေသဆိုတာ အကျယ်ကြီး၊ အနောက်ပိုင်းဒေသရဲ့ ဘယ်နေရာကို သွားမှာလဲ"

ရှားလူက ထပ်မေးပြန်သည်။

"အဲဒါတော့ ကျွန်တော်လည်း သေသေချာချာ မပြောနိုင်ဘူး၊ ကျွန်တော်က လူတစ်ယောက်နောက်ကို ခြေရာခံပြီး လိုက်လာနေတာ၊ သူသွားတဲ့နေရာကို ကျွန်တော်ကလည်း လိုက်သွားရမှာပဲ"

"ဒီလိုကိုး၊ မင်း ခြေရာခံလိုက်နေတဲ့လူက ဟောဟိုက လူစုထဲက တစ်ယောက်ယောက်များလား"

ရှားလူက လှမ်းမြင်နေရသော လိုင်ယုဝန်တို့မြင်း[illegible]ည်းရှိရာ

www.burmeseclassic.com

www.burmeseclassic.com



သို့ လက်ညှိုးညွှန်ပြကာ မေးသည်။

"အင်း ... ဟုတ်တယ်၊ ဒါနဲ့ မမကရော ဘယ်ကိုသွားမယ် စိတ်ကူးထားလဲ"

ရှားလူက မျက်လုံးရွဲကြီးများနှင့် ဟန်ချက်တင်ကို ကြည့်လိုက်ပြန်သည်။ ထိုအကြည့်တွင် အဓိပ္ပာယ်က တစ်ခုခုပါနေသလို ထင်ရသည်။

"အစတုန်းကတော့ ခွန်လွန်တောင်ကို သွားမလို့ ထွက်လာခဲ့တာပဲ၊ ဒါပေမဲ့ ဟိုငမိုက်သားသုံးကောင် ဝင်နှောင့်ယှက်ပြီး မကောင်းကြံတာကြောင့် အခြေအနေက တစ်မျိုးပြောင်းသွားတယ်၊ ခွန်လွန်တောင်ကို သွားလို့ မဖြစ်တော့ဘူး"

"မမှာ ဒဏ်ရာလည်းရှိနေတာဆိုတော့ ဒီနေရာမှာပဲ ဆက်နေပြီး အနားယူလိုက်ပါလား၊ မမအတွက် ရေနဲ့ရိက္ခာတွေ ကျွန်တော် ပေးထားခဲ့မယ်လေ"

"အေး ... ကျေးဇူးပါပဲကွာ၊ ဟိုအသေကောင်နှစ်ကောင်ကို လည်း တောင်အောက်ပစ်ချပစ်လိုက်စမ်းပါ ... ဟုတ်လား"

ဟန်ချက်တင် ကျောက်တောင်ချွန်ပေါ်မှ အောက်သို့ဆင်းသည်။ လိုဏ်ဂူအဝနားရှိ ကျောက်စွန်းတစ်ခုတွင် ကြိုးချည်ကာ ကြိုးဖြင့် ခိုတွဲဆင်းသည်မို့ အလွယ်တကူပင် အောက်သို့ရောက်သည်။



ရေအိတ်နှစ်အိတ်နှင့် ရိက္ခာအချို့ကို ကြိုးတွင်ချည်ပေးပြီး ရှားလူက အပေါ်မှ ဆွဲတင်ယူသည်။

အရေးအကြောင်းကြုံလျှင် လိုင်ယုဝန်အား ကူညီပေးနိုင်ရန် ယူဆောင်လာခဲ့သော ရေနှင့်ရိက္ခာတို့သည် လိုင်ယုဝန်ကို ကူညီပေးရန် မလိုတော့သော်လည်း အလဟဿတော့ မဖြစ်ပါ။ ရှားလူ အတွက် လေးငါးရက်စာတော့ ကောင်းကောင်း ဖူလုံပြည့်စုံသွားသည်။

ညနေပိုင်း နေစောင်းသွား၍ အပူရှိန် လျော့နည်းသွားသော အခါ လိုင်ယုဝန်တို့ ခရီးဆက်ထွက်သည်။ ခဏအကြာတွင် ဟန်ချက်တင်လည်း နောက်မှ လိုက်သွားပြန်လေတော့သည်။

ရှားလူမှာမူ တောင်ချွန်မြင့်ပေါ်ရှိ လိုဏ်ဂူပေါက်မှ လှမ်းမျှော်ကြည့်ရင်း ကျန်နေခဲ့လေသည်။

✸ ✸ ✸

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မနောငြိမ်းချမ်း ချောက်ကမ်းပါးထိပ်သို့ လိုင်ယုဝန်တို့လူစု ရောက်ရှိလာကြသည်။ ဤချောက်ကမ်းပါးရှိရာ တောအုပ်ကြီးထဲသို့ မဝင်မီ တောစပ်ရှိ ရွာလေးတွင် သူတို့၏ မြင်းလှည်းနှင့် မြင်းများကို အပ်နှံထားခဲ့လျက် ဝန်တင်မြင်းတစ်ကောင်ကို ငှားရမ်းပြီး လိုအပ်သော ပစ္စည်းများနှင့် စားနပ်ရိက္ခာများ တင်ကာ ခြေကျင်ခရီးဆက်ခဲ့ကြသည်။

“ဒါဟာ ကျွန်မတို့ ခရီးထောက်စခန်းနေရာလို့ ဆိုရမယ်၊ ဒီနေရာကို မနောငြိမ်းချမ်း ချောက်ကမ်းပါးလို့ခေါ်တယ်”

လိုင်ယုဝန်က ထိုက်ကူးချိန်တို့ညီနောင်ကို ပြောပြသည်။ မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ရောက်လျှင် အမည်ကို ထိုက်မျိုးနွယ် ညီနောင်အား သေသေချာချာ ပြောပြရမည်ဟု လိုင်ဆစ်ကိန်း၏ မှာကြားချက်အတိုင်း လိုင်ယုဝန်က ပြောပြခြင်း ဖြစ်သည်။

ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီအစ်ကိုသည်



ချောက်ကမ်းပါးထိပ်မှနေ၍ အောက်သို့ငုံ့ကြည့်သည်။ အနီးဝန်းကျင်ကိုလည်း မျက်စိကစားသည်။ နှစ်ယောက်သား မျက်မှောင်မသိမသာပင် ကြုတ်၍နေကြသည်။

မိမိသည်နေရာသို့ ပထမအခေါက် ရောက်စဉ်တုန်းကလိုပင် မနောငြိမ်းချမ်း ချောက်ကမ်းပါးဟူသော အမည်ကြောင့် ထူးခြားချက် ရှိမရှိ စူးစမ်းကြည့်ကြပြီး အခြားသော ချောက်ကမ်းပါးများနှင့် ဘာမျှထူးခြားချက်မရှိသည့်အတွက် စိတ်ထဲ ဖဝေဖဝါ ဖြစ်ကုန်ကြခြင်း ဖြစ်ကြောင်းကို လိုင်ယုဝန် အကဲခတ်မိသည်။

ခဏအနားယူကြပြီးနောက် မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ ဆင်းရန် ပြင်ဆင်ကြသည်။ ဝန်တင်မြင်းကို ခေါ်သွားရန် မဖြစ်သောကြောင့် ချောက်ကမ်းပါးထိပ်မှာပင် ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့သည်။ ဝန်တင်မြင်းပေါ်တွင် ကျန်ရှိနေသေးသော ပစ္စည်းတို့ကို တော့ လူခွဲကာ တစ်နိုင်တစ်ပိုင် သယ်ကြသည်။

အသင့်ယူလာသော ကြိုးရှည်ကို ချောက်ကမ်းပါးထက် ထိပ်နားရှိ သစ်ပင်တွင် ခိုင်မြဲစွာတုပ်နှောင်ကာ ကြိုးကို ဆွဲယူအားပြု၍ ချောက်ကမ်းပါးအောက်သို့ တစ်ယောက်ချင်းစီ ဆင်းကြသည်။

အရင်ဆုံး ထိုက်ကူးချိန်ဆင်းသည်၊ လိုင်ယုဝန်သည် သ[illegible] ချောက်ကမ်းပါးအထိသာ ကိုယ်တိုင်ရောက်ဖူးသည်။ ရှေ့[illegible]၍မှ

www.burmeseclassic.com

www.burmeseclassic.com



ဖခင်လိုင်ဆစ်ကိန်း ပြောလိုက်သည့် ခရီးလမ်းညွှန်အတိုင်းသာ ဆက်၍ သွားရပေတော့မည်။

မနောငြိမ်းချမ်းကမ်းပါး မည်မျှနက်ရှိုင်းသည်ကိုလည်း လိုင်ယုဝန် မသိပါ။ ထိုက်ကူးချိန် ဆင်းသွားနေသည့်အချိန်ကိုသာ စိတ်ထဲမှာ မှတ်သားနေရသည်။

သူတို့ယူလာခဲ့သည့် ကြိုးခွေကြီးကတော့ ပေတစ်ထောင်ကျော်ရှည်သည်။ အတန်ကြာတော့မှ ထိုက်ကူးချိန် ချောက်ကမ်းပါးအောက်ခြေသို့ ရောက်သွားကြောင်း အချက်ပြသည့်ကြိုးကို လှုပ်ဆွဲပြမှု ပေါ်လာသည်။

မိမိမှတ်သားခဲ့သည့်အချိန်ဖြင့် တွက်လျက် ချောက်ကမ်းပါးအနက်သည် ပေရှစ်ရာမှ ပေကိုးရာအတွင်းလောက်ရှိမည်ဟု လိုင်ယုဝန်က ခန့်မှန်းသည်။

ဒုတိယလူအဖြစ် လိုင်ယုဝန် ကြိုးကိုဆွဲကာ အားပြုလျက် ချောက်ကမ်းပါးအောက်သို့ ဆင်းလာခဲ့သည်။ ချောက်ကမ်းပါးက မတ်စောက်သည်။ သို့သော် ကြိုးရှည်ကို အားပြုဆွဲထားနိုင်သောကြောင့် လျှောဆင်းရသည်မှာ သိပ်အခက်အခဲမရှိပါ။ အောက်မှ ထိုက်ကူးချိန်ကလည်း ကြိုးကို ကိုင်တိမ်းပေးထားပုံရသည်။ ကြိုးသည် လှုပ်ခါယမ်းခြင်း သိပ်မရှိ။



မနောငြိမ်းချမ်း ချောက်ကမ်းပါးအောက်ခြေသို့ လိုင်ယုဝန် အဆင်ပြေ ချောမောစွာပင် ရောက်ရှိသွားသည်။ မိမိခန့်မှန်းထားသည်နှင့် သိပ်မလွဲဘဲ ချောက်ကမ်းပါးသည် ပေ (၈၅၀) ခန့်နက်သည်ကို လိုင်ယုဝန် တွေ့ရသည်။

ထို့နောက် လိုင်ယိတင်နှင့် ထိုက်ကူးသောက်တို့ ဆက်၍ ဆင်းလာကြသည်။ လူစုံသည်နှင့် ချောက်ကမ်းပါးအောက်ခြေ လှိုဏ်မြောင်းအတွင်းဘက်သို့ ဆက်လက်လျှောက်လှမ်းလာခဲ့ကြသည်။

လှိုဏ်မြောင်းသည် တစ်စစ ကျယ်၍လာသည်။ တောင်ကြားလွင်ပြင်ကျယ်တစ်ခုဆီသို့ ဦးတည်နေပုံရသည်။ သူတို့လူစု မနောငြိမ်းချမ်းကမ်းပါး အောက်ခြေသို့ ဆင်းခဲ့ကြသည်မှာ ညနေစောင်းဖြစ်လေရာ လှိုဏ်မြောင်းထဲရောက်ခဲ့ကြပြီး မကြာမီမှာပင် အလင်းရောင်ယုတ်လျော့လာသည်။ ထို့နောက် နေရောင်ကွယ်ပျောက်သွားသည်။

လုံးဝမှောင်မိုက်သွားခြင်းမျိုး မရှိသော်လည်း အလင်းရောင်ကတော့ အတော်ကို အားနည်းသည်။ မှိုးတိုးဝါးတားမျှသာ မြင်ကြရသည်။

"ဘာမှ ကောင်းကောင်းမမြင်ကြရတော့ဘူး၊ ကျွန်မတို့ နားကြရင်ကောင်းမလား၊ ရှေ့ဆက်သွားကြမလား"

လိုင်ယုဝန်က အကြံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းချင်း သတိထားပြီး ဆက်သွားကြတာပေါ့၊ လှိုဏ်မြောင်က တဖြည်းဖြည်း ကျယ်လာပါတယ်၊ ဒီည လထွက်စောမှာ၊ လရောင်ရရင် မြင်သာထင်သာ ရှိလာပြီ"

ထိုက်ကူးချိန်က ပြောသည်။

"ဒါဆို ဆက်သွားကြမယ်၊ လှိုဏ်မြောင်ထဲကထွက်ရင် တောင်ကြားလွင်ပြင်ကျယ်တစ်ခုကို ရောက်လိမ့်မယ်၊ အဲဒီမှာ ရေကန်တစ်ကန် ရှိတယ်၊ ရေကန်ကိုဖြတ်ပြီး ရေကန်ထဲစီးဝင်တဲ့ စမ်းချောင်းလေး အတိုင်း ဆက်လိုက်သွားရမယ်"

လူစုကွဲသွားလျှင် လိုက်လာရမည့်လမ်းကြောင်းကို သိနိုင်ရန် လိုင်ယုဝန်က လမ်းညွှန်ကိုပြောသည်။

"မှောင်ထဲမှာ လူစုမကွဲအောင်တော့ သတိထားရမယ်၊ လက်ချင်းတွဲထားကြ"

ထိုက်ကူးချိန်ကပြောကာ လိုင်ယုဝန်၏ဘယ်လက်ကို သူ့ညာလက်နှင့် လှမ်းဆုပ်ကိုင်သည်။ သူ့ဘယ်လက်ကို အသာဆန့်လိုက်ရာ တစ်ယောက်က လာဆုပ်ကိုင်သည်။ နူးညံ့အိထွေးသော အထိအတွေ့ကြောင့် လိုင်ယိတင်၏လက် ဖြစ်မည်ဟု သိသည်။

လေးယောက်သား လက်ချင်းတွဲကာ သတိရှိရှိဖြင့် ဖြည်းဖြည်းချင်း ဆက်လျှောက်လာကြသည်။ သစ်ရွက်ခြောက်များ



အတော်များများ ရှိသည်ကလွဲ၍ အောက်ခြေရှင်းနေသည်မို့ ခလုတ်ကန်သင်းများအတွက် ပူပန်စရာမလို၍ တော်သေး၏။

(၂) နာရီကျော်ကျော်ခန့် လျှောက်လာကြသောအခါ လရောင် ရစပြုသည်။ မပီတပီ မြင်တွေ့နိုင်လာသည်။

'ဂိုး'

ညဉ့်ငှက်တစ်ကောင်၏ အော်မြည်သံ ပေါ်လာသည်။ အသံကြည်လင်သာယာခြင်းမရှိ၊ ရုတ်တရက် ကြားလိုက်သောကြောင့် ကျောစိမ့်သွားစရာပင် ဖြစ်နေသည်။

"ဟော ... ငှက်ဆိုးထိုးသံပဲ၊ နိမိတ်မကောင်းဘူး"

လိုင်ယိတင် အလန့်တကြား ရေရွတ်သည်။

"မမကလည်း မဟုတ်တရုတ်တွေ ပြောမနေစမ်းပါနဲ့ ... တောထဲမှာ ဒီလိုငှက်အော်သံမျိုးတွေ ကြားနေရတာပဲဟာ"

လိုင်ယုဝန်က ဟန့်သည်။ ပြောမယ့်သာပြောရသည် ကြားလိုက်ရသော ငှက်အော်သံကတော့ မင်္ဂလာမရှိ၊ အော့နှလုံးနာဖွယ်ကောင်းသည်က အမှန်။ လိုင်ယုဝန်၏စိတ်ထဲတွင် စိုးထင့်သလိုလိုလည်း ခံစားရသည်။

တောင်ကြားလွင်ပြင်ကျယ်ထဲ ဝင်လာကြပြီမို့ လရောင် ပိုရလာသည်။ ပို၍လည်း မြင်သာထင်သာ ရှိလာသည်။ ငှက်အော်သံ

www.burmeseclassic.com

www.burmeseclassic.com



ကြားရပြီးနောက် ဘာသံမျှ ပေါ်မလာဘဲ ပတ်ဝန်းကျင်သည် စိတ်ချောက်ချားဖွယ်ရာပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ရှေ့ပေတစ်ထောင်ခန့်အကွာတွင် ရေအိုင်တစ်ခုကို မြင်ရသည်။ ကန်ရေပြင်ပေါ် လရောင်ဟပ်ကာ ငွေရောင်လျှပ်လျှပ်တောက်နေသည်။ ရေအိုင်၏ ဟိုဘက်တွင်တော့ စိမ်းစိမ်းညို့ သစ်ပင်အုပ်များရှိသည်။ ရေအိုင်၏ အရှေ့ဘက်တွင်တော့ သဲနှင့် ကျောက်တုံးကျောက်ခဲများ ဖုံးလွှမ်းနေသည့် မြေပြန့်ကို အဖွေးသား မြင်ရသည်။

"စိတ်တွေ အရမ်းလေးနေတယ်၊ အန္တရာယ်တစ်ခုခု ရင်ဆိုင်ရတော့မယ် ထင်တယ်"

လိုင်ယီတင်က ခပ်တိုးတိုး ပြောပြန်သည်။ တီးတိုးရေရွတ်ခြင်းဖြစ်သော်လည်း အလွန်ပင် တိတ်ဆိတ်ငြိမ်သက်နေသည့် ဝန်းကျင်ကြောင့် လိုင်ယီတင်၏စကားသံမှာ ကျန်လူများအတွက် မိုးခြိမ်းသံတစ်ခုလို ဖြစ်သည်။ သူတို့လည်း စိတ်ထဲတွင် စိုးထိတ်နေကြသည်။

လိုင်ယုဝန်ကပင် အစ်မဖြစ်သူကို ဟန့်ခြင်းမလုပ်တော့။ ကြို့တင် တိုင်ပင်ထားကြသလိုပင် လေးယောက်သား ခြေလှမ်းတွေ ရပ်သည်။ မျက်စိတို့ အစွမ်းကုန်ဖွင့်၊ နားကိုအပြည့်စွင့်ကာ တစ်စုံတစ်ရာသော အန္တရာယ် အရိပ်အယောင်အငွေ့အသက်တို့ မြင်ရကြားရလေ



မည်လားဟု စူးစမ်းသည်။

အတန်ကြာသည့်တိုင် ဘာသံမျှ မကြားရ၊ ဘာလှုပ်ရှားမှုမျှ မတွေ့ရ၊ ခြေလှမ်းတို့ကာ ရပ်နေကြရာမှ ရှေ့သို့ ဆက်လက်လျှောက်လှမ်းကြတော့မည့်အပြုတွင် ...

"ထင်းမှုထန်း ... ခင်ဗျားရောက်လာပြီကိုး"

"ဟုတ်တယ် ယန်ချန်ကျောင်း ... ကျုပ် ရောက်လာပြီ"

လူနှစ်ယောက်၏ အပြန်အလှန်စကားပြောသံများကို ကြားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်တို့လေးယောက် အကြီးအကျယ်ပင် စိတ်လှုပ်ရှားတုန်လှုပ်သွားကြသည်။ လှမ်းတော့မည့် ခြေလှမ်းများပင် မလှမ်းနိုင်ကြတော့။ လေးယောက်လုံး ကျောက်ရုပ်တုများလို ငြိမ်သက်သွားကြသည်။

ထင်းမှူထန်းနှင့်ယန်ချန်ကျောင်းတို့သည် လွန်ခဲ့သည့် ဆယ်နှစ်ကျော် အချိန်ကာလများက သိုင်းလောကတစ်ခုလုံး ခြောင်းဆန်အောင် မွှေနှောက်ခဲ့ကြသော လူကြမ်းလူရမ်း သိုင်းသမားကြီးများဖြစ်ကြောင်း သူတို့ ကြားဖူးသိဖူးထားကြသည်။

ထိုသိုင်းသမား လူရမ်းကားကြီး နှစ်ယောက်အကြောင်း ဘာမျှမကြားရတော့ဘဲ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်မှာ ဆယ်နှစ်မျှပင် ကြာမြင့်နေခဲ့သည်။ သို့သော် ထင်းမှူထန်းနှင့် ယန်ချန်းကျောင်းတို့နှစ်ယောက်၏ ကြမ်းတမ်းမှု၊ ရမ်းကားမှု၊ မိုက်မိုက်ကန်းကန်း လုပ်တတ်မှုများအကြောင်းကိုတော့ စကားစပ်မိတိုင်း ယခုတိုင်ပင်ပြောဆိုနေကြဆဲ ဖြစ်သည်။

ယနေ့ညတွင် ဓာတ်မြုပ်ပျောက်ကွယ်နေခဲ့သော သိုင်းလောက၏ လူရမ်းကား သိုင်းသမားကြီး နှစ်ယောက်ကို မနော့ငြိမ်းချမ်း ချောက်ကမ်းပါးအနီးရှိ တောင်ကြားလွင်ပြင်တွင် လာတွေ့နေရပြီ။



"ခင်ဗျား ဘယ်လိုရှောင်ပုန်းနေနေ ကျုပ်က တွေ့အောင်ရှာနိုင်တာပဲ မဟုတ်လား"

ထင်းမှူထန်း၏စကားသံကို ဆက်ကြားကြရသည်။

"ဟား ဟား ဟား …'တယ်လာတဲ့လူပဲ၊ ကျုပ်က ဘယ်သူ့ကို ကြောက်လို့ ဘာကြောင့် ရှောင်ပုန်းနေရမှာလဲ … လျှောက်ပြောမနေနဲ့"

"လူမနီး သူမနီး ဒီလိုနေရာမျိုးမှာ လာနေနေတာ ရှောင်ပုန်းတာ မဟုတ်လို့ ဘာလဲ"

"ဟား ဟား ဟား … ကျုပ် ယန်ချန်ကျောင်းက ဘယ်လိုလူစားလဲ၊ ကျုပ်တကယ် ရှောင်ပုန်းချင်တယ်ဆိုရင် ကျုပ်ရှိတဲ့နေရာကို ခင်ဗျားရအောင် စုံစမ်းနိုင်မှာတဲ့လား၊ ခင်ဗျား သေသေချာချာစဉ်းစား၊ ကျုပ် ဒီမှာရှိနေမှန်း ခင်ဗျား ဘယ်လိုသတင်းရပြီး ဘယ်လိုသိတာလဲ"

"ကျုပ်ကို ခင်ဗျားက တမင်သက်သက် သတင်းအစအနတွေ ပို့ပေးလိုက်တာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမျိုး ဦးနှောက်လေးဘာလေး သုံးပြီး စဉ်းစားစမ်းပါ၊ ဒီလိုစဉ်းစား ဆင်ခြင်နိုင်မယ်ဆိုရင် ခင်ဗျားအများကြီး တိုးတက်အောင်မြင်နိုင်ပြီ"

"တောက် ... ခင်ဗျား အခုထက်ထိ ဒီစကားမျိုးပြောတုန်းပဲလား"

"ခင်ဗျား ဦးနှောက်ကို ကျကျနန မသုံးတတ်မချင်း ကျုပ်ကတော့ ဒီလိုမျိုး ပြောနေဦးမှာပဲ"

"အပိုစကားနဲ့ လေလွှားနေတာ တော်တော့၊ ခင်ဗျားအစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာကိုပဲ လက်တွေ့ပြ"

"ရတယ် ရတယ်၊ ကျုပ်ကလည်း ခင်ဗျားနဲ့ ရင်ဆိုင်တိုက်ဖို့ ဒီမှာ စောင့်နေတာ ကြာပြီ"

"အင်း ... ကျုပ်ကလည်း ခင်ဗျားကို ရင်ဆိုင်ချင်လို့ ဒီနေရာအရောက် တကူးတက လာခဲ့တာပဲ"

"ဟုတ်ပြီ ... လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မပြီးပြတ်ခဲ့တဲ့ပွဲကို ဒီနေ့ အဆုံးသတ်ရမယ်"

ထိုက်ကူးချိန်က သွားကြည့်ကြရအောင်ဆိုသည့် စကားမျိုး လက်ဟန်ပြသည်။ လိုင်ယုဝန်ကလည်း သိုင်းလောက၏ လူရမ်းကားကြီးနှစ်ယောက် ထင်းမူထန်းနှင့်ယန်ချင်ကျောင်းတို့၏ ကြိုတောင့်ကြိုခဲ ရင်ဆိုင်တိုက်ပွဲကို ကြည့်လိုနေသည်။ ထိုသိုင်းသမားကြီးနှစ်ယောက်၏ ကြမ်းတမ်းပုံကို ကြားဖူးထားသည့်အတွက် အန္တရာယ်ရှိမှာကိုလည်း တွေးပူသည်။



စိတ်ထဲ ချီတုံချတုံ ဖြစ်နေခိုက် ထိုက်ကူးချိန်၏ အချက်ပြမှုက သွားကြည့်လိုသည့်ဆန္ဒဘက်သို့ အလေးသာ သွားစေသည်။ လိုင်ယုဝန်က ခေါင်းဆတ်ခနဲ ညိတ်သည်။ ထင်းမူထန်းတို့ မရိပ်မိ မသိရှိရအောင် အသံလုံလုံနှင့် သွားရန်လည်း လက်ဟန်ပြ သတိပေးသည်။

ထို့နောက် သူတို့လေးယောက်သည် ရှေ့သို့ ခြေသံလုံလုံဖြင့် လျှောက်လှမ်းသွားကြသည်။ ချုံပုတ်တန်းတစ်ခုအနားသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းတွင် မျက်နှာချင်းဆိုင်ရပ်နေသော သိုင်းသမားကြီးနှစ်ယောက်ကို မြင်ကြရသည်။

လိုင်ယုဝန်တို့သည် ချုံပုတ်တန်းလေး၏ မှောင်ရိပ်ကျသော နေရာတွင် အသာမျက်ကွယ်ယူ ပုန်းအောင်းရင်း လှမ်းကြည့်ကြသည်။

သိုင်းသမားကြီးနှစ်ယောက် ရပ်နေကြသော နေရာမှာ ချုံနွယ်ပိတ်ပေါင်းများ အတန်ရှင်းသည့် မြေကွက်လပ်လေးလိုဖြစ်နေရာ အတန်ငယ် အလှမ်းဝေးသော်လည်း မြင်ကွင်းကတော့ ရှင်းနေသည်။

အရှေ့ဘက်ဆီတွင် မျက်ကွယ်ကောင်းနေရာကလည်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သည်ထက်ပို၍ ရှေ့တိုးရန်လည်း မဖြစ်တော့ပါ။

"ဒီနေ့ ခင်ဗျားကို အနိုင်တိုက် အသေသတ်ပြီး ဂမုန်းဖြူ ဆေးလုံးကို အရယူမယ်"

"သိပ်အပြောမကြီးပါနဲ့ ယန်ချန်ကျောင်း ... ခင်ဗျား အရေးနိမ့် အသက်ပျောက်ပြီး ဂမုန်းနက်ဆေးလုံး ကျူပ်လက်ရောက်လာဖို့ပဲ ရှိတယ်"

လိုင်ယုဝန်တို့တစ်တွေသည် ထင်းမူထန်းနှင့် ယန်ချန်ကျောင်းတို့အကြောင်း ကြားသာကြားဖူးကြသည်။ လူကိုယ်တိုင်ကိုတော့ တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးကြသေးပါ။ ယခု သူတို့နှစ်ယောက်ပြောကြသောစကားများကို ထောက်လျက် မည်သူက ထင်းမူထန်း၊ မည်သူက ယန်ချန်ကျောင်းဖြစ်သည်ကို ခွဲခြားသိကြသည်။

ထို့ပြင် ဂမုန်းဖြူဆေးလုံး၊ ဂမုန်းနက်ဆေးလုံး ဆိုသည်တို့ကလည်း သူတို့အတွက် အရမ်းစိတ်ဝင်စားစရာဖြစ်သည်။ ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးတို့ကို အစပ်အဟပ်တည့်စွာ ရောနှောစားသုံးလျှင် အတွင်းအားလေ့ကျင့်မှုတွင် များစွာအထောက်အကူပြုပြီး အဆိပ်ခံနိုင်ရည်စွမ်းအားလည်း တိုးပွားမြင့်မားလာနိုင်ကြောင်း သူတို့ သိထားကြသည်။

ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတို့ မည်သည့်နေရာတွင် ရှိ



သည်ကိုတော့ သူတို့မသိကြ။ ယခုမူ အကြောင်းတိုက်ဆိုင်စွာပင် ထင်းမူထန်းနှင့် ယန်ချန်ကျောင်းတို့ထံတွင် ရှိနေကြသည်ကို သိကြရလေပြီ။

ယခု တိုက်ခိုက်မှု အနိုင်အရှုံးပေါ် တစ်ယောက်ယောက်က ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးများ ရသွားလျှင် အတွင်းအား ပိုမြင့်မားအောင် လေ့ကျင့်နိုင်ပြီး အဆိပ်ခံနိုင်ရည်စွမ်းအားလည်း တိုးတက်လာမည်မို့ ထိုသူ၏ ရမ်းကားမှုကို သိုင်းလောကတစ်လွှား ရင်ဆိုင်ရပေ ဦးမည်ဟုလည်း တွေးမိကြသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... စကြစို့လား၊ ခင်ဗျားရဲ့ သိုင်းပညာအစွမ်းအစ ဒီဆယ်နှစ်အတွင်း ဘယ်လောက် တိုးတက်လာသလဲဆိုတာ လက်တွေ့ကြည့်ကြရအောင်"

ယန်ချန်ကျောင်းက ပြောသည်။

"အခု ဂမုန်းနက်ဆေးလုံး ထုတ်ပေးရင် အချိန်မီသေးတယ်၊ ခင်ဗျားကို သက်ညှာပြီး ဒီနေရာမှာ အေးအေးချမ်းချမ်း ဆက်နေသွားနိုင်အောင် ထားရစ်ခဲ့မယ်"

"ဟား ဟား ဟား ... ခင်ဗျားက ဘာမို့လို့ ကျုပ်ကို ဒီစကားမျိုး ပြောရတာလဲ၊ လေလုံးသိပ်ထွားမနေနဲ့"

ထင်းမူထန်း ထိုစကားများပြောနေချိန်မှာပင် ယန်ချန်ကျောင်းသည် ညာလက်ကို အသာဆန့်ထုတ်လျက် ဇွေ့ယမ်းဟန်တစ်ချက်ပြုလိုက်သည်။

လက်လှုပ်ရှားမှုမှာ ညင်သာသည်။ တိုက်ခိုက်သည့်ဟန်ပန်မျိုး လုံးဝမရှိ။ ကကြိုးကကွက်တစ်ခု ဖော်ထုတ်သလိုမျိုးပင် ပျော့ပျောင်းလှပသည်။



ယန်ချန်ကျောင်းသည် လူကြမ်းလူရမ်းကြီးတစ်ယောက်ဖြစ်ကာ ပြင်းပြင်းထန်ထန် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်တတ်ကြောင်းကို ကောင်းကောင်းသိထားသော ထင်းမူထန်းအနေဖြင့်လည်း ထိုလှုပ်ရှားဟန်သည် တိုက်ကွက်ဖော်ထုတ်လိုက်ခြင်း ဖြစ်မည်ဟု လုံးဝမထင်။

မိမိကို ယန်ချန်လှောင်ပြောင်သည့်သဘောဖြင့် ဟန်ရေးပြလိုက်မှုဟုသာ တွက်သည်။ အားပြင်းသော တိုက်ကွက်တစ်ခုဖြင့် အကြောင်းပြရန် ဟန်ပြင်သည်။

ယန်ချန်ကျောင်းသည် ဆယ်နှစ်ကျော်ကြာအောင် ဘာလှုပ်ရှားမှုမျှ မလုပ်ဘဲ ဓာတ်မြှုပ်ကာ လူသူကင်းဝေးရာ တောထဲ တောင်ထဲတွင် နေထိုင်ရင်း သိုင်းလေ့ကျင့်မှုများလုပ်နေခဲ့ရာ သူ၏ ကြမ်းတမ်းပြင်းထန်သော သိုင်းကွက်များနှင့် လုံးဝဆန့်ကျင်ကွဲပြားသော သိုင်းကွက်တစ်မျိုးကို တီထွင်ဖော်ထုတ်နိုင်ခဲ့သည်။

ထိုသိုင်းကွက်ကို အရိပ်မဲ့လက်ဝါးသိုင်းကွက်ဟု အမည်ပေးထားသည်။ ပျော့ပျောင်းမှုကို အခြေခံကာ လက်ဝါးရိုက်ချက်ကို ပုံ့လွှင့်သွားအောင် ဖော်ထုတ်တိုက်ခိုက်ခြင်း ဖြစ်သည်။ သိုင်းဟန်များကလည်း ညင်သာပျောင်းနွဲ့သည်။ တစ်ဖက်လူ၏ စိတ်ထဲတွင် တိုက်ခိုက်သည်ဟု လုံးဝထင်မသွားအောင် ဖန်တီးလှည့်စားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ထင်မှတ်နေမှုကြောင့် ရုတ်တရက် သွက်လက်မြန်ဆန်လှစွာ ဖျိုးခနဲ ဖျတ်ခနဲ ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက်ကိုပင် မျက်စိလျှမ်းသလို ဖြစ်လျက် မသိမမြင်မိ။ မကာကွယ် မရှောင်တိမ်းနိုင် ဖြစ်စေနိုင်သည်။

ထင်းမှူထန်းမှာလည်း အရိပ်မဲ့လက်ဝါးသိုင်းကွက်၏ ပရိယာယ် ဖမ်းစားမှုကို ခံလိုက်ရသည်။ တိုက်ကွက်ဖြစ်မည်ဟု လုံးဝမတွက်မိသည့်အချိန် လက်ဝါးရိုက်ချက်အား တိုးဝင်လာသည်ကို ရင်ဆိုင်ရသည်။

ထိုအခါတွင်မှ အလန့်တကြားဖြစ်လျက် ကမန်းကတန်းပင် နောက်သို့ ခုန်ဆုတ်သည်။ အကယ်၍ နောက်သို့ ခုန်မဆုတ်ဘဲ တစ်နည်းတစ်ဖုံ ရှောင်တိမ်းမည်ဆိုလျှင် လက်ဝါးရိုက်ချက် အထိခံရဖို့က ဆယ်ပုံတွင် ရှစ်ပုံလောက် သေချာနေသည်။

ယခု နောက်သို့ ခုန်ဆုတ်လိုက်သောအခါ ယန်ချန်ကျောင်း၏ လက်ဝါးရိုက်ချက်မှ လုံးလုံးလျားလျား မလွတ်သော်လည်း ဆုတ်သွားမှုကြောင့် လက်ဝါးရိုက်ချက်အား အမိကစက်ကွင်းမှလွတ်သည်။

လက်ဝါးရိုက်ချက်အင်အား အဖျားခတ်မှုကိုသာ ခံရသည်။ ကမန်းကတန်း အလောသုံးဆယ် ခုန်ဆုတ်ရမှုကြောင့် ကိုယ်နေဟန်ထား ပျက်သွားမှုတွင် အရိပ်မဲ့လက်ဝါးရိုက်ချက်အင်အား အဖျားခတ်



ထိမိမှုမှာလည်း ခံရလေရာ ထင်းမှူထန်း ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သည်။

ဖင်ထိုင်လျက်ကျမသွားရအောင် မနည်းကြီးပင် ကြိုးစားကာ ထိန်းလိုက်ရသည်။ ထိခိုက်ဒဏ်ရာမရသော်လည်း ထင်းမှူထန်းအတွက် အရှက်ရ မျက်နှာပျက်စရာတော့ ဖြစ်သွားသည်။

"ဘယ်လို့လဲ ထင်းမှူထန်းရဲ့ ... ပထမအကွက်မှာပဲ နောက်ဆုတ်ပြီး ဒယီးဒယိုင် ဖြစ်သွားပါရောလား"

ယန်ချန်ကျောင်းက လှောင်ပြောင်နှိမ်ချပြောဆိုလာရာ ထင်းမှူထန်း ဒေါသအကြီးအကျယ် ထွက်သွားသည်။

"ဝေါင်း ဟောင်း ဟောင်း"

ထင်းမှူထန်းသည် ကျားဟိန်းသံလိုမျိုး ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးတစ်ခု ဟစ်ကြွေးလျက် ယန်ချန်ကျောင်းကို ဘွားခနဲ ခုန်အုပ်သည်။ ကျားတစ်ကောင် သားကောင်ကို ခုန်အုပ်သည့်ဟန်မျိုး။

ယန်ချန်ကျောင်း အကြိုက်တွေ့သွားသည်။ အရိပ်မဲ့လက်ဝါးသိုင်းကွက်ဖြင့် ထင်းမှူထန်းကို အနိုင်ယူရန် ယန်ချန်ကျောင်းက စိတ်ကူးမထားပါ။ ထင်းမှူထန်းအနေဖြင့် သူ၏ အကြမ်းတမ်းဆုံးနှင့် ကြောက်စရာအကောင်းဆုံး တိုက်ကွက်ဖြစ်သည့် ကျားရဲသားကောင်

www.burmeseclassic.com

www.burmeseclassic.com



အုပ် သိုင်းကွက်ထုတ်သုံးလာအောင် ဒေါသစိတ်ကို ဆွပေးလိုက်ခြင်းသာ ဖြစ်သည်။

ထင်းမှုထန်း၏ အစွမ်းအထက်ဆုံးဖြစ်သော ကျားရဲသားကောင်အုပ် သိုင်းကွက်ကို ဖြိုခွဲအနိုင်ယူနိုင်မည့် တိုက်နည်းကို ယန်ချန်ကျောင်း ပိုင်နိုင်အောင် လေ့ကျင့်ထားသည်။

ကျားရဲသားကောင်အုပ် သိုင်းကွက်နှင့် ထင်းမှုထန်းက တိုက်ကွက်ဖော်လာသည်နှင့် ယန်ချန်ကျောင်းသည် အလွန်သွက်လက်စွာ မြေကြီးပေါ် ထိုင်ချသည်။

ညာလက်ကို ခပ်စောင်းစောင်း အနေအထားဖြင့် ထောင်ကာ ထင်းမှုထန်းကို ညာလက်ချောင်းများနှင့် ဆီး၍ ကုတ်ဆွဲသည်။ အလွန်လျင်မြန်စွာ ထိုင်ချလိုက်သည့်အတွက် ခုန်အုပ်လာသော ထင်းမှုထန်း၏ကိုယ်မှာ ယန်ချန်ကျောင်း၏ ခေါင်းပေါ်မှ ကျော်၍သွားသည်။ လှမ်းကုတ်ဆွဲသော လက်ချောင်းများကတော့ ထင်းမှုထန်း၏ ရင်ဘတ်ကို ကုတ်ဆွဲမိသည်။

သေမင်းလက်သည်းကုတ်ဆွဲကွက်ကို သုံးလိုက်သည့်အတွက် လက်ချောင်းငါးချောင်းတို့သည် ဓားမြှောင်ငါးလက်သဖွယ် ထင်းမှုထန်း၏ ရင်ဘတ်ထဲ စိုက်ဝင်သည်။ ကုတ်ဆွဲမှုအားက ကြီးမားသည်။ ထို့ပြင် ထင်းမှုထန်း ခုန်အုပ်ဝင်လာသော အားအရှိန်အဟုန်



နှင့်လည်း ထိပ်တိုက်ရင်ဆိုင် ပေါင်းစပ်မိရာ စိုက်ဝင်ချက်လည်း နက်ရှိုင်းပြင်းထန်လွန်းသည်။

အသားများ ပေါက်ပြဲစုတ်ပြတ်သည်သာမက ရင်ဘတ်ရိုးများပင် ကျိုးပဲ့ကြေမွသည်။ ယန်ချန်ကျောင်းက ဘယ်လက်ဝါးဖြင့် တအားကုန် ပင့်တင်ရိုက်ထုတ်သည်။ တစ်ချိန်တည်းမှာပင် ကုတ်ဆွဲထားသော ညာလက်ကိုလည်း တွန်း၍ ဆွဲချလိုက်သည်။

ဘယ်လက်ဝါးရိုက်ချက်ကြောင့် ထင်းမှုထန်း၏ ကိုယ်ကြီးလွင့်စဉ်မြောက်တက်သည်။ ရင်ဘတ်နှင့် ဝမ်းဗိုက်ပွင့်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းရက်စက်လွန်းလှသော ယန်ချန်ကျောင်း၏ တိုက်ခိုက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရသော လိုင်ယုဝန်တို့ လူစု အကြီးအကျယ် တုန်လှုပ်ချောက်ချားသည်။

သူတို့သည် အသက်ငယ်ရွယ်ကြသော်လည်း သိုင်းလောက တွင် ဝင်ထွက်သွားလာလှုပ်ရှားနေကြသည့်အတွက် ကိုယ်တိုင်တိုက်ပွဲ ဝင်ဖူးသလို အခြားသိုင်းသမားများ၏ တိုက်ခိုက်မှုများကို မြင်ဖူးသည့် အတွေ့အကြုံများ အတော်အသင့် ရှိကြသည်။

သို့ရာတွင် သည်မျှလောက် ရက်စက်ကြမ်းကြုတ်လှသော တိုက်ခိုက်မှုမျိုးကိုတော့ မမြင်ဖူးကြပါ။

"အောင်မယ်လေး"

တုန်လှုပ်ကြောက်လန့်မှုကြောင့် လိုင်ယိတင် လွှတ်ခနဲပင် အော်လိုက်မိသည်။ ထိုအချိန်မှာပင် လိုင်ယုဝန်ကို တစ်စုံတစ်ရာက လာရောက်ထိမှန်သည်။ ဘာမှန်းမူမသိ။ ထိချက်အရှိန်ကတော့ အတော်ပြင်းသည်။ ပြီးနောက် ထိသည့်နေရာက ပျော့ခွေသွေးကြော ကွက် နေရာတည့်သည်။ လိုင်ယုဝန် ခွေပျော့လဲကျသည်။



"ဟိတ် ... ဘယ်သူလဲ"

လိုင်ယိတင်၏ လွှတ်ခနဲအော်ဟစ်သံကို ကြားသွားသော ယန်ချန်ကျောင်းက ကြောက်မက်ဖွယ်ရာအသံကြီးနှင့် လှမ်းမေးသည်။ လူကလည်း အသံပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည်။

ရင်ဆိုင်မိလျှင် ရက်ရက်စက်စက် သတ်ဖြတ်ခံရမည်ကို နားလည်သည့်အတွက် လိုင်ယိတင်၊ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ အတင်းပင် ထွက်ပြေးကြသည်။

ကြောက်အားလန့်အားနှင့် ခြေဦးတည့်ရာ ပြေးကြရာ.တစ်ယောက်တစ်နေရာစီ တကွဲတပြား ထွက်ပြေးမိကြသည်။ ဘယ်က ဘယ်လို လွင့်လာမှန်း မသိသော အရာတစ်ခု ပျော့ခွေကြောတည့်တည့်တွင် အထိခံရကာ ခွေပျော့ယိုင်လဲသွားသော လိုင်ယုဝန်မှာ တော့ ဘယ်လိုမှ မပြေးနိုင်။

ကျန်လူသုံးယောက်မှာ လိုင်ယုဝန်အဖြစ်ကို မသိကြ။ လိုင်ယုဝန် ခွေပျော့လဲကျကျန်ရစ်မည်ဟုလည်း မထင်ကြ။ လိုင်ယုဝန်လည်း သူတို့နည်းတူပင် အသက်လုကာ အလွတ်ရုန်း ထွက်ပြေးလိမ့်မည်ဟုသာ ထင်ကြသည်။

လိုင်ယိတင်၊ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့သုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက် လမ်းကြောင်းသုံးခုမှ ဒရောသောပါး ထွက်ပြေးသွားမှုသည် ယန်ချန်ကျောင်းကို ဖဝေဖဝါ ဖြစ်သွားစေသည်။

ယန်ချန်ကျောင်းမှာ ဘာတွေဖြစ်ပျက်ကုန်သည်ကိုပင် ရုတ်တရက် စဉ်းစား၍ မရနိုင်ဘဲ ဖြစ်သွားသည်။ သည်လို တောနက်တောင်ကြားနေရာသို့ လူသူအရောက်အပေါက် ရှိလိမ့်မည်ဟု ယန်ချန်ကျောင်း ထင်မထားပေ။ လူသူအရောက်အပေါက် ကင်းဝေးကာ ချောင်ကျသောနေရာကို သူက တမင်ရွေး၍ လာရောက်ခိုအောင်းနေခြင်း ဖြစ်သည်။

ထင်းမှူထန်းပင်လျှင် ယန်ချန်ကျောင်းကိုယ်တိုင်က မသိသော သတင်းအစအန လွှင့်ပေးမှုကြောင့် သည်နေရာသို့ စုံစမ်းရောက်လာနိုင်ခြင်းဖြစ်သည်။

ယခု အခြားလူများလည်းရောက်နေရာ ယန်ချန်ကျောင်းအတွက် အတွေးရခက်စရာဖြစ်သည်။

"ဘယ်ကလူတွေ ရောက်နေကြတာလဲ၊ ဟုတ်ပြီ၊ ထင်းမှူထန်း အတူခေါ်လာတဲ့ သူ့တပည့် နောက်လိုက်ငယ်သားတွေ ဖြစ်လိမ့်မယ်၊ ထင်းမှူထန်း ငါ့လက်ချက် မရှုမလှ ခံလိုက်ရတာမြင်လို့ လန့်ဖျပ်ပြီး ထွက်ပြေးကုန်ကြတာပဲ၊ ထားလိုက်ပါ၊ ဒီတပည့်နောက်လိုက်တွေကို အခုလောလောဆယ် အရေးလုပ်စရာမလိုပါဘူး၊ ထင်းမှူထန်းဆီက ဂမုန်းဖြူဆေးလုံးတွေ အရင်ယူရမယ်၊ ပြီးမှ သူ့တပည့်တောကာင်တွေကို လိုက်သတ်မယ်"



ယန်ချန်ကျောင်းသည် စိတ်ထဲတွင် ထိုသို့တွေးမိကာ ထင်းမှူထန်း လွင့်စဉ်လဲကျနေရာသို့ ပြန်သွားသည်။ ထင်းမှူထန်း၏ ကိုယ်ပေါ်တွင် လိုက်ရှာကြည့်သည်။ ဂမုန်းဖြူ ဆေးလုံးများကို မတွေ့ရ။

"ဟာ ... ဒုက္ခပဲ၊ ထင်းမှူထန်းရဲ့ကိုယ်ပေါ်မှာ ဂမုန်းဖြူဆေးလုံးတွေ မရှိပါလား၊ ကေန္တ သူ့တပည့်နောက်လိုက် တစ်ယောက်ယောက်လက်အပ် သိမ်းခိုင်းထားတာများလား မသိဘူး၊ သူ့တပည့်ကောင်တွေနောက် အမြန်လိုက်မှ"

ဤသို့စဉ်းစားမိသည်တွင် ယန်ချန်ကျောင်းသည် ထွက်ပြေးသွားသူများနောက်သို့ လိုက်ရန် အမြန်ထွက်သွားလေတော့သည်။

"ဘယ်လိုကဘယ်လို ဖြစ်မှန်းပင်မသိရဘဲ ပျော့ခွေကြောဝိတ်မိကာ လဲကျလျက် မပြေးနိုင်မလွှားနိုင် ဖြစ်နေသော လိုင်ယုဝန်သည် ယန်ချန်ကျောင်း၏ လက်ထဲတွင် သေရတော့မည်ဟုပင် ထင်မိရှာသည်။

သူမ လဲကျနေရာ ချုံပုတ်အနီးသို့ ယန်ချန်ကျောင်း ရောက်လာပြီးနောက် ရုတ်တရက် ပြန်လှည့်ထွက်သွားသည်ကို တွေ့ရတော့မှ စိတ်အနည်းငယ် သက်သာသည်။ ခွေပျော့လဲကျနေရာမှ ပြန်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သမျှပင် လှမ်း၍ ကြည့်မိသည်။

မလှုပ်မယှက် လဲကျနေလေသော ထင်းမှူထန်းအနီးတွင် ယန်ချန်ကျောင်း ကုန်းကုန်း ကုန်းကုန်းနှင့် တစ်ခုခု ရှာနေသလိုရှိသည်ကို မမြင်တစ်ချက် မြင်တစ်ချက် မြင်ရသည်။ ထို့နောက် ယန်ချန်ကျောင်း အပြေးအလွှား ထွက်သွားသည်ကို တွေ့ရပြန်သည်။

ထင်းမှူထန်းထံတွင်ရှိသော ဂမုန်းဖြူဆေးလုံးကို ရှာဖွေရယူပြီး ထွက်သွားခြင်းဖြစ်လိမ့်မည်ဟုသာ မှန်းဆတွေးလိုက်ရသည်။ မည်သို့ပင် ဖြစ်စေ ယန်ချန်ကျောင်း၏ အန္တရာယ်မှ လွတ်ရပြီမို့ စိတ်တော့အေးသည်။ ပိတ်နေသောအကြော ပြေပွင့်ခြင်းမရှိမီ အန္တရာယ်တစ်ခုခု ရောက်မလာပါစေနှင့်ဟုတော့ ဆုတောင်းမိသည်။

ပြေးလွှားလှုပ်ရှားသံများ ခပ်သဲ့သဲ့ ကြားရသလိုလို ထင်သည်။ လိုင်ယိတင်နှင့် ထိုက်မျိုးနွယ်ညီနောင်တို့ ယန်ချန်ကျောင်း၏ ရန်မှ လွတ်အောင် ရှောင်တိမ်းနေကြသည့် အသံတွေလား၊ ဒါမှ မဟုတ် မိမိဘာသာ စိတ်လှုပ်ရှားမှုကြောင့် ကြားယောင်သလိုလို ရှိသည်လားတော့ သေသေချာချာ မသိပါ။

ပိတ်သွားသောအကြောကို အတွင်းအားဖြင့် ဖြေဖွင့်ကြည့်ရန် ကြိုးစားသေးသည်။ မအောင်မြင်။ သူ့အလိုလို အကြောများ ပြန်ပွင့်လာမည့်အချိန်ကိုသာ စိုးတထိတ်ထိတ်နှင့် စောင့်ရလေတော့



သည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သည်။ ပတ်ဝန်းကျင်သည် ငြိမ်သက်တိတ်ဆိတ်နေသလိုလည်း ရှိသည်။ လှုပ်ရှားနေသယောင်လည်း ထင်ရသည်။ အန္တရာယ်တစ်စုံတစ်ရာတော့ ပေါ်မလာခဲ့ပါ။

အရုဏ်ဦးရောင်နီပျိုးစတွင် လိုင်ယုဝန်၏ ပိတ်နေသော အကြော အလိုလိုပင် ပြေပွင့်သွားသည်။ သွေးလည်ပတ်မှု ချောမောကောင်းမွန်အောင် ခဏစောင့်သည်။ ထို့နောက် လဲကျနေရာမှ ထသည်။

အတွင်းအား လည်ပတ်လေ့ကျင့်ရန် တင်ပျဉ်ခွေထိုင်၏။ တင်ပါးအောက်တွင် တစ်စုံတစ်ရာ ခိုးလိုးခုလု ဖြစ်နေသည်။ ကျောက်ခဲငယ်တစ်ခုခု ဖြစ်မည်ဟုထင်ကာ လက်နှင့်အသာစမ်း ဖယ်ကြည့်သည်။

လိုင်ယုဝန် အံ့ဩသွားသည်။ သူမ၏လက်ဖြင့် ထိစမ်းမိသည်က ကျောက်ခဲငယ်မဟုတ်၊ သစ်ကိုင်းကျိုးလည်း မဟုတ်။ ဘူးလိုလို၊ အိတ်လိုလို၊ အစ်လိုလို အရာဝတ္ထုတစ်ခုဖြစ်နေသည်။

ကောင်းကင်တွင် ရောင်နီပျိုးစပြုနေသော်လည်း လိုင်ယုဝန် ရှိနေသည့်နေရာတွင်တော့ ပိန်းပိတ်အောင်ပင် မှောင်နေသည်။ လိုင်ယုဝန်ထံတွင် အရေးပေါ် မီးထွန်းညှိနိုင်သည့် မီးစာတော့များ

www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။

သို့သော် အခြေအနေ မည်သို့ရှိသည်ကို သေသေချာချာ မသိသေးသည့်အတွက် မီးမထွန်းဝံ့။ ထွန်းညှိလိုက်သည့် မီးအလင်းရောင်သည် အန္တရာယ်ကို လမ်းပြဖိတ်ခေါ်သလို ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

သည်တော့ လက်နှင့်ပင် ထိကိုင်ကာ စမ်း၍ကြည့်ရသည်။ ရှည်မျောမျောအိတ်ငယ်လေးတစ်ခု ဖြစ်သည်။ ဘူးမဟုတ်သော်လည်း မာကျောကျော အထိအတွေ့ရှိသည်။ စေးကပ်ကပ် အရာအချို့ ပေကျံနေသလိုရှိသည်။

ကွင်းလေးလိုလို အရာတစ်ခု ပါရှိနေသည်ကိုလည်း ထိတွေ့စမ်းမိသည်။ သေသေချာချာ ဆင်ခြင်စဉ်းစားကြည့်ရာ မိမိ၏ ပျော့ခွေကြောတည့်တည့်ပေါ်သို့ လာရောက်ထိမှန်သည်မှာ သည် မာကျောကျော အိတ်ကလေးဖြစ်မည်ဟု တွေးမိသည်။

ထိုအိတ်ငယ်လေး ဘယ်နေရာက ဘယ်ပုံဘယ်နည်းနှင့် ပေါ်ထွက်လွင့်ပျံလာရသည်ကို ဆက်၍ အဖြေရှာကြည့်မိပြန်သည်။ တစ်စုံတစ်ယောက်က လှမ်းပစ်ပေါက်လိုက်တာလား။ ဖြစ်နိုင်စရာအကြောင်းက နည်းလွန်းလှသည်။

သူ့အလိုလို လွင့်ပျံလာခြင်းဖြစ်မည်ဟုသာ တွေးရသည်။



သို့သော် ထိုသို့ လွင့်ပျံပေါ်ထွက်လာစေသည့်အကြောင်းရင်းခံကိုတော့ စဉ်းစား၍မရ။

ခဏအကြာတွင် မိုးလင်းစပြုလာသည်။ တောင်ကြားလွင်ပြင်ထဲသို့ နေအလင်းရောင် ကျရောက်မလာသေး။ သို့သော် ဝိန်းဝိတ်အောင်မူ မှောင်မိုက်မနေတော့ပါ။

ဝိုးတိုးဝါးတား မြင်လာနိုင်သည်။ လိုင်ယုဝန်သည် အထူးသတိထားကာ ချုံပုတ်တန်းထဲမှ အသာတိုးထွက်လာခဲ့သည်။ ချုံပုတ်တန်းအပြင်သို့ ရောက်သောအခါ မြင်နိုင်အား အနည်းငယ်ပိုကောင်းလာသည်။

လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ယူလာခဲ့သော အိတ်ငယ်လေးကို လက်ဝါးဖြန့်ကာ သေသေချာချာ ကြည့်သည်။ ဗျက်လက်နှစ်လုံးသာသာ အရှည်လက်မဝက်ခန့် ရှိကာ သမင်ရေဖြင့် ပြုလုပ်ထားသော အိတ်ငယ်ကလေးဖြစ်သည်။ အိတ်လေးတွင် သွေးများ ပေကျံစွန်းထင်းနေသည်။

အိတ်လေးကို ဖွင့်ကြည့်လိုက်ရာ အထဲတွင် ရွှေပုလင်းပြားလေးတစ်ခု တွေ့ရသည်။ ရွှေပုလင်းပြားလေးကို ဆက်ဖွင့်ကြည့်ရာ ပွင့်သွားသည်နှင့် မွှေးပျံ့သင်းထုံသော ရနံ့လေး ရှူရှိုက်ရသည်။ ရွှေပုလင်းပြားလေးထဲတွင် အဖြူရောင်ဆေးလုံး (၅) လုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ ဒါ ဂမုန်းဖြူဆေးလုံးလေးတွေပဲ ဖြစ်မယ်"

လိုင်ယုဝန် တီးတိုးရေရွတ်လိုက်မိသည်။ ဂမုန်းဖြူဆေးလုံးဆိုသည်ကို လိုင်ယုဝန် မမြင်ဘူးပါ။ ကြားသိ တွေ့မြင်ခဲ့ရသမျှသော အခြေအနေများကို ထောက်ရှုလျက် ရွှေပုလင်းပြားလေးထဲမှ အဖြူရောင်ဆေးလုံးများသည် ဂမုန်းဖြူဆေးလုံးလေးများသာ ဖြစ်မည်ဟု သိရခြင်းဖြစ်သည်။

ထင်းမှုထန်းကို ယန်ချန်ကျောင်းက ကုတ်ဆွဲထိုးရိုက်ပုံများကို လိုင်ယုဝန် ပြန်မြင်ယောင်သည်။ ယန်ချန်ကျောင်း၏ ကုတ်ဆွဲပင့်ရိုက်မှုများကြောင့် ထင်းမှုထန်း၏ ကိုယ်ပေါ်တွင် ရှိနေသော ထိုအိတ်ငယ်လေးသည် လွင့်စဉ်ထွက်လာကာ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် မိမိ၏ပျော့ခွေကြောကို လာရောက်ထိမှန်ခြင်း ဖြစ်မည်ဟုလည်း ယခုမှပင် ဆက်စပ်တွေးတောမိလေတော့သည်။

ဘယ်လိုမှ မထင်မှတ်ဘဲနှင့် ဂမုန်းဖြူဆေးလုံးများ ရရှိလာသည့်အတွက် လိုင်ယုဝန် စိတ်လှုပ်ရှားရသည်ကတော့ အမှန်ပင်။

✸ ✸ ✸



## အခန်း (၆)

လိုင်ယုဝန်တို့နောက်မှ ခြေရာခံကာ လိုက်ခဲ့သော ဟန်ချျက်တင်လည်း မနောငြိမ်းချမ်း ချောက်ကမ်းပါးသို့ ရောက်သည်။ လိုင်ယုဝန်တို့ တုပ်ချည်ချထားသော ကြိုးကိုတွေ့ပြီး ခိုတွဲကာ ချောက်ကမ်းပါးအောက် လှိုဏ်မြောင်ထဲ ဆင်းသည်။

လှိုဏ်မြောင်အတိုင်း လျှောက်လိုက်သွားလျက် တောင်ကြားလွင်ပြင်သို့ရောက်သည်။ ဟန်ချက်တင် တောင်ကြားလွင်ပြင်သို့ ရောက်လာသည့်အချိန်တွင် ထင်းမှုထန်းနှင့် ယန်ချန်ကျောင်းတို့ နှစ်ယောက် အပြင်းအထန် တိုက်ခိုက်နေကြပြီဖြစ်သည်။

စကားပြောသံ တစ်စွန်းတစ်စ ကြားခဲ့မိသောကြောင့် တိုက်ခိုက်နေကြသူနှစ်ယောက်မှာ ထင်းမှုထန်းနှင့် ယန်ချန်ကျောင်းတို့ ဖြစ်သည်ကိုတော့ ဟန်ချက်တင် သိလိုက်ရသည်။

လိုင်ယုဝန်လည်း သည်တောင်ကြားလွင်ပြင်တစ်နေရာတွင် ရှိနေမည်ကို ဟန်ချက်တင်သိသည်။ သို့သော် ဘယ်နေရာတွင် ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကိုတော့ တိတိကျကျ မခန့်မှန်းနိုင် လူရမ်းကား သိုင်းသမားကြီး နှစ်ယောက်တို့ မိုးပြို့မြေလန်အောင် တိုက်ခိုက်နေကြရာ ဟန်ချက် တင်အဖို့ လိုင်ယုဝန်ကို ခြေရာကောက်ရှာဖွေဖို့ကလည်း ခက်နေ သည်။

ဟန်ချက်တင်လည်း မျက်ကွယ်ကောင်း နေရာတစ်ခုတွင် အမြန်ပင်ကာ ပုန်းအောင်း၍နေလိုက်ရသည်။ တိုက်ပွဲက သိပ်မကြာ။ ထင်းမှုထန်း မရှုမလှ အရေးရှုံးနိမ့်ကာ ပွဲပြီးသွားသည်။ သည်နောက် တွင်တော့ ယန်ချန်ကျောင်းက အော်ဟစ်မေးမြန်းရင်း ချုံပုတ်တန်း လေးတစ်ခုသို့ ခုန်ဝင်သွားမှုနှင့် ဟိုသည် ကစဥ့်ကလျား ထွက်ပြေး ကြသော လူရိပ်သဏ္ဍာန်များကို ဟန်ချက်တင် ဆက်လက်မြင်တွေ့ရ သည်။

မှောင်နေသည့်အပြင် ဖြစ်ပျက်ပုံတို့ကလည်း မြန်လှသည် မို့ မည်သူတွေ ထွက်ပြေးကြသည်ကိုပင် သေချာစွာ မသိလိုက်။ လိုင်ယုဝန်တို့လူစု ဖြစ်မည်ဟုတော့ ခန့်မှန်းနိုင်သည်။

ယန်ချန်ကျောင်း၏အကြောင်းကို အတော်အသင့် ကြားဖူး ထားသောကြောင့် လိုင်ယုဝန်အတွက် ဟန်ချက်တင် အရမ်းစိုးရိမ် သည်။ သို့သော် မိမိသည် ယန်ချန်ကျောင်း၏ ပြိုင်ဘက်မဟုတ် သည်ကိုလည်း ဟန်ချက်တင် ကောင်းကောင်းသိသည်။



လိုင်ယုဝန်အတွက် စိုးရိမ်စိတ်ဖြင့် ယန်ချန်ကျောင်းကို အတင်းဝင်တိုက်ခိုက်လျှင် မိမိ သေပွဲဝင်ရဖို့က လွဲ၍ ဘာမျှမရှိသည် ကို ဟန်ချက်တင်သိသည်။ ဟန်ချက်တင်သည် သေမှာကိုမကြောက် ပါ။ အထူးသဖြင့် လိုင်ယုဝန်အတွက်ဆိုလျှင် အသက်စွန့်ဖို့ အသင့်ရှိ သည်။

ယန်ချန်ကျောင်းကို အသေခံတိုက်ခိုက်၍လည်း လိုင်ယုဝန် အန္တရာယ်မှ ကင်းလွတ်မည်မဟုတ်သည့်အတွက် အခြားနည်းလမ်း ကောင်းကို အမြန်စဉ်းစားသည်။

ဖြစ်တောင့်ဖြစ်ခဲဆိုသလို လွင့်စဉ်ထွက်လာသော အိတ်ငယ် လေး ပျော့ပျော့ကြောကို တည့်တည့်ထိမှန်ကာ လိုင်ယုဝန် လဲကျနေခဲ့ သည်ကိုတော့ ဟန်ချက်တင်မသိပါ။ သည်လိုမျိုးဖြစ်ရပ်ကလည်း အလွန်ပင် ဖြစ်တောင့်ဖြစ်ခဲသော တိုက်ဆိုင်မှု မဟုတ်ပါလား။

ထွက်ပြေးသွားသူများတွင် လိုင်ယုဝန် ပါနေလိမ့်မည်ဟု သာ ထင်နေသည်။ လိုင်ယုဝန်၏နောက်သို့ ယန်ချန်ကျောင်း လိုက် မသွားနိုင်ရန် အယောင်ပြ လှည့်ပတ်ခေါ်ထုတ်သွားခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု ဟန်ချက်တင် စဉ်းစားမိသည်။

ဟန်ချက်တင် ထိုသို့ စဉ်းစားမိသည့်အချိန်တွင် ယန်ချန် ကျောင်းသည် ဂမုန်းဖြူဆေးလုံး ရှာမတွေ့တော့သည့်အတွက် ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးသူများနောက် အမီလိုက်ရန် ပြေးထွက်သွားခဲ့သည်။

ဟန်ချက်တင်လည်း တုံ့ဆိုင်းမနေတော့။ ပုန်းအောင်းနေရာမှ ထွက်ကာ မိမိကို ယန်ချန်ကျောင်း မြင်နိုင်ရန် လူရိပ်လူယောင် လှုပ်ရှားမှု လုပ်ပြလိုက်သည်။

ယန်ချန်ကျောင်း လှမ်းမြင်သည်။ သည်တော့ ဟန်ချက်တင် နောက်သို့ ယန်ချန်ကျောင်း ပြေးလိုက်လေတော့သည်။ ဟန်ချက်တင်သည် ကြိုးတွဲလောင်းချလျက်ရှိနေသည့် နေရာသို့ ခြေဦးတည့်ကာ ပြေးသည်။ ကြိုးကိုဖိုတွဲလျက် ချောက်ကမ်းပါးပေါ် အရောက်တက်သည်။

ယန်ချန်ကျောင်းကတော့ ထိုနေရာတွင် ကြိုးရှည်တစ်ချောင်းရှိနေသည်ကို မသိ။ ဟန်ချက်တင် ချောက်ကမ်းပါးပေါ်သို့ တက်ပြေးသွားသည်ကိုတော့ သိသည်။

သူသည် ကိုယ်ဖော့ပညာကောင်းကာ သည်နေရာဝန်းကျင်ကိုလည်း ကောင်းကောင်းကျွမ်းကျင်နေသည်မို့ ကြိုးကိုမတွေ့၍ ခိုတွဲခြင်း မပြုနိုင်သော်လည်း ချောက်ကမ်းပါးပေါ်သို့ ရောက်အောင်တော့ တက်နိုင်ခဲ့သည်။

ကြိုးကိုအားပြုကာ ချောက်ကမ်းပါးပေါ်သို့ အရောက်တက်နိုင်ပြီးလျှင် ယန်ချန်ကျောင်းကို ကောင်းကောင်း မျက်ခြည်ပြတ်



နိုင်တော့မည် ဟန်ချက်တင်က တွက်ထားသည်။ ယန်ချန်ကျောင်းသည် ချောက်ကမ်းပါးအပေါ်ရှိ တောထဲတွင် ဆက်လက်ရှာဖွေနေမည်ဖြစ်ရာ ချောက်ကမ်းပါးထဲတွင် ကျန်နေမည်ဖြစ်သော လိုင်ယုဝန်အတွက် ဘေးရန်ကင်းမည်ဟုလည်း တွေးထားသည်။

သို့သော် ယန်ချန်ကျောင်း၏ ကိုယ်ဖော့ပညာက သူထင်ထားသည်ထက် များစွာကောင်းနေသည်။ ကြိုးကို အားပြုတက်လာသော ဟန်ချက်တင်နှင့် မရှေးမနှောင်းပင် ယန်ချန်ကျောင်းလည်း ချောက်ကမ်းပါးပေါ် ရောက်လာသည်။

ဟန်ချက်တင်တွက်ထားသလို ဖြစ်မလာတော့။ ယန်ချန်ကျောင်းကို အလွယ်တကူ မျက်ခြည်ပြတ်အောင် မလုပ်နိုင်။ လွတ်အောင် ပြေးနိုင်ဖို့ပင် မလွယ်။

နေရာကောင်းတစ်ခုခုတွင် ပုန်းအောင်းနေနိုင်မှသာ ယန်ချန်ကျောင်း၏အန္တရာယ်မှ လွတ်နိုင်ပေတော့မည်။ အရေးတကြီးအခြေအနေ ဖြစ်နေရာ စိတ်ကလည်း အတော်လှုပ်ရှားနေသည်။ ပြီးတော့ ထိုချောက်ကမ်းပါး ဝန်းကျင်ကို ဟန်ချက်တင် မကျွမ်းကျင်ဘယ်နေရာ ဘာရှိသည်ကို မသိ။

ပုန်းအောင်းရန် နေရာကောင်းရှာမရဘဲ ရှိနေသည်။ လည်း မနေရဲသောကြောင့် ပြေးရင်းလွှားရင်းပင် ပုန်းနိုင်မည့် နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကို ရှာကြည့်နေရသည့်အတွက် ပိုအခက်တွေ့ရသည်။

ယန်ချန်ကျောင်းသည် ဟန်ချက်တင်ကို ရှာမတွေ့သေးသော်လည်း ဟန်ချက်တင်၏ ခြေသံနှင့် လှုပ်ရှားသံများကိုတော့ ကြားကောင်းကြားနေကာ ဟန်ချက်တင်ထွက်ပြေးရာ လမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ်ပင် လိုက်လာနေသည်။

ယန်ချန်ကျောင်း၏ ပြေးလွှားနှုန်းအရှိန်က ဟန်ချက်တင်ထက် များစွာ သာလွန်သည်။ မကြာမီပင် ဟန်ချက်တင်ကို အမီလိုက်နိုင်ပေတော့မည်။

ထိုအခိုက်မှာပင် ဟန်ချက်တင်၏ ကိုယ်ခန္ဓာသည် ရုတ်တရက် လေထဲသို့ မြောက်ကြွတက်သွားသည်။ မြေပြင်မှာ ခြေတင်ကာ ပြေးလွှားနေခြင်း မဟုတ်သည့်အတွက် ခြေသံလည်း ပျောက်သွားသည်။

ခြေသံကိုနားထောင်ကာ အတင်းပြေး လိုက်နေလေသော ယန်ချန်ကျောင်းမှာလည်း ဦးတည်ပစ်မှတ် ပျောက်သွားသလို ဖြစ်သွားလေတော့သည်။

✸



ရုတ်တရက်တော့ မိမိကိုယ်မိမိ ဘယ်လိုဖြစ်သွားမှန်း ဟန်ချက်တင် မသိ။ လေထဲသို့ မြောက်ကြွတက်သွားပြီး ခဏအကြာတွင်မှ လူတစ်ယောက်က နွယ်ကြိုးကို ခိုလွှဲကာ မိမိအား ဆွဲပွေ့ခေါ်တင်သွားခြင်းဖြစ်ကြောင်း ရိပ်မိနားလည်လာသည်။

လူချင်း ပူးပူးကပ်ကပ်ရှိသည်မို့ နူးညံ့နွေးထွေးသော အထိအတွေ့ကို ခံစားရလေရာ ထိုသူမှာမိန်းမပျိုတစ်ယောက် ဖြစ်သည်ကိုလည်း သိလိုက်ရသည်။

ခိုလွှဲသွားမှုက သစ်ပင်မြင့်ကြီးတစ်ခု၏ ခွကြားဆီသို့ ဦးတည်နေသည်။ မိမိကို ယန်ချန်ကျောင်း၏လက်ထဲမှ လက်မတင်ဆိုသလို ဝင်ကယ်တင်ပေးခဲ့သည့် မိန်းမပျိုသည် လိုင်ယုဝန်ဖြစ်လိမ့်မည်ဟု ဟန်ချက်တင် တွက်လိုက်မိသည်။

လူသူအရောက်အပေါက် ကင်းဝေးသည့် ဤတောထဲတွင် မိန်းမပျိုဟူ၍ လိုင်ယိတင်နှင့် လိုင်ယုဝန်တို့ နှစ်ယောက်သာ ရှိသည်။ လိုင်ယိတင်သည် လိုင်ယုဝန်လောက် ကိုယ်ဖော့ပညာမမြင့်။

သည်လို နွယ်ကြိုးကို ခိုလွှဲလှုပ်ရှားမှုမျိုး လိုင်ယိတင် မလုပ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြောင်း ဟန်ချက်တင် သိသည်။ ထို့ကြောင့် လိုင်ယုဝန် ဖြစ်လိမ့်မည်ဟု တွက်မိသည်။

လိုင်ယုဝန် ဟုတ်,မဟုတ် မေးကြည့်လိုက်ချင်သည်။ သို့သော် မိမိ၏အသံကို ယန်ချန်ကျောင်း ကြားသွားနိုင်သည့် အနေအထား ရှိနေသေးသောကြောင့် ဟန်ချက်တင်သည် မေးလိုလှသော်လည်း မမေးဘဲ အောင့်အည်းနေရသည်။

သစ်ပင်မြင့်ကြီး၏ ခွဆုံနေရာတစ်ခုဆီသို့ ရောက်သွားသည်။ ဟန်ချက်တင်လည်း သစ်ပင်ခွဆုံနေရာတွင် ကျကျနန ရပ်နေလိုက်သည်။ သူ့ကိုကယ်တင်ပေးသည့် မိန်းမပျိုကလည်း သူ့ဘေးနားတွင် ရပ်နေသည်။

လူချင်းပူးပူးကပ်ကပ် မဟုတ်သော်လည်း နီးတော့နီးကပ်နေသည်။ မိန်းမပျို၏ ကိုယ်ငွေ့နွေးနွေးများ ရိုက်ခတ်မှုကို သိနေသည်။ မိန်းမပျို ကိုယ်သင်းရနံ့လေးကိုလည်း ရှူမိ၏။ အသက်ရှူသံကိုလည်း ကြားရသည်။

နှစ်ယောက်သား အသံမပြုဘဲ ငြိမ်၍နေကြသည်။ ခဏကြာပြီး ဟန်ချက်ကျောင်းလည်း အဝေးသို့ ရောက်သွားလောက်တော့မှ ဟန်ချက်တင်က တီးတိုးလေသံဖြင့် မိမိသိလိုသည်ကို မေးလိုက်သည်။



"ယုဝန် မဟုတ်ပါဘူးကွ ... တို့ပါ"

အသံကြားရတော့မှပင် မိမိကို ကယ်တင်ခေါ်ဆောင်ခဲ့သူသည် ရှားလူဖြစ်ကြောင်း ဟန်ချက်တင် သိရလေတော့သည်။

"ဟာ ... မမကိုး၊ မမက ဘယ်လိုလုပ်ပြီး ဒီနေရာရောက်နေရတာလဲ"

"ဒီလိုပဲပေါ့ကွာ၊ ယုဝန်ဆိုတာက ဘယ်သူလဲ၊ မင်း နောက်ယောင်ခံပြီး လိုက်နေတဲ့ ကောင်မလေးလား"

ရှားလူသည် ဟန်ချက်တင်မေးသည်ကို ရေရေရာရာမဖြေဘဲ မေးခွန်းသာ ပြန်ထုတ်သည်။ မိမိ၏ ပင်ကိုသဘာဝအလှအပများကို ယောကျ်ားသားများ ကြည့်ရှုမြင်တွေ့သွားခဲ့မှုတွက် ရှားလူအတော်ကို ရှက်နေခဲ့သည်။ သူမကို ထိုသို့သော အခြေအနေမျိုးဖြစ်ရလေအောင် အတင်းအကျပ် အနိုင်ကျင့် လုပ်ဆောင်ခဲ့ကြသည့် ယောကျ်ားကြီး သုံးယောက်နောက်သို့ မရမက လိုက်ကာ အပြစ်ဒဏ်ခတ် ချေမှုန်းခဲ့သည်။

သူမ၏ ပင်ကိုသဘာဝအလှအပများကို မြင်ခဲ့တွေ့ခဲ့ကြသူများထဲတွင် ဟန်ချက်တင် ပါဝင်နေသော်လည်း ဟန်ချက်တင်နှင့်ပတ်သက်သည့် အနေအထားကတော့ တစ်မျိုးတစ်မည် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်က သူမ အနိုင်ကျင့် သတ်ဖြတ်ခံရမည့်အဖြစ်မှ ကယ်တင်ပေးခဲ့သည်။ လူယုတ်မာ သုံးယောက်နောက်သို့ အတင်းလိုက်လံ ချေမှုန်းပြီး သူမကိုယ်တိုင်လည်း ဒဏ်ရာရကာ လွင်တီးခေါင်ဒေသ ကျောက်တောင်ချွန်ထက်ရှိ လိုဏ်ဂူထဲတွင် အစာငတ်ရေငတ်နှင့် သေဘေးကြုံရတော့မည့်အချိန်တွင်လည်း ဟန်ချက်တင် ရောက်လာကာ ကူညီကယ်တင်ပေးခဲ့ပြန်သည်။

ဟန်ချက်တင်သည် သူမ၏အရှက်နှင့်အသက်ကို ကာကွယ်ပေးခဲ့သည့် ကျေးဇူးရှင်ဖြစ်သည်။ ထို့ပြင် မိမိ၏ ပင်ကိုအလှကို ရှုမြင်ခဲ့ရပြီးဖြစ်သည့် ဟန်ချက်တင်အပေါ် မိန်းမသားတို့၏ စိတ်နေသဘောအရ တွယ်ငြိနေမှုလည်း ရှိသည်။

ထိုစိတ်အခြေခံဖြင့် ရှားလူသည် ဟန်ချက်တင်နောက်မှ လိုက်လာခဲ့မိသည်။ ရှားလူသည် အနောက်ပိုင်းသဲကန္တာရတွင် လှည့်လည် ကျက်စားနေထိုင်သော ဒိုင်လူမျိုးစုမှ ဖြစ်သည်။ အန္တရာယ်အငွေ့အသက်များကို ကြိုတင်ခံစားသိရှိတတ်သည့် ပင်ကိုဗီဇအရပင် ပေ့ါပါးသွက်လက်စွာ လှုပ်ရှားသွားလာနိုင်စွမ်းရှိသည်။

မနောငြိမ်းချမ်း ချောက်ကမ်းပါးအစွန်းနားသို့ ရောက်သည်နှင့်ပင် အန္တရာယ်ကြီးကြီးမားမား ရှိနိုင်ကြောင်း ခံစားသိရှိသည်။ ထို့ကြောင့် ချောက်ကမ်းပါးအောက်သို့ မဆင်းတော့ဘဲ အပေါ်မှသာ



အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

သူမ ကြိုတွက်မိသည့်အတိုင်း ဟန်ချက်တင် အန္တရာယ်ကြုံကာ ဒရောသောပါး ပြေးတက်လာရာ အသင့်ရှိနေသော ရှားလူက အချိန်မီ ဝင်ကယ်တင်ဆွဲခေါ်လာနိုင်ခြင်း ဖြစ်သည်။

ဟန်ချက်တင်နောက်သို့ လိုက်လာခဲ့မိသည့် အကြောင်းရင်းမှန်ကို ရှားလူအနေဖြင့် ထုတ်ဖော်ပြောရခက်နေသည်။

"အင်း ဟုတ်တယ် ... မမက ယုဝန်ကို သိလို့လား"

ဟန်ချက်တင်က ပြောသည်။

"မသိပါဘူးကွာ၊ မင်းပြောလို့သာ နာမည်ကြားဖူးတာပါ၊ မင်း နောက်ယောင်ခံလိုက်နေတဲ့ လူစုထဲမှာ မိန်းကလေးနှစ်ယောက်ပါနေတာကိုတော့ တို့တွေ့လိုက်မိပါရဲ့၊ ဘယ်တစ်ယောက်က ယုဝန်ဆိုတာလဲ"

ဟန်ချက်တင်အပေါ် တွယ်ငြိနေမိသော ရှားလူသည် ယုဝန်ဆိုသော မိန်းကလေးအကြောင်းကို သိလိုသည်။ မသိမသာ စပ်စုလိုက်သည်။

"အသက်ငယ်ငယ် တစ်ယောက်ပါ"

"ရုပ်လည်းချောတယ် မဟုတ်လား"

"အင်း ... ချောတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှားလူ၏ စိတ်ထဲတွင် ယုဝန်ဆိုသောမိန်းကလေးအပေါ် မနာလိုသလိုလို ဖြစ်ရသည်။

"ယန်ချန်ကျောင်းတော့ အဝေးကို ရောက်သွားပြီ ထင်တယ်"

ဟန်ချက်တင်က ပြောသည်။

"စောစောက မင်းနောက်ကို သဲကြီးမဲကြီးလိုက်နေတာ ယန်ချန်ကျောင်းလား"

ရှားလူသည် အနောက်ပိုင်းသဲကန္တာရမှ ဖြစ်သော်လည်း အလယ်ပိုင်း သိုင်းလောကနှင့် အဆက်အသွယ် အသွားအလာရှိသည်မို့ ယန်ချန်ကျောင်းအကြောင်း အနည်းအကျဉ်း သိသည်။

"ဟုတ်တယ်"

"ဒီလူရမ်းကားကြီး ပျောက်နေတာ ကြာပြီမဟုတ်လား၊ ဘယ်လိုကနေပြီး ပြန်ပေါ်ထွက်လာတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး၊ ချောက်ကမ်းပါးအောက်က တောင်ကြားလွင်ပြင်မှာ သူနဲ့ ထင်းမူထန်းတိုက်ခိုက်နေကြတာ တွေ့ရတာပဲ"

"ထင်းမူထန်းပါ ပေါ်ထွက်လာတယ် ... ဟုတ်လား၊ သူတို့ဘာတွေပြောကြပြီး ဘယ်လိုတိုက်ခိုက်ကြတာလဲ"



ရှားလူကို ကြည့်ရသည်မှာ ထင်းမူထန်းနှင့် ယန်ချန်ကျောင်းတို့အပေါ် အတော်ပင် စိတ်ဝင်စားနေပုံရသည်။

"သူတို့ တိုက်ခိုက်ကြတာကိုပဲ ကျွန်တော် တွေ့ရတာ၊ ထင်းမူထန်း အရေးနိမ့်သွားပြီး ယန်ချန်ကျောင်းက ယုဝန်တို့ကို လိုက်ရှာရန်ပြုမယ့်အခြေအနေရှိလို့ သူ့ကို လမ်းလွဲသွားရအောင် မျှားခေါ်ထုတ်လာခဲ့တာ၊ ကံကောင်းလို့ ကျွန်တော်တောင် သူ့လက်ထဲ ရောက်တော့မလို့၊ မမဝင်ကူညီပေလို့သာ ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ကွာ ... တို့ကိုလည်း မင်းက ကူညီပေးခဲ့တာပဲဟာ"

ထိုစကားပြောလိုက်ချိန်တွင် မိမိ ပင်ကိုယ်သဘာဝ အလှအပတိုင်းရှိကာ လူယုတ်မာများ၏ အနိုင်ကျင့်စော်ကားခံရတော့မည့် အခြေအနေတွင် ဟန်ချက်တင် ဝင်ရောက်ကူညီကာ ကြိုးများဖြတ်တောက်ပေးခဲ့မှုကို ပြန်တွေးမိကာ ရှားလူမှာ ထူပူဖိန်းရှိန်းလျက် မျက်နှာရဲခနဲဖြစ်သည်။

မှောင်နေသောကြောင့် ရှားလူ၏ ရှက်စနိုးအသွင်ကို ဟန်ချက်တင် မမြင်ပါ။

"ကျွန်တော် ချောက်ကမ်းပါးအောက်ကို ပြန်ဆင်းမယ်"

"ဘာလုပ်ဦးမလို့လဲ ... တို့ ဒီက အမြန်ထွက်သွားကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းမယ်"

"ဟာ ... ထွက်သွားလို့မဖြစ်ဘူး၊ ယုဝန်ချောက်ကမ်းပါးအောက်မှာ ရှိနေတာ၊ သွားရှာရမှာပေါ့၊ ကဲ ... ကျွန်တော် သွားပြီ"

ပြောပြောဆိုဆို ဟန်ချက်တင် သစ်ပင်အောက်သို့ ဆင်းသည်။

"ဟေ့ ... တို့လည်းလိုက်မယ်"

ရှားလူနှင့်ဟန်ချက်တင်တို့နှစ်ယောက် ချောက်ကမ်းပါးအောက်သို့ ဆင်းလာကြသည်။ ဟန်ချက်တင်က လိုင်ယုဝန့်တို့၏ ခြေရာကို ကောက်နိုင်ရန် ကြိုးစားသည်။ အမှောင်ထုကြီးစိုးနေသောကြောင့် ဘာမျှအရာမရောက်။

"ဒီလောက် မှောင်နေတာ ဘာမှ ရှာလို့ရနိုင်မှာ မဟုတ်ဘူး၊ မိုးလင်းတဲ့အထိ စောင့်လိုက်ပါလား"

ရှားလူက အကြံပေးသည်။ တကယ်တော့ လိုင်ယုဝန်ကို လိုက်ရှာရန် ရှားလူ သိပ်စိတ်မပါပေ။ သည်နေရာမှ ပြန်ထွက်ကာ သွားချင်သည်။ သို့သော် ဟန်ချက်တင်က စိတ်အားထက်သန်နေရာ ဘယ်လိုမှ ခေါ်သွား၍ ရမည်မဟုတ်ကြောင်း ရိပ်မိသည့်အတွက် မတတ်သာသည့်အဆုံး အကူအညီ အကြံဉာဏ်ပေးရလေတော့သည်။



ဟန်ချက်တင်မှာ လိုင်ယုဝန်အတွက် စိုးရိမ်နေမိသည်။ သို့သော် ရှားလူပြောသည်ကလည်း လက်ရှိအခြေအနေတွင် မှန်နေသောကြောင့် စိတ်ကိုကြိုးစားဖြေသိပ်လျက် မိုးလင်းလာချိန်ကို စောင့်ရလေတော့သည်။

ရှားလူက ဟန်ချက်တင်နှင့် ပူးပူးကပ်ကပ်ဆိုသလို နေသည်။ ဟန်ချက်တင်မှာမူ လိုင်ယုဝန်အတွက် စိုးရိမ်ပူပန်စိတ်များနေရာ ရှားလူ၏ ပူးပူးကပ်ကပ် နေလာမှုကို သတိမမူခဲ့ပေ။

မကြာမီ မိုးလင်းလာသည်။ အလင်းရောင်လေး စရသည်နှင့် ဟန်ချက်တင်သည် ခြေရာကောက် ရှာဖွေမှု လုပ်လေတော့သည်။ ဖြောင်းဆန်အောင် ပြေးလွှားလှုပ်ရှားခဲ့သည်မို့ ခြေရာ လက်ရာများက အတော် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်။

ဟန်ချက်တင်က ကြိုးစားရှာဖွေရာ နောက်ဆုံးတွင် လိုင်ယုဝန်၏ ခြေရာကိုကောက်နိုင်သည်။ ကောက်မိသောခြေရာအတိုင်း လိုက်သွားရာ တောင်ကြားလွင်ပြင်တစ်နေရာတွင် လိုင်ယုဝန်နှင့် ဆုံတွေ့ကြလေတော့သည်။

"ဟေ့ ... ယုဝန် ယုဝန်"

ဟန်ချက်တင်သည် ပါးစပ်မှ အော်ခေါ်ရင်း လိုင်ယုဝန်ရှိရာသို့ ပြေးသွားသည်။ လိုင်ယုဝန်ကို အသက်အန္တရာယ်ကင်းစွာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဝမ်းသာကာ စိတ်လည်း အရမ်းလှုပ်ရှားနေသည်။

"ချက်တင် ချက်တင် နှင် နှင်"

လိုင်ယုဝန်ကလည်း ခေါ်ကာ အပြေးလေးလာသည်။ အတူပါလာသူများနှင့် လူစုကွဲကာ မိမိတစ်ယောက်တည်း စိုးရိမ်ထိတ်လန့်နေချိန်တွင် သူငယ်ချင်း ဟန်ချက်တင်နှင့်တွေ့ရသည့်အတွက် လိုင်ယုဝန် ဝမ်းသာအားတက်မိသည်။

အပြေးပင် လာကြသူနှစ်ယောက် ဆုံမိသောအခါ အလိုလိုပင် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်မိလိုက်ကြသည်။ လိုင်ယုဝန် ဆိုလျှင် ရှိုက်ကြီးတငင်ငင် ငိုသည်။

ငယ်စဉ်က အတူတူဆော့ကစားလျက် အတူတူကြီးပြင်းလာခဲ့ကြသော ငယ်သူငယ်ချင်းများမို့ လိုင်ယုဝန်နှင့် ဟန်ချက်တင်တို့သည် ရင်းရင်းနှီးနှီး ရှိကြပါသည်။ သို့သော် သည်လို အားရပါးရ ပွေ့ဖက်မှုမျိုးတော့ မလုပ်ဖူးခဲ့ကြပါ။

ယခု နှစ်ယောက်လုံး ဝမ်းသာလှသည့်အတွက် ပေါက်ကွဲထွက်သည့်အနေဖြင့် ပွေ့မိဖက်မိကြခြင်းဖြစ်၏။ ထိုအဖြစ်ကို မြင်ရသော ရှားလူမှာမူ ရင်ထဲ နင့်သလိုလို ခံစားရသည်။' မျက်နှာလွှဲမိသည်။ နောက်တော့ ခပ်ဝေးဝေးသို့ ထွက်လာခဲ့မိသည်။

ခဏအကြာတွင် လိုင်ယုဝန်သည် ဟန်ချက်တင်ကို ပွေ့ဖက်



ထားသည့် လက်များကို ဖြေချသည်။ ဟန်ချက်တင်၏ ရင်ခွင်မှလည်း ဖယ်ခွာထွက်သည်။

ဟန်ချက်တင်ကလည်း လွှတ်ပေးလိုက်သည်။ နှစ်ယောက်သား နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်မိကြပြန်သည်။

"နှင် ... ဘာမှ မဖြစ်ဘူးနော်"

ခေတ္တမျှ နှုတ်ဆိတ်နေပြီးနောက် ဟန်ချက်ဟင်က မေးသည်။

"အေး ... ဘာမှမဖြစ်ဘူး၊ အရမ်း စိတ်လှုပ်ရှားပြီး ကြောက် တော့ ကြောက်နေတယ်ဟာ"

"မကြောက်ပါနဲ့တော့၊ ယန်ချန်ကျောင်းဆိုတဲ့ လူရမ်းကားကြီး အဝေးကို ထွက်သွားပါပြီ"

ထိုအချိန်တွင် သူတို့အနားသို့ ရှားလူရောက်လာသည်။ ဟန်ချက်တင်နှင့်လိုင်ယုဝန်တို့ ပွေ့လား ဖက်လား မရှိကြတော့သည့်အပြင် ယန်ချန်ကျောင်းတို့ တိုက်ခိုက်ခဲ့ကြပုံအကြောင်းများကိုလည်း မေးမြန်းစပ်စုလိုသောကြောင့် ဖြစ်သည်။

စောစောပိုင်းတုန်းက စိတ်လှုပ်ရှား ဝမ်းသာနေခဲ့သည်မို့ လိုင်ယုဝန်သည် ရှားလူကို သတိမထားမိခဲ့ပေ။ ယခု အနားကိုရောက်လာတော့မှ အကဲခတ်သလို တစ်ချက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မိတ်ဆက်ပေးရဦးမယ်၊ ဒါက ယုဝန်လေ၊ လိုင်ယုဝန်က ကျွန်တော့်ရဲ့ ဟို သူငယ်ချင်းမလေးပါ၊ ယုဝန်ရေ ဒီမမက ရှားလွှတ်ဲ၊ ငါ့မိတ်ဆွေဆိုပါတော့"

ဟန်ချက်တင်က မိန်းမပျိုနှစ်ယောက်ကို မိတ်ဆက်ပေးသည်။ မိန်းကလေးများပီပီ ရှားလူက မိမိအပေါ် သိပ်ကြည်ကြည်လင်လင် မရှိသည်ကို လိုင်ယုဝန် အကဲခတ်မိသလို ရှားလူကလည်း မိမိကို လိုင်ယုဝန် သံသယရှိနေသည့်အသွင်ကို နားလည်လိုက်သည်။

သို့သော် မိတ်ဆက်စကားများကိုတော့ နှစ်ယောက်လုံး ယဉ်ယဉ်ကျေးကျေး ပြောကြသည်။

"နင်တို့က ဘယ်လိုလုပ်ပြီး ယန်ချန်ကျောင်းတို့နဲ့ ပြဿနာဖြစ်ရတာလဲ"

မိတ်ဆက်စကားများ ပြောဆိုကြပြီးနောက် ဟန်ချက်တင်က လိုင်ယုဝန်ကို မေးလိုက်သည်။

"ဘယ်လိုမှ ပြဿနာဖြစ်တာ မဟုတ်ဘူး၊ ငါတို့ ဒီတောင်ကြားလွင်ပြင်ထဲ ဝင်မိပြီး မကြာခင် သူတို့နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်ကြတာကို မြင်ရတာပဲ၊ ဒါကြောင့် အသာပုန်းပြီး ကြည့်နေခဲ့ကြတာ၊ ယန်ချန်ကျောင်းက သိသွားပြီး လိုက်ရှာလို့ အကုန်ရှုပ်ကုန်တာ"

"ဒီလူရမ်းကားကြီး နှစ်ယောက်က ဘယ်လိုလုပ်ပြီး ဒီတော



ထဲ တောင်ထဲက လူသူအရောက်အပေါက်မရှိတဲ့နေရာမှာ လာပြီး တိုက်ကြခိုက်ကြတာလဲ"

"သူတို့ပြောကြတဲ့ စကားတွေအရဆိုရင်တော့ ယန်ချန်ကျောင်းက ဒီမှာလာစောင့်နေပြီး ထင်းမူထန်းရောက်လာအောင် သတင်းအစတွေ ပေးပြီး မျှားခေါ်ပြီး ရင်ဆိုင်တိုက်တာ"

"ဘာကြောင့် တိုက်ခိုက်ကြတယ်ဆိုတာကိုရော နင်သိလိုက်ရသလား"

"ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးတွေကြောင့်လေ၊ တစ်ယောက်မှာရှိနေတဲ့ ဆေးလုံးကို တစ်ယောက်က အရယူဖို့ တိုက်ခိုက်ကြတာပေါ့"

ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးဆိုသည့်စကားကို ကြားရသောအခါ ရှားလူ၏မျက်နှာအမူအရာ တစ်မျိုးဖြစ်သွား၏။ လိုင်ယုဝန်နှင့် ဟန်ချက်တင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရာ ရှားလူ၏ မျက်နှာအမူအရာ အပြောင်းအလဲကို မသိမမြင်လိုက်ကြပေ။

"ထင်းမူထန်း အရေးနိမ့်သွားတယ်ဆိုတော့ သူ့ဆီက ဆေးလုံးတွေကို ယန်ချန်ကျောင်း ရသွားပြီပေါ့၊ ဟုတ်လား"

ဟန်ချက်တင်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မရဘူးဟ၊ ဆေးလုံးရှာမတွေ့လို့ အဲဒီလူကြီး ဒေါသထွက်ပြီး ငါတို့ကို လိုက်ရှာတာ"

"ထင်းမှူထန်းဆီမှာရှိနေတဲ့ ဆေးလုံးတွေက ဘယ်ရောက်သွားလို့လဲ"

"ငါက ဘယ်လိုလုပ်ပြီး သိမှာလဲဟ၊ အဝေးကပဲ ချောင်းကြည့်နေရတဲ့ဟာ"

ရှားလူရှိနေသောကြောင့် ဂမုန်းဖြူ ဆေးလုံးလေးများ မိမိလက်ထဲ ရောက်နေကြောင်းကို လိုင်ယုဝန်က လျှို့ဝှက်ကာ ကြည့်ကောင်းအောင် လိမ်လွဲပြောလိုက်သည်။

"ကိုင်း ... လာ၊ ဒါ တို့သွားကြရအောင်"

"ဘယ်ကိုသွားမှာလဲ"

"နင့်ကို အိမ်ပြန်ပို့ပေးမယ်လေ"

"ဟာ ... ပြန်လို့ ဘယ်ဖြစ်မှာလဲ၊ ငါတို့ ခရီးထွက်လာတဲ့ ကိစ္စမှ မပြီးသေးတာ"

"ကိစ္စမပြီးသေးပေမယ့် နင်တို့က လူစုကွဲကုန်ကြပြီပဲ၊ ဆက်သွားလို့မှ မဖြစ်တော့တာ"

"လူစုကွဲသွားတာများ ပြန်လိုက်ရှာလို့ ရတာပဲဟာ"

"ပြန်လိုက်ရှာရင်း ယန်ချက်ကျောင်းနဲ့ တိုးနေဦးမယ်"



"ဒါကတော့ သတိထားပြီး ရှာမှာပေါ့၊ ဒါနဲ့ နေပါဦး ... နင်က ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ဒီနေရာကိုရောက်လာတာလဲ"

"နင့်နောက်ကနေ လိုက်လာတာပေါ့"

"နင် တော်တော်ဆိုးပါလား၊ ငါတို့က မိသားစုကိစ္စကြောင့် ခရီးထွက်လာတာ၊ ဒီလိုနောက်က တကောက်ကောက်လိုက်လာတာ ဘယ်ကောင်းမှာလဲ ... တကယ်ပါပဲ"

လိုင်ယုဝန်က ခပ်မာမာ ပြစ်တင်ပြောဆိုလိုက်ရာ ဟန်ချက်တင် မျက်နှာလေးငယ်သွားသည်။ လိုင်ယုဝန် စိတ်ဆိုးအပြစ်တင်သည်ကို ဟန်ချက်တင် မခံယူလိုပါ။

"သူက မင်းအတွက် စိုးရိမ်ပြီး ကူညီစရာရှိ ကူညီရအောင် လိုက်လာတာပါ၊ သူက ကြားဝင်ပြီး မျှားခေါ်ထုတ်မပေးရင် ဟိုလူရမ်းကားကြီး ဒီချောက်ကမ်းပါးထဲက ထွက်သွားမှာမဟုတ်ဘူး၊ မင်းက သူ့ကို အပြစ်တင်ဖို့ မသင့်ဘူး"

ရှားလူက ကြားဝင်ပြောသည်။ မဆီမဆိုင် ဝင်ပြောလာမှုကြောင့် လိုင်ယုဝန် မကျေမနပ်ဖြစ်သည်။ သို့သော် ရှားလူကို အရေးမစိုက်သည့်အသွင် ပြချင်သောကြောင့် ဘာမျှ ပြောမနေတော့။ ဟန်ချက်တင်ကိုသာ လှမ်း၍ ပြောသည်။

"အစ်ကိုကြီးတို့ အစ်ကိုလေးတို့နဲ့ ပြန်မဆုံရသေးခင်တော့

www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကို အဖော်ပြုပြီး လိုက်ပေးဦး"

ဤသို့ ပြောလိုက်ခြင်းသည် ဟန်ချက်တင်ကို အတူခေါ်လိုမှုထက် ဟန်ချက်တင်အပေါ် မိမိက မည်မျှ ရင်းနှီးပိုင်နိုင်မှုရှိကြောင်း ရှားလူသိရအောင် ပြလိုက်သည့်သဘောက ပိုနေသည်။

ပြောရင်း ရှားလူကို တစ်ချက် မျက်လုံးဝင့်ကြည့်သည်။ ရှားလူ၏မျက်နှာ အနည်းငယ် တင်းမာသယောင်ဖြစ်သည်ကို တွေ့ရတော့ လိုင်ယုဝန် ကျိတ်၍ သဘောကျသည်။

"ဟိုလူနှစ်ယောက်ကို နင်က အစ်ကိုကြီးအတွက် အစ်ကိုလေးတွေတောင် ခေါ်နေပြီလား"

ဟန်ချက်တင်က မကျေနပ်သလို ပြောသည်။

"သူတို့က အစ်ကိုအရွယ်တွေပဲ၊ အစ်ကိုခေါ်တာ ဘာဖြစ်သလဲ"

"ဒီလူနှစ်ယောက်ကို ငါကြည့်လို့ မရဘူး"

မိမိနှင့်ခင်မင်သော ယောက်ျားပျိုများအပေါ် ဟန်ချက်တင် ကြည့်မရသည်မှာ လိုင်ယုဝန်အတွက် မဆန်းတော့ပါ။ ဟန်ချက်တင် မကျေမနပ် ဖြစ်သွားသည်ကို အရေးမထားဘဲ တစ်ချက်ပင် ရယ်လိုက်လေသေးသည်။

"ကဲ ... ကြည့်မရတာတွေ ထားလိုက်၊ နင် ငါနဲ့အတူ လိုက်



မလား မလိုက်ဘူးလားသာပြော"

"လိုက်မှာပေါ့ဟ"

"ဒီလိုလုပ်စမ်းပါ ... မမရော ကျွန်မနဲ့လိုက်အဖော်လုပ်ပေးမလားဟင်"

လိုင်ယုဝန်က ဟန်ချက်တင်ပခုံးကို လက်ဖြင့် အသာပုတ်လိုက်ပြီးမှ ရှားလူဘက်လှည့်ပြီး ပြောသည်။ ဤဖိတ်ခေါ်စကားသည် တကယ်တော့ ရှားလူကို ဖယ်ထုတ်လိုက်ခြင်းသာ ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် ရှားလူသည် ဟန်ချက်တင်နှင့် အတူ လိုက်ပါချင်သည်။ သို့သော် ထိုသို့ လိုက်ပါခြင်းသည် လိုင်ယုဝန်ကို အဖော်ပြုပေးသည့်သဘောမျိုး ဖြစ်မည်ကိုတော့ မလိုလား။ လိုင်ယုဝန်က မိမိအပေါ် ကြောသလိုလုပ်လာမှုတွင် တိုးဝင်မသွားချင်။ မခံချိမခံသာလည်း အတော်ဖြစ်မိသည်။

"တို့ သွားစရာရှိသေးတယ် ... နှုတ်ဆက်ခဲ့ပါတယ်"

ရှားလူ နှုတ်ဆက်စကားအမြန်ဆိုကာ ချာခနဲလှည့်ထွက်သွားသည်။

"လာ ... ငါတို့ သွားကြမယ်"

လိုင်ယုဝန်က ဟန်ချက်တင်၏ ညာလက်ကို ဆုပ်ကိုင်ကာ အတူယှဉ်၍ လျှောက်လှမ်းထွက်သွားသည်။ ကျောခိုင်းထွက်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ထိုအခြင်းအရာကိုတော့ ရှားလူ မြင်ဖြစ်အောင် မြင်လိုက်မိလေသည်။

"ခဏာလောက်နားပြီး တစ်ခုခု စားပါဦးလား၊ နင်လည်း တစ်ညလုံးလိုလို ပြေးလွှားလှုပ်ရှားနေရတာ မောရောပေါ့၊ ငါ့မှာ နင်ကြိုက်တတ်တဲ့ သီးစုံလမုန့်ပါတယ်"

ဟန်ချက်တင်၏ ပြောသံကိုလည်း ကြားမိသည်။

"ကောင်းသားပဲ ... ဟိုရေအိုင်အစပ်နားက ကျောက်တုံးကြီးဘေးနားမှာ သွားစားကြတာပေါ့၊ ငါကြိုက်တတ်တဲ့ သီးစုံလမုန့် ယူလာပေးလို့ အရမ်းကျေးဇူးတင်တယ်နော်"

လိုင်ယုဝန်ကလည်း ရှားလူ ကြားရလေအောင် အသံကျယ်ကျယ်လေးနှင့်ပြောလိုက်လေသည်။

✵ ✵ ✵



အခန်း (၇)

ဒေါသထွက်ထွက်နှင့် လျှောက်လှမ်းနေသော ရှားလူ၏ ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သည်။ ရှေ့ဘက် မလှမ်းမကမ်းတွင် လူကြီးတစ်ယောက် ထိုင်နေသည်ကို ရှားလူ တွေ့ရသည်။ ရှားလူ၏ စိတ်ထဲတွင် ထင့်ခနဲလည်းဖြစ်သည်။ ထိုလူကြီးသည် ယန်ချန်ကျောင်း ဖြစ်ရမည်ဟုလည်း တွေးမိလိုက်သည်။

ရှားလူသည် ယန်ချန်ကျောင်းကို မမြင်ဖူးပါ။ သို့သော် ထိုလူကြီး၏ အသက်အရွယ်နှင့် အသွင်အပြင်ကို ထောက်ရှုကာ ယန်ချန်ကျောင်း ဖြစ်လိမ့်မည်ဟု မှန်းဆလိုက်ခြင်းပင်။

ရှားလူ၏ခေါင်းထဲသို့ အကြံတစ်ခု ရုတ်တရက် ဝင်လာသည်။ ထိုအကြံ ဝင်လာသည်နှင့် ယန်ချန်ကျောင်း ဖြစ်ဖို့များသော လူကြီးနှင့် ဆုံတွေ့ရမှုကြောင့် ကြောက်လန့်စိုးထိတ်သည့်စိတ်များ ပပျောက်ကုန်သည်။ သည်လို ဆုံတွေ့ရမှုသည် မိမိအတွက် အခွင့်ကောင်းတစ်ခုဟုပင် ထင်မိသည်။

"ရှင်က ယန်ချန်ကျောင်း မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှားလူသည် ယန်ချန်ကျောင်းရှိရာသို့ ခပ်တည်တည် လျှောက်လှမ်းသွားကာ မေးလိုက်သည်။ ရှားလူ၏မှန်းဆချက် မလွဲပါ။ ထိုလူကြီးသည် ယန်ချန်ကျောင်းပင်ဖြစ်သည်။

"အေး ... ဟုတ်တယ်"

ယန်ချောင်ကျောင်းက ရှားလူကို အံ့သြသလို ကြည့်ပြီး ပြန်ဖြေသည်။ သူသည် လူရမ်းကားကြီးတစ်ယောက်ဖြစ်ရာ တော်ရုံတန်ရုံ သိုင်းသမားများပင် သူနှင့် မျက်နှာချင်းမဆိုင်လိုဘဲ ကွင်းရှောင်သွားကြသည်။ ယခု ငယ်ရွယ်သော မိန်းမပျိုလေးတစ်ယောက်က အကြောက်အလန့်မရှိ သူ့အနားသို့ ရဲရဲတင်းတင်း ချဉ်းကပ်လာသည့်အတွက် ယန်ချန်ကျောင်းအဖို့ အတော်ကို ထူးဆန်းနေသည်။

"ရှင်လိုချင်နေတဲ့ ဆေးလုံးတွေ ဘယ်မှာရှိနေတယ်ဆိုတာ ကျွန်မ သတင်းပေးမလို့"

ယန်ချန်ကျောင်း မျက်မှောင်ကြုတ်သွားရသည်။ ဂမုန်းဖြူဆေးလုံးများကို ထင်းမူထန်း၏ ကိုယ်ပေါ်တွင်လည်း ရှာမရ၊ ထင်းမူထန်း၏ တပည့်များကိုလည်း လိုက်ရှာမတွေ့ဘဲ မျက်ခြည်ပြတ်သွားသောကြောင့် ယန်ချန်ကျောင်း အတော်လေး စိတ်ပျက်နေသည်။

ယခုတော့ သတင်းပေးမည့်လူက သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာသည်။



"ဟာ ... ကျေးဇူးပဲ ကျေးဇူးပဲ၊ ဂမုန်းဖြူဆေးလုံးတွေ ဘယ်မှာရှိနေလဲ ... မြန်မြန်ပြောစမ်း"

ယန်ချန်ကျောင်းသည် ရုတ်တရက် ဝမ်းသာသွားကာ သူ့တစ်သက်တွင် တစ်ခါမျှ မဆိုဖူးသော ကျေးဇူးတင်စကားပင် ပြောထွက်သည်။

"ကျွန်မ တစ်ခုတော့ တောင်းဆိုချင်တယ်"

"ရတယ် ရတယ်"

"ဂမုန်းဖြူဆေးလုံးတွေဟာ လိုင်ယုဝန်ဆိုတဲ့ ကောင်မလေးဆီမှာ ရှိနေတယ်၊ အဲဒီကောင်မလေး အခု ရေအိုင်ကြီးဘေးက ကျောက်တုံးကြီးအနားမှာ ရှိနေတယ်"

ယန်ချန်ကျောင်း ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထသည်။ ရေအိုင်ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားမည်ပြုပြီးမှ မိန်းမပျိုလေး၏ တောင်းဆိုစရာရှိသည်ဟူသော စကားကို သတိရကာ တုံ့ရပ်သည်။

"နင် တောင်းဆိုချင်တာက"

"လိုင်ယုဝန်နဲ့အတူ ရှိနေတဲ့ ဟန်ချက်တင်ဆိုတဲ့ ကောင်လေးကို ဘာမှ အန္တရာယ်မပေးဖို့ဘဲ"

"စိတ်ချ ... ဒီကောင်လေးကို ငါ လက်ဖျားနဲ့တောင် မနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယန်ချန်ကျောင်းသည် ကတိစကားပေးပြီးနောက် လေ၏ လျှင်မြန်ခြင်းဖြင့် တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ ရှားလူသည် လိုင်ယုဝန်အပေါ် အရမ်းပင် မနာလိုမုန်းတီးနေလေရာ မမျှော်လင့်ဘဲ ယန်ချန်ကျောင်းနှင့် ဆုံမိသောအခါ လိုင်ယုဝန်ကို အကောက်ကြံဖယ်ရှားပစ်နိုင်မည့်အကြံရိုင်းတစ်ခု စဉ်းစားမိလျက် ယခုလို ပြောလိုက်ခြင်း ဖြစ်လေသည်။

လိုင်ယုဝန်ထံတွင် ဂမုန်းဖြူဆေးလုံးများ ရှိနေသည်ကိုတော့ ရှားလူ မသိပါ။ ထိုဆေးလုံးများ အခြား တစ်နေရာရာတွင် ရှိနေသည်ဟုသာ ထင်သည်။

ယန်ချန်ကျောင်းက အတင်းအကျပ် တောင်းသောအခါ လိုင်ယုဝန်မှာ သူ့ထံတွင်မရှိသော ဂမုန်းဖြူဆေးလုံးများကို ဘယ်လိုမှ ထုတ်မပေးနိုင်ဘဲ နောက်ဆုံးတွင် ယန်ချန်ကျောင်း၏ လက်ချက်မိသွားလိမ့်မည်ဟုသာ တွက်ထားခဲ့သည်။

သူမ၏စိတ်ထဲတွင် ငြိတွယ်နေသော ဟန်ချက်တင် ဘေးကင်းနိုင်ရေးအတွက်တော့ ယန်ချန်ကျောင်းထံမှ ကြိုတင်ကာ ကတိတောင်းယူထားလိုက်သည်။

✱



သီးစုံလမုန့်စားသောက်ပြီးနောက် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ ထွက်ခွာသွားကြတော့မည်အပြုတွင် သူတို့ ရှေ့မှောက်သို့ ယန်ချန်ကျောင်း ရောက်လာသည်။

ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့နှစ်ယောက်မှာ ရုတ်တရက် မကောင်းဆိုးဝါးကို တွေ့ရသလို တုန်လှုပ်ချောက်ချားသွားကြသည်။

ယန်ချန်ကျောင်းရောက်လာခြင်းသည် သေမင်းရောက်လာခြင်းနှင့် ဘာမျှမခြားနားကြောင်းလည်း သူတို့နားလည်လိုက်ကြသည်။

ဟန်ချက်တင်သည် ဘာမပြောညာမပြောနှင့် ရုတ်ခြည်းပင် မြေအောင်းဓားကို ဆွဲထုတ်လျက် တအားခုတ်ပိုင်းချလိုက်သည်။ အလွန်အမင်း ကြောက်လန့်တုန်လှုပ်နေသော်လည်း မိမိ နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးသော မိန်းကလေးတစ်ယောက်အတွက် စွန့်စားကာကွယ်ပေးတတ်သော ယောကျ်ားပျိုတို့၏ ဗီဇဉာဉ်ဖြင့် အလိုအလျောက် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အသိစိတ်ဖြင့် တိုက်ခိုက်သော သိုင်းကွက်မဟုတ်။ မသိစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တိုက်ခိုက်လိုက်သည့် သိုင်းကွက်ဖြစ်သည်။ ထိုဓားချက်တွင် ဟန်ချက်တင် တစ်သက်တာ လေ့ကျင့်ထားသမျှသော သိုင်းစွမ်းရည်နှင့် အတွင်းအားတို့ အပြည့်အဝ အကုန်အစင်ပါရှိသည့်အပြင် မသိစိတ်၏ ထူးခြားသော စွမ်းရည်များလည်း ပါရှိနေသည်။

မည်သည့်သိုင်းသမားများမှ ဤသည်လိုဓားချက်မျိုး ခုတ်ပိုင်းနိုင်မည်မဟုတ်။ ဟန်ချက်တင်ကိုယ်တိုင်ပင်လျှင် သည်လို ဓားချက်မျိုး နောက်တစ်ကြိမ် ခုတ်ပိုင်းနိုင်မည် မဟုတ်တော့ပါ။

'ဝိုး ဝုန်း'

ဓားခုတ်လိုက်သံကလည်း အတော်ပင် မြည်ဟိန်းသည်။ ဟန်ချက်တင်သည် ရုတ်တရက်ကြီး တိုက်ခိုက်လာမည်ဟု ယန်ချန်ကျောင်း ထင်မထားခဲ့ပါ။ အသက်ငယ်ရွယ်သည့် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့အပေါ် အထင်မကြီးသေးသည့် စိတ်အခံကလည်း ရှိနေသည်။

ထို့ပြင် ယန်ချန်ကျောင်းသည် လိုင်ယုဝန်ထံသို့ ပို၍ အာရုံရောက်နေသည်။ ဂမုန်းဖြူဆေးလုံးများအကြောင်း မေးမြန်းပြီး အရယူရန် စိတ်စောနေသည်။

ဤသို့ဖြင့် ယန်ချန်ကျောင်းမှာ ဘယ်လိုမှ ထင်မထားသော အငိုက်မိခံရမှု အခြေအနေနှင့် ဖြုန်းစားကြီး ရင်ဆိုင်ရလေတော့



သည်။ ဓားချက်ကို သည်အတိုင်း ဟာလာဟင်းလင်းကြီးဆိုသလို ရင်ဆိုင်ရသည်။

လုံးဝ အငိုက်မိသွားခဲ့သော်လည်း အတွေ့အကြုံ ရင့်ကျက်ကာ ရင်ဆိုင်တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည့် ဝါရင့်သမ္ဘာရင့် သိုင်းသမားကြီးတစ်ယောက် ဖြစ်သည့်အတိုင်း အရေးကြုံသောအခါ အလိုအလျောက် တုံ့ပြန်လှုပ်ရှားမှုတော့ ပြုသည်။

အခြေအနေသည် ယန်ချန်ကျောင်းအတွက် ရှောင်တိမ်းရန်လည်းမရ၊ ခုခံဖို့လည်း မဖြစ်၊ တန်ပြန်တိုက်ခိုက်ရန်လည်း အချိန်မရဘဲ တကယ့်ကို အကျဉ်းအကျပ် ဖြစ်နေသည်။

သည်လို အကျဉ်းအကျပ် အခြေအနေအတွက် တစ်ခုတည်းသော လှုပ်ရှားမှုဖြစ်သည့် တိုက်ချက်ကို ရင်ဆိုင်ခံဆောင်ဖို့သာ ရှိတော့သည်။

ယန်ချန်ကျောင်းက ညာလက်သီးဖြင့် သူ့ထံသို့ ခုတ်ပိုင်းချလာသော ဓားရှည်ကို ထိုးထည့်လိုက်သည်။ လက်သီးထိုးချက်တွင် အားအပြည့်ပါရှိနေသည်။

ယန်ချန်ကျောင်း၏ ညာလက်ခလယ်တွင် လက်စွပ်တစ်ကွင်း ဝတ်ထားသည်။ လက်စွပ်ကို အကောင်းစား သံမဏိဖြင့် ပြုလုပ်ထားကာ အတော်လေးလည်း ထူသည်။ ယန်ချန်ကျောင်းက

www.burmeseclassic.com

www.burmeseclassic.com



ထိုသံမဏိလက်စွပ်နှင့် ဓားသွားထိမိအောင် ချိန်ဆကာ ထိုးလိုက်သည်။

လက်သီးထိုးချက်အား ပြင်းထန်သလို အချိန်အဆကလည်း တိကျမှန်ကန်သည်။

'ချွင်'

ဓားသွားကို သံမဏိလက်စွပ်နှင့် ထိမိသွားအောင် တိကျစွာ ထိုးနိုင်သည်။ တော်ရုံကန်ရုံ ဓားကောင်းဓားမြတ်ပင်လျှင် ထိုထိချက်ကြောင့် ကျိုးပဲ့ထွက်သွားနိုင်သည်။

ဟန်ချက်တင် ကိုင်စွဲသည်က သိုင်းလောက၏ ထိပ်တန်းစာရင်းဝင်ဖြစ်သော မြေအောင်းဓားဖြစ်နေသည်။ ဓားသွားကို သံမဏိလက်စွပ်နှင့် ကျကျနန ထိအောင် ထိုးနက်လိုက်နိုင်သော်လည်း မြေအောင်းဓားကိုတော့ ကျိုးပဲ့ပျက်စီးသွားအောင် မလုပ်နိုင်။ မြေအောင်းဓား၏ ထက်မြမာကျောသော ဓားသွားကသာ သံမဏိလက်စွပ်ကို ပြတ်ထွက်သွားအောင် ခုတ်ဖြတ်ပစ်သည်။

ထို့နောက် ခုတ်ချလိုက်သော အားအရှိန်အဟုန်နှင့် ယန်ချန်ကျောင်း၏ လက်သီးထိုးချက်အားတို့ ဆိုင်မိရာမှ ဖြစ်ပေါ်လာသော အားအင်ကြီးကြောင့် ဓားချက်၏ အားအရှိန်အဟုန်မှာလည်း အထူးပင် ပြင်းထန်သွားသည်။



'စွပ်'

ဆက်လက်၍ ခုတ်ပိုင်းကျရောက်လာသည့် ဓားချက်သည် ယန်ချန်ကျောင်း၏ ကိုယ်ပေါ်သို့ ကျရောက်သည်။

"အား"

ဘယ်လိုမျှ ထင်မှတ်မထားခဲ့သော မရှုမလှ အရေးရှုံးနိမ့်ရမှုကြောင့် ယန်ချန်ကျောင်းမှာ မအော်စဖူး အလန့်တကြား အော်ဟစ်မိသည်။ ဟန်ချက်တင်၏ ဓားချက် အပြည့်အဝပင် အပြီးသတ်သည်။

'ဝုန်း'

ယန်ချန်ကျောင်းမှာ အောက်ခြေမှ ဓားထက်ထက်ဖြင့် ခုတ်ဖြတ်ခံလိုက်ရသော ငှက်ပျောပင်လို ယိုင်ပြိုလဲကျသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်နှင့်လိုင်ယုဝန်တို့နှစ်ယောက်လုံး အံ့ဩထိတ်လန့် ကုန်လှုပ်နေကြသည်။

ကျောက်ရုပ်တွေလိုပင် မလှုပ်မယှက် ရပ်နေမိကြသည်။

ယန်ချန်ကျောင်းကို သည်လို ချေမှုန်းပစ်နိုင်လိမ့်မည်ဟု သူတို့ မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။

ဟန်ချက်တင်၏ အံ့ဩတုန်လှုပ်စိတ်လှုပ်ရှားမှုက လိုင်ယုဝန်ထက် ပိုသည်။ သူကိုယ်တိုင် မြေအောင်းဓားဖြင့် ယန်ချန်ကျောင်းကို နှုတ်ပိုင်း ချေမှုန်းပစ်လိုက်သော်လည်း မိမိ ဘယ်လိုဘယ်ပုံ ဓားကွက်ထုတ်ကာ ဘယ်လိုအနိုင်ယူလိုက်နိုင်သည်ကိုတော့ သေသေချာချာ ရှင်းရှင်းလင်းလင်းမသိ။

ယခုအဖြစ်သည် အိပ်မက်လေလား၊ တကယ်လေလားဟုပင် မခွဲခြားနိုင်ဘဲ ဇဝေဇဝါ ဖြစ်နေသည်။ မသိစိတ်၏ အင်အားအစွမ်းကုန် ထုတ်သုံး တိုက်ကွက်ဆင်လိုက်မှုကြောင့် ဟန်ချက်တင်၏ သွေးလေလှုပ်ရှားလည်ပတ်မှုကို့မှာ တစ်မျိုးတစ်ဖုံ ဖြစ်ကုန်သည်။

"သူ သူ … ယန်ချန်ကျောင်း သွားပြီ … ရှုံးသွားပြီ"



မှင်တက်မိကာ မလှုပ်မရှားရှိနေရာမှ အရင်ပြန်သတိဝင်လာသော လိုင်ယုဝန်က ပြောသည်။ ဟန်ချက်တင်၏ ညာလက်မောင်းတို့လည်း ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။ ထိုလှုပ်ယမ်းမှုသည် ဟန်ချက်တင်၏ ရှုပ်ထွေးနေသော စိတ်အာရုံကို လှန်လိုက်သလို ဖြစ်သည်။ တစ်မျိုးတစ်ဖုံ လည်ပတ်သော သွေးလေများ၏ လှုပ်ရှားမှုကိုလည်း ဆွလိုက်သလိုဖြစ်သည်။

"အွတ်"

ဟန်ချက်တင်၏ပါးစပ်မှ သွေးအန်ထွက်သည်။ လူလည်း ယိမ်းယိုင်ကာ လဲကျသည်။

"ချက်တင် ချက်တင် … ဘာဖြစ်တာလဲ"

လိုင်ယုဝန်က စိုးရိမ်တကြီး ရေရွတ်ကာ ဆီး၍ ဖေးမထိန်းပွေ့ထားလိုက်သောကြောင့် ဟန်ချက်တင်မှာ မြေကြီးပေါ် လဲကျမသွားခဲ့ပါ။

ဟန်ချက်တင်၏ တစ်ကိုယ်လုံးသည် မီးကင်ခံထားရသလို ပူနေသည်။ သတိလစ်သလိုလိုလည်း ဖြစ်သည်။ လိုင်ယုဝန်မှာ ထိတ်ပျာပျာနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သည်။

ထို့နောက် မိမိ အရမ်းစိတ်လှုပ်ရှားနေလျှင် ဘာမျှ မလုပ်နိုင်ဘဲ အခက်သာ တွေ့ရမည်ဟု ဆင်ခြင်မိကာ စိတ်ကို အတင်းငြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး တည်ငြိမ်အောင် ထိန်းသည်။ ဟန်ချက်တင်ကို စူးစမ်းစစ်ဆေး ကြည့်သည်။

သွေးလေလည်ပတ်မှု ပုံမှန်မဟုတ်ဘဲ အတွင်းအားလည်း ရှုပ်ထွေးနေသည်ကို တွေ့ရသည်။ ရှိသမျှ အားကုန်အင်ကုန် အစွမ်းကုန် ထုတ်သုံးကာ တိုက်ခိုက်လိုက်ရမှု၏ တုံ့ပြန်ချက်များဖြစ်ကြောင်း နားလည်သိရှိသွားသောအခါ လိုင်ယုဝန်က အရေးပေါ် အတွင်းအား ဖြည့်သွင်းကုသမှုများအဖြစ် လုပ်ပေးလေတော့သည်။

မိုးမြေဓားစံအိမ်နှင့် ဓားသုံးလက်ဂေဟာတို့၏ အတွင်းအား လေ့ကျင့်မှု အခြေခံချင်း အတော်လေး နီးစပ်သည့်အတွက် အရေးပေါ် အတွင်းအား ဖြည့်သွင်းကုသမှုလုပ်ရာတွင် များစွာ လွယ်ကူ အဆင်ပြေသည်။ ထိရောက်မှုလည်း ရှိသည်။

မကြာမီမှာပင် ဟန်ချက်တင်၏ ရှုပ်ထွေးနေသော အတွင်းအားတို့ အဆင်ပြေလာသည်။ သွေးလေလည်ပတ်မှုလည်း ပုံမှန်ဖြစ်လာသည်။ ဦးနှောက်ကြည်လင်ကာ သတိလည်း ကောင်းကောင်းရှိလာသည်။

ကြိုးစားပမ်းစား လုပ်ဆောင်ကုသပေးရမှုကြောင့် လိုင်ယုဝန်မှာတော့ ချွေးတလုံးလုံးဖြစ်အောင်ပင် အတော်ပင်ပန်း၍နေသည်။



"ကျေးဇူးတင်ပါတယ် ယုဝန်ရေ၊ နင် အရမ်းကို ပင်ပန်းသွားမှာပဲနော်"

ဟန်ချက်တင်က ပြောသည်။

"ရပါတယ်ဟာ၊ နင်က အရမ်းကို စွန့်စွန့်စားစားနဲ့ အားကုန်သုံး တိုက်ခိုက်ခဲ့လို့သာ ဒီလိုလူရမ်းကားကြီးရဲ့ ရန်ကို ချေမှုန်းပစ်နိုင်ခဲ့တာ၊ နင့်ကိုတောင် ငါက ကျေးဇူးတင်ရဦးမှာ၊ ရော့ … ဒီမှာ နင့်ဓား၊ သိမ်းထားလိုက်ဦး၊ ဓားကတော့ တကယ့်ဓားကောင်းပဲ"

လိုင်ယုဝန်က မြေအောင်းဓားကို ပြန်ပေးသည်။ ထိုဓားကို မြေအောင်းဓားမှန်းတော့ လိုင်ယုဝန် မသိသေးပေ။

"ကောင်းမှာပေါ့၊ အဲဒါ မြေအောင်းဓားလေ၊ ဒီဓားကြောင့် ယန်ချန်ကျောင်း အရေးနိမ့်သွားရတာပေါ့"

ဟန်ချက်တင်က မြေအောင်းဓားကို ဓားအိမ်ထဲ ပြန်ထည့်သိမ်းရင်း ပြောသည်။

"ဘာ … မြေအောင်းဓားကို … နင် ဒီဓားကို ခိုးယူလာတာတော့ မဟုတ်ပါဘူးနော်"

"နင်ကလည်း ငါ ဒီလိုမျိုးလုပ်ပါ့မလား၊ ဖေဖေကိုယ်တိုင် ပေးလိုက်တာ"

"အဟုတ်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ငါတောင်မှ အံ့ဩသွားရတာ"

"နင့်အဖေ ဘာကြောင့် မြေအောင်းဓား ပေးလိုက်တာလဲ၊ နင် ငါ့နောက်ကို တိတ်တိတ်လေးလိုက်မှာကိုရော နင့်အဖေ သိရဲ့လား"

"သိတယ်လေ၊ သူ့ချွေးမလောင်းလေး ဘေးအန္တရာယ်ကြုံရင် ကာကွယ်ပေးနိုင်အောင် ပေးလိုက်တာဖြစ်မှာပေါ့"

"သွားစမ်း၊ အကောင်းပြောနေတုန်း ဖောက်လာပြီ"

လိုင်ယုဝန်က ဟန်ချက်တင်၏ ညာဘက်ရင်ဘတ်ကို လက်သီးဆုပ်လေးဖြင့် ထုလိုက်သည်။

"အား"

ဟန်ချက်တင် အော်ဟစ်ရင်း ယိမ်းယိုင်သွားသည်။

"ဘာဖြစ်သွားလဲ ... ဘာဖြစ်သွားလဲ"

လိုင်ယုဝန် ထိတ်ထိတ်ပျာပျာ ဖြစ်သည်။ ဟန်ချက်တင်ကိုလည်း ကမန်းကတန်းပင် ဖေးမပွေ့ထားလိုက်သည်။ ဟန်ချက်တင် ဘာမှမဖြစ်ပါ။ လိုင်ယုဝန်ကို စ,လိုသောကြောင့် အရမ်းနာကျင်သွားသည့်အသွင် ဆောင်လိုက်ခြင်းသာဖြစ်သည်။ ပွေ့ထားသော လိုင်ယုဝန်၏ ရင်ခွင်ထဲတွင် ဟန်ချက်တင်က အသာပင် မှိန်း၍ နေသည်။

ဟန်ချက်တင် အတွင်းဒဏ်ဖြစ်ကျန်နေပြီး မိမိထုရိုက်လိုက်



မှုကြောင့် အထိနာသွားလေသည်လားဟု တွေးမိသော လိုင်ယုဝန်မှာ စိတ်မကောင်းဖြစ်နေသည်။ ဟန်ချက်တင်ကို စိုးရိမ်တကြီး ငုံ့အကြည့် အသာမှိန်းနေရာမှ မျက်လုံးလေးဖွင့်၍ ခိုးကြည့်သော ဟန်ချက်တင်၏အကြည့်နှင့် ဆုံမိသည်။ ထိုအခါမှ ဟန်ချက်တင် ဟန်ဆောင်ကြောင်း ရိပ်မိသည်။

"ငါ ... အဟုတ်မှတ်လို့ ... သွားစမ်း"

လိုင်ယုဝန်သည် ဟန်ချက်တင်ကို တွန်းထုတ်ပစ်သည်။ သို့သော် တွန်းထုတ်ပစ်တာ အားလွန်သွားမည်စိုးရိမ်သောကြောင့် ချက်ချင်းပင် ပြန်ထိန်းကာ အသာပင် ဖယ်ခွာလိုက်သည်။ ဟန်ချက်တင်ကတော့ ရယ်ကျဲကျဲ လုပ်နေသည်။

"ဟော ... အခုမှ သတိရတယ်၊ သူ့ဆီမှာ ဆေးလုံးတွေရှာယူရမယ်"

လိုင်ယုဝန်သည် ဟန်ချက်တင်အနားမှ ထရပ်ကာ လဲကျနေသော ယန်ချန်ကျောင်းရှိရာသို့ သွားသည်။ ဟန်ချက်တင်လည်း အသာထလိုက်လာသည်။

လိုင်ယုဝန်က ယန်ချန်ကျောင်း၏ ကိုယ်ပေါ်တွင် လိုက်ရှာကြည့်မည်ပြုပြီးမှ ဟန်ချက်တင်ကို မော့ကြည့်၍ ...

"နင် ရှာပေးလေဟာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲ ... ဟုတ်သားပဲ"

ဟန်ချက်တင်လည်း သည်တော့မှ ဒူးထောက်ချကာ ခါးစည်းနေရာအောက် လျှို့ဝှက်အိတ်ကပ်လေးထဲမှ မဟူရာအစ်လေးတစ်ခု ထွက်လာ၍ ဖွင့်ကြည့်ရာ အနက်ရောင်ဆေးလုံးလေး (၅) လုံး တွေ့ရသည်။

"ဒါ ဂမုန်းနက်ဆေးလုံးတွေပဲ ... ဟန်ကျပြီ"

လိုင်ယုဝန်က ပြောသည်။

"ဂမုန်းနက်ဆေးလုံးတွေပဲရပြီး ဘာလုပ်နိုင်မှာလဲ၊ ဂမုန်းဖြူဆေးလုံးတွေမှ မရှိတာ"

"ငါ့ဆီမှာ ဂမုန်းဖြူဆေးလုံးတွေ ရထားပြီးပြီ ... သိရဲ့လား"

လိုင်ယုဝန်က ခပ်တိုးတိုးပြောလိုက်သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com